www.burmeseclassic.com



ပုံနှိပ်ပြန့်ချိစာမျိုး www.burmeseclassic.com

တမူခွင့်ပြုချက်အမှတ် ၅၀၀၂၃၈၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၈၀၁၀၇၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၃၅၄ ။

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

/ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၁။

၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ

BURMESE CLASSIC .com





# (၁)

မနက်ခင်းဟာ မင်္ဂလာရှိရှိပဲ လန်းဆန်းလို့ နေပါတယ်။ လူတွေအတွက်တော့ မနက်ခင်း ရောက်ပြီဆိုရင် နိုးနိုးကြားကြားနဲ့ တစ်နေ့တာကို ဖြတ်သန်းဖို့ တက်တက်ကြွကြွ ပြင်ဆင်ရပြီပေါ့။

အိမ်တိုင်းမှာ မနက်ခင်း ရောက်ပြီဆိုရင် နာပျော်ဖွယ် တရားသံတွေ ကြားမယ်၊ ကလေးတွေရဲ့ငိုသံတွေလည်း ကြားရမယ်၊ အလုပ်သွားဖို့ ပြင်ဆင်နေသူတွေလည်း ရှိမယ်၊ မနက်စာအတွက် ဈေးဝယ်ချက်ပြုတ်နေရတဲ့ အိမ်ရှင်မတွေလည်း ရှိမယ်၊ မနက်ခင်းရောက်ပြီ ဆိုတာနဲ့ လူတွေအားလုံးဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားရုန်းကန်နေကြပြီမဟုတ်လား။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ်မှာတော့. . .

ရှင်းအောင်ပြောရရင် ဆိတ်ငြိမ်ရပ်ကွက်ထဲက လူချမ်းသာတွေနေတဲ့ တိုက်အိမ်ကြီးတစ်လုံးပါ၊ ခြံထဲမှာလည်း ကားတွေ အစီအရီရပ်ထားကြတယ်၊ ဒီအိမ်ဒီခြံနဲ့ ဒီကားတွေကို အပြင်ဗန်း ကြည့်ရင်တောင် ဘယ်လောက်ချမ်းသာမယ်ဆိုတာ ခန့်မှန်းလို့ ရပါတယ်. . ၊ ဒါထက် အတွင်းပစ္စည်းတွေပါဆိုရင်တော့ ဘယ်လိုမှ ခန့်မှန်းလို့ ရနိုင်တော့မှာ မဟုတ်ဘူး။

အဲဒီအိမ်ထဲမှာ. . .

လူခြောက်ယောက်ဟာ တစ်စုံတစ်ခုကို ပူဆွေးနေတဲ့ မျက်နှာသေတွေနဲ့ ထိုင်နေကြတယ်၊ တစ်ယောက်ကိုတစ်ယောက် မကြာခဏ ကြည့်တယ်၊ ပြီးရင် သက်ပြင်းကိုယ်စီ ချကြတယ်။

BURMESE CLASSIC .com

အဖြစ်ကတော့. . .

မကြာသေးမီကပဲ. . ဒီအိမ်ကြီးရဲ့အရှင်သခင် သူဌေးကြီး ဦးမြမောင် ရုတ်တရက် ကွယ်လွန်သွားခဲ့လို့ပါပဲ၊ ဒီနေ့ဟာ ရက်လည်ပြီး နောက်တစ်ရက်ပါ၊ ဒါကြောင့် အိမ်ထဲမှာ မိသားစုဝင်တွေပဲ ရှိတော့တယ်။

ကွယ်လွန်သူ ဦးမြမောင်ရဲ့မိန်းမ ဒေါ်ခင်ဆင့်၊ ပြီးတော့ သူတို့သားနှစ်ယောက်နဲ့ ဇနီးတွေ၊ နောက်ပြီး အငယ်ဆုံး သမီးတစ်ယောက်လည်း ပါသေးတယ်၊ ခင်ပွန်းအတွက် ဒေါ်ခင်ဆင့် ပူဆွေးနေသလို သားသမီးတွေလဲ ဝမ်းနည်းနေကြတာပဲလေ။

ခုလည်း သားသမီးတွေက အမွေကိစ္စ ပြောချင်လို့ စောင့်နေကြတာ မဟုတ်ပါဘူး၊ သူတို့အတွက် အမွေခွဲဖို့တောင် မလိုတဲ့ လုပ်ငန်းတွေကို ဖခင်ကြီးက စနစ်တကျ တည်ထောင်ပေးပြီးသားပါ၊ ခု လောလောဆယ် ဒီအိမ်မှာ ရှိနေကြတာက ဒီအိမ်မှာ ကျန်ရစ်ခဲ့မယ့်





မိခင်ကြီးနဲ့ ညီမလေးကို အစ်ကိုတွေက နှစ်သိမ့်နေကြတာပါ။

တိတ်ဆိတ်မှုကို ဒေါ်ခင်ဆင့်က စကားသံ တိုးတိုးနဲ့ ဖြိုခွဲလိုက်တယ်။

"ကဲ. . . သားတို့လည်း ပြန်ချင်ပြန်ကြတော့လေ၊ သားကြီးက မန္တလေးတောင် ပြန်ရမှာ မဟုတ်လား"

"ရပါတယ် မေမေရဲ့. . . ကားပါတာပဲ၊ သားတို့ ညနေစောင်းမှပဲ ပြန်တော့မယ်"

ဒေါ်ခင်ဆင့် ဘာမှ ထပ်မပြောတော့ဘူး၊ အဲဒီအချိန်မှာပဲ သားအငယ်က. . .

"သားတို့လည်း ရန်ကုန်မှာ ရှိနေတာပဲ၊ တစ်ပတ်တစ်ရက်လောက်တော့ လာမှာပါ၊ ညီမလေး မေမေ့ကို ဂရုစိုက်နော်"

အငယ်ဆုံးညီမက ခေါင်းညိတ်ပြရင်း. . .

"စိတ်ချပါ ကိုကြီးနဲ့ ကိုလေးတို့ရယ်၊ အဲဒီအတွက် နောက်ဆံမတင်းနဲ့၊ စိတ်ချလက်ချသာ ပြန်ကြပါ"

သူ့အတွက် စိတ်ပူနေကြတဲ့ သမီးနဲ့ သားတွေကို ကြည့်ရင်း ဒေါ်ခင်ဆင့် မျက်ရည်တွေ ဝိုင်းလာတယ်။

အဲဒီအချိန်မှာပဲ. . .

ခြံရှေ့ကို ဂျစ်ကားတစ်စီး ထိုးရပ်လာတယ်၊ ကားဟွန်းတီးလိုက်တော့ ခြံစောင့်က ပြေးဖွင့်ပေးတယ်၊ ကားပေါ်က လူက ဂျစ်ကားကို ဆင်ဝင်အောက်အထိ မောင်းသွားပြီး ရပ်လိုက်တယ်၊

ပြီးတော့ ကားပေါ်က ဆင်းတယ်၊ ကားထဲက ပန်းချီကားတစ်ချပ်ကို ယူပြီး အိမ်ရှေ့တံခါးမကြီးရှေ့က ဘဲလ်ကို တီးလိုက်လေရဲ့။

တံခါးကို လာဖွင့်ပေးတာက အဲဒီအိမ်က အငယ်ဆုံးသမီးပါ၊ တံခါးဖွင့်ပေးရင်း လူရွယ်ကို အကဲခတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ဆံပင်အရှည်ကို သပ်သပ်ရပ်ရပ် စည်းထားပြီး တီရှပ်အကောင်းစားနဲ့ ဂျင်းဘောင်းဘီကို ဝတ်ထားတယ်၊ ခါးမှာလည်း ဖုန်းတစ်လုံးကို ချိတ်ထားသေးရဲ့၊ အသက်အစိတ်လောက်လို့ ခန့်မှန်းလို့ရပြီး အရပ်မြင့်မြင့် ရုပ်ဖြောင့်ဖြောင့်နဲ့ အတော်ကြည့်ကောင်းတဲ့လူပါ။

အဲဒီလူကပဲ ပန်းချီကားကို တစ်ဖက်က ပိုက်ပြီး စကားစလိုက်တယ်။

"ကျွန်တော် Exit Gallery က သီဟပါ"

"ဟုတ်ကဲ့. . . ဘာကိစ္စများပါလဲရှင်"

ကောင်မလေးအမေကို သီဟဆိုတဲ့လူက. . .

"ကျွန်တော် ဦးမြအောင်နဲ့ တွေ့ချင်လို့ပါ"

"ရှင်. . ."

ကောင်မလေးဟာ ရေရွတ်ရင်း အလန့်တကြားလည်း ဖြစ်သွားတယ်၊ မျက်နှာလေး အိုစာသွားပြီး. . .

"ခဏလေးပါရှင်. . . ကျွန်မမေမေကို သွားခေါ်လိုက်ပါ့မယ်"

သီဟက ခေါင်းအသာပဲ ညိတ်ပြလိုက်တယ်။ ကောင်မလေး အိမ်ထဲ ပြန်ဝင်သွားပြီး သိပ်မကြာဘူး၊ ကောင်မလေးနဲ့အတူ အဒေါ်ကြီး တစ်ယောက်လည်း ပါလာတယ်။

အဒေါ်ကြီးက သီဟကို အသေအချာကြည့်ပြီး. . .

"လာ. . . မောင်ရင်လေး အိမ်ထဲ ဝင်ပါဦးကွယ်"

သူတို့နောက်က အသာပဲ သီဟလိုက်သွားတယ်၊ အဒေါ်ကြီးတို့ခုံမှာ ဝင်ထိုင်လိုက်ကြတော့ သီဟက သူ့လက်ထဲက ပန်းချီကားကြီးကို တယုတယနဲ့ ခုံတစ်ခုံမှာ အသာတင်လိုက်တယ်၊ ပြီးမှ လွတ်နေတဲ့ ခုံတစ်ခုံမှာ သူ ဝင်ထိုင်လိုက်တယ်။

အဒေါ်ကြီးက စပြီးမေးလာတယ်။





"ကဲ. . . ဆိုစမ်းပါဦး မောင်ရင်လေး၊ ဦးမြမောင်နဲ့ တွေ့ချင်တဲ့ ကိစ္စက"

သီဟက ဧည့်ခန်းထဲက လူတွေရော အသုံးအဆောင် ပစ္စည်းတွေနဲ့ နံရံမှာ ချိတ်ထားတဲ့ ပန်းချီကားတွေကိုပါ အကဲခတ်လိုက်တယ်။

ပြီးမှ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့လေသံနဲ့. . .

"ဒီလိုပါ ဒေါ်ဒေါ်၊ ကျန်ခဲ့တဲ့ လကုန်ပိုင်းက ကျွန်တော်တို့ Exit Gallery မှာ ပန်းချီပြပွဲ လုပ်ပါတယ်၊ အဲ. . . ဦးမြမောင်လည်း လာကြည့်တယ်ဗျ၊ ခု ကျွန်တော် ယူလာတဲ့ ပန်းချီကားက ဦးမြမောင် ဝယ်သွားခဲ့တာပါ။ ပြပွဲချိန်အတွင်းမို့ တစ်ခါတည်း ယူသွားလို့ မရပါဘူး၊ ပြပွဲပြီးမယ့်ရက်ကို ကျွန်တော် ပြောလိုက်တော့ သူ လာယူမယ်လို့ ပြောပါတယ်၊ ခု ပြပွဲပြီးတာ လေးငါးရက် ရှိပြီဗျ၊ လာမယူသေးလို့ သူ ပေးထားခဲ့တဲ့ လိပ်စာအတိုင်း ကျွန်တော် လာပို့တာပါ"

ပြောပြီး အိတ်ကပ်ထဲက ဘောင်ချာစာရွက်လေးကို တရိုတသေ ကမ်းပေးလိုက်တယ်၊ အဒေါ်ကြီးက ယူကြည့်ပြီး မျက်ရည်တွေ ဝဲတက်လာရဲ့။

အဒေါ်ကြီးက သူ့သားသမီးတွေကို ဝေ့ကြည့်ပြီးမှ သီဟကို ပြန်ကြည့်ရင်း အသံအက်ကွဲကွဲနဲ့ပဲ. . .

"မောင်ရင်လေး မသိဘူး ထင်ပါတယ်၊ ဦးမြအောင် ဆုံးလို့ မနေ့ကမှ ရက်လည်တာကွဲ့"

"ဗျာ. . ."

သီဟမျက်နှာပေါ်မှာ အံ့သြဟန်အပြည့်။ ပြီးမှ အားနာ စိတ်မကောင်းတဲ့လေသံနဲ့. . .

"ဟာ. . . ဆောရီး ဒေါ်ဒေါ်၊ အားလုံးပဲ ဆောရီးပါဗျာ၊ ကျွန်တော် မသိဘဲ ခုလိုလာခဲ့မိတာ အနှောင့်အယှက်ပေးသလို ဖြစ်သွား

www.burmeseclassic.com



တယ်"

"ရပါတယ်ကွယ်. . . သိမှမသိဘဲ"

"ဒါနဲ့ ဘယ်လိုဆုံးတာလဲခင်ဗျ၊ သြော်. . . တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော် တွေ့လိုက်တုန်းက တကယ့်ကျန်းကျန်းမာမာနဲ့ လူကောင်း ပကတိကြီးမို့ပါ"

"ဟုတ်တယ်ကွဲ့. . . ရုတ်တရက် ဦးနှောက်သွေးကြော ပြတ် သွားတာလေ"

"သြော်. . . ဟုတ်လား၊ စိတ်မကောင်းစရာပဲ ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်တို့နဲ့ထပ်တူ ဝမ်းနည်းမိပါတယ်၊ ကဲ. . . ကျွန်တော့်ကို ပြန် ခွင့်ပြုပါဦး"

သီဟက ပြောရင်း ထရပ်လိုက်တယ်၊ ပြီး ဧည့်ခန်းနံရံမှာ ချိန်ထားတဲ့ ဦးမြမောင်ရဲ့ဓါတ်ပုံကို ကြည့်လိုက်သေးရဲ့၊ နောက်မှ သူတင်ထားတဲ့ ပန်းချီကားကို ပြန်ယူလိုက်တော့ သားအကြီးက. . .

"ဒါနဲ့ ညီလေး ပန်းချီကားက ဖေဖေဝယ်ထားတာဆို"

ပန်းချီကားကို ပြန်ချပြီး သီဟ ခုံမှာ ပြန်ဝင်ထိုင်လိုက်ပြန်တယ်။ ခုနက မေးတဲ့လူကိုလည်း ယဉ်ယဉ်ကျေးကျေး ပြုံးပြပြီး. . .

"ဒီလိုပါ အစ်ကို၊ ပြခန်းမှာ ပန်းချီကား ဝယ်တယ်ဆိုတာ ဝယ်မယ်လို့ ပြောပြီး ဘောက်ချာဖွင့်ထားရုံလေးပါ၊ ပြပွဲပြီးမှ ပန်းချီကား လာယူ. . ငွေရှင်း. . အဲဒါမျိုးပါ"

"သြော်. . . ဒီလိုလား၊ ကိုယ်က မသိလို့ပါ"

"ရပါတယ်ဗျ"

အဲဒီအချိန်မှာ သူတို့ မိသားစုဝင်တွေ တစ်ယောက်ကိုတစ် ယောက် ကြည့်လိုက်ကြတယ်၊ ဘယ်လိုလဲ ငွေရှင်းပြီး ပန်းချီကားကို ယူထားမလားပေါ့။ အားလုံးရဲ့စိတ်ထဲမှာလည်း ဒီပန်းချီကားဟာ သူတို့





အဖေရဲ့ နောက်ဆုံးဝယ်ခဲ့တဲ့ ပန်းချီကား။ တစ်ယောက်နဲ့တစ်ယောက် မျက်လုံးတွေနဲ့ မေးနေကြတယ်။

သီဟကလည်း ဘာပြောမလဲဆိုပြီး ထမပြန်သေးဘူး၊ အဒေါ်ကြီး မျက်လုံးတွေကလည်း သူ့ယောကျ်ား မြတ်မြတ်နိုးနိုး ဝယ်ခဲ့တယ် ဆိုတဲ့ ပန်းချီကားပေါ်မှာ တဝဲဝဲ။

"မေမေ ဘယ်လိုသဘောရလဲ"

သားကြီးမေးသံကြောင့် အဒေါ်ကြီး မျက်လုံးတွေ ပန်းချီကား ပေါ်က ခွာလိုက်တယ်။

"သားတို့ သဘောပါကွယ်၊ သားတို့ဖေဖေ လုပ်ခဲ့တဲ့ကိစ္စ မေမေတို့မှ မသိခဲ့ဘဲ"

အဲဒီလိုပြောပေမယ့် အဒေါ်ကြီးမှာ သူ့ယောကျ်ား ဝယ်ခဲ့တယ် ဆိုတဲ့စိတ် ရှိနေတာ အားလုံး ရိပ်မိကြတာပေါ့။

ဒါနဲ့ပဲ. . .

"ကဲ. . . ညီလေး၊ ပန်းချီကားရဲ့တန်ဖိုးက ဘယ်လောက်လဲ ကွ"

"ဘောက်ချာမှာ ပါပါတယ်ဗျ၊ လူငယ်ပန်းချီဆရာ သော်ဦးရွှေ ရဲ့ Modern Art တစ်ခုပါ"

ညီအငယ်က ထရင်း သူ့အမေလက်ထဲက ဘောက်ချာကို ယူ ကြည့်တယ်၊ မျက်နှာတစ်မျိုးဖြစ်သွားပြီးမှ သူ့အစ်ကိုဘက် လှည့်ပြီး. . .

"ကိုကြီး FEC ထောင့်နှစ်ရာတဲ့"

အားလုံးဟာ တစ်ယောက်နဲ့တစ်ယောက် ကြည့်ကြပြန်တယ်။ ဒေါ်ကြီးကတော့ ဘာမှ ဝင်မပြောဘူး၊ မြန်မာငွေနဲ့ တွက်ရင် ဆယ့်သိန်း ဝန်းကျင်ဆိုတာ သူတို့အတွက် ဘာမှ မပြောလောက်ပေမယ့် ပန်းချီ ကားတစ်ချပ်ကို ငွေဆယ့်သိန်းနဲ့ ဝယ်ဖို့ကျတော့ စဉ်းစားသွားတယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူပါတယ်။

သီဟက အခြေအနေကို သဘောပေါက်သလို ထရပ်လိုက်ပြီး. . .

"အောင်မြင်တဲ့ ပန်းချီဆရာတစ်ယောက်ရဲ့လက်ရာဟာ FEC ထောင့်နှစ်ရာဆိုတာ မများပါဘူး၊ တချို့ပြခန်းတွေမှာဆိုရင် FEC လေးထောင်တန်တွေတောင် ရှိပါတယ်ဗျ၊ ကဲ. . . စဉ်းစားချင်ရင်လည်း စဉ်းစားကြပါဦး၊ ဒီမှာ ကျွန်တော့်လိပ်စာကတ်ပါ"

ပြောရင်း သီဟ ထရပ်လိုက်တယ်၊ အဲဒီတော့မှ အဒေါ်ကြီးက လှုပ်လှုပ်ရှားရှားဖြစ်သွားလို့ သားအကြီးက ဆုံးဖြတ်လိုက်တာနဲ့ တူပါတယ်။

လိပ်စာကတ်ကို လှမ်းမယူဘဲ သူ့ညီမကို. . .

"ကဲ. . . ညီမလေး၊ FEC ရှိရင် ခဏစိုက်ပေးထားလိုက်၊ အစ်ကိုကြီးမှာ ဗမာငွေပဲ ပါလာလို့"

"ဗမာငွေလည်း ရပါတယ်ခင်ဗျ"

ဒါပေမယ့်လည်း သူ့ညီမက ထပြီး FEC ထောင့်နှစ်ရာ ယူလာပေးပါတယ်။

သီဟက ငွေကို လက်ခံပြီး. . .

"ဒါဟာ ကွယ်လွန်သူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးခြင်းတစ်မျိုးပါပဲဗျာ၊ ကဲ. . . ခွင့်ပြုကြပါဦး"

အဒေါ်ကြီးက ခပ်ပြုံးပြုံးနဲ့ ခေါင်းညိတ်ပြတယ်၊ သီဟလည်း စိတ်ချမ်းသာသွားတဲ့ပုံစံနဲ့ ထထွက်လာခဲ့တယ်။

ကားပေါ် ရောက်တော့ သီဟ လေလေးတောင် ချွန်မိသေး၊ ရေဘင်မျက်မှန်ကို စမတ်ကျကျ တပ်ပြီး ဝူးခနဲ ကားမောင်းထွက်သွားလေရဲ့။





တကယ်တော့ သီဟဆိုတာ ပန်းချီလည်း စိတ်ပါရင် ဆွဲတတ်သလို ပန်းချီကားအကြောင်းလည်း ကောင်းကောင်းနားလည်နေတဲ့ ပွဲစားတစ်ပိုင်းပါပဲ။

ခု ဒီ FEC ထောင့်နှစ်ရာထဲကလည်း သူ့အတွက် ရပိုင်ခွင့်တွေ ရှိတယ်ဆိုတာ မလွဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ
လူကောင်းနဲ့ လူဆိုးဆိုတာ
ဒွန်တွဲလျက်ပါပဲ။
အဲ့ဒီအထဲကမှ
လူကောင်းမဟုတ်ရင်တောင်
လူဆိုးလူယုတ်မာ မဟုတ်တဲ့
လူလည်ဆိုရင် တော်ပါသေးတယ်။

ရှေးလူကြီးတွေက ဆုံးမတယ်...
"လူရည်လည်ပါ...လူလည်မကျပါနဲ့" တဲ့
ဒါပေမယ့် လူရည်လည်တဲ့ကောင်တွေက
လူလည်ပဲ ကျနေတော့
နည်းနည်းတော့ ခွကျကျရယ်...။





# (၂)

သီဟ တိုက်ခန်းရှေ့ ပလက်ဖောင်းစောင်းမှာ ကားပါကင်ထိုးပြီး လေကလေး တချွန်ချွန်နဲ့ ခြေထောက်ကို ဟန်ပါပါ လွှဲချပြီး ထွက်လိုက်တယ်။

"လာပြီ. . လာပြီ. . လာပြီဟေ့"

"ဟင်. . . "

သီဟတစ်ယောက် ကောင်းဘွိုင်မင်းသားစတိုင်ဖမ်းပြီး လျှောက်ဖို့ဟန်ပြင်ရုံ ရှိသေးတယ်။ လှေကားအတက်အဆင်းပေါက်မှာ ထိုင်နေတဲ့ အမျိုးသမီးကြီးတစ်ယောက် ငေါက်ခနဲ ထလာပြီး အော်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘေးက စတိုးဆိုင်ထဲကနေ အမျိုးသမီးကြီးသုံးယောက် အူယားဖားယား ထွက်လာတယ်။

"ဟဲ့. . . သီဟ"

"ဗျ. . ဗျာ. . ."

သီဟ မျက်လုံးတွေ ပြူတ်ထွက်တော့မတတ် ပြူးကျယ်သွားပြီး သူဖမ်းထားတဲ့ ကောင်းဘွိုင်စတိုင်အတိုင်း ကိုယ်ကို တစ်ပတ်လှည့် ကျောခိုင်းပစ်လိုက်တယ်။ ကောင်းဘွိုင်လို သေနတ်ဆွဲထုတ်တာ မဟုတ်ပါဘူး။ ကားဆီ ပြန်လှည့်ပြေးတာပါ။

ဒါပေမယ့် အသက်(၅၀)ဝန်းကျင်လို့ မထင်ရအောင် သွက်လက်လွန်းလှတဲ့ အမျိုးသမီးကြီးလေးယောက်ရဲ့ခြေလှမ်းတွေက သီဟ ခြေလှမ်းကို အချိန်မီ ထိန်းချုပ်ထားလိုက်တယ်။ အသွက်ဆုံးက ဖုန်းအကျီဆောင် ဒေါ်ညိုပါ။ သီဟကို နောက်ကနေ ဂုတ်လှမ်းဆွဲပြီး. . .

"ဒီလိုပြေးလို့ လွတ်ရိုးလား"

"အာ. . အာ. . မပြေးရပါလား အန်တီညိုရယ်"

"ပေး. . . ငါ့ဖုန်းဘိုး"

"အား. . . ပေး. . ပေးပါမယ်ဗျ၊ လွှတ်ပါ. . . တော်ကြာ အန်တီယောက်ျားကြီး မြင်သွားလို့ ကျွန်တော့်ကို တစ်မျိုးထင်နေပါဦးမယ်"

"အောင်မာ"

ဒေါ်ညို လွှတ်ပေးလိုက်မှ သီဟ သူ့တီရှပ်ကို ဟိုတွန့်ဒီဆွဲ ပြင်လိုက်ပြီး ပန်းချီကားဖိုး ရလာတဲ့ FEC ငွေစက္ကူတွေကို ဟန်ပါပါလေး ထုတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ နောက်ကနေ အသာစောင့်ကြည့်တဲ့ တိုက်ခန်းပိုင်ရှင် ဒေါ်စွမ်းကျင်နဲ့ ငွေတိုးပေးစားတဲ့ ဒေါ်ထားတို့ ဝေါခနဲ ရှေ့ရောက်လာတယ်။ နောက်မှာ ရပ်ပြီး ကျန်ခဲ့တဲ့ ဆီရောင်းတဲ့ ဒေါ်





ဖောင်းက အသံဝါဝါကြီးနဲ့. . .

"ဒီနေ့ ငါ့ဒီဇယ်ဖိုး အကြွေးမဆပ်လို့ကတော့ နင့်ကားကို ပက်လက်လှန်ပစ်ပြီးမှ ပြန်မယ်"

"ဟားဟားဟားဟားဟား"

သီဟ အားရပါးရ အော်ရယ်ပစ်လိုက်လို့ ဒေါ်ဖောင်းက. . .

"ဟင်း. . . နင်က ရယ်နိုင်သေးတယ်ပေါ့"

"အေးဆေးပါ. . . မြန်မာငွေနဲ့ ရှင်းမလား၊ FEC နဲ့ ရှင်းရမလား. . . ဟားဟားဟားဟား၊ ကျလည်းကျလောက်တဲ့ ငါ့အန်တီတွေကွာ. . . ဟားဟားဟား"

သီဟ ဟန်လုပ်ရယ်မောရလို့လား မသိဘူး၊ ရယ်ရင်းနဲ့ ဗိုက်ထဲမှာ ထမင်းဆာသလိုကြီးတောင် ဖြစ်လာတယ်။

ပေးစရာတွေပေးပြီး ရုံးခန်းပေါ် တက်လာခဲ့တယ်။ သီဟ အခန်းတံခါး တွန်းဖွင့်ဝင်ပြီး တစ်ချက်ဝေ့ကြည့်လိုက်တယ်။ စာရေးမခိုင်လေးရော မျိုးဇော်ပါ မတွေ့လို့ မျိုးဇော်စတူဒီယိုခန်း လုပ်ထားတဲ့ အခန်းတံခါးကို သွားတွန်းဖွင့်ကြည့်တယ်။

"ပလုတ်တုတ်. . . ဟာ. . . လန့်လိုက်တာ သီဟရာ၊ ဟို. . ဟို. . အဘွားကြီးတွေရော"

အခန်းထဲမှာ မျိုးဇော်နဲ့အတူ ခိုင်လေးကိုပါ ဖြူဖပ်ဖြူရော် မျက်နှာလေးတွေနဲ့ တွေ့လိုက်ရလို့ အန်တီညိုတို့အုပ်စု အပေါ်တက်ကြမ်းသွားပြီဆိုတာ သီဟ သဘောပေါက်လိုက်တယ်။ အဲဒီနောက် ရုံးခန်းဖွင့်ထားတဲ့ဧည့်ခန်းထဲ ပြန်လျှောက်လာပြီး ဆက်တီပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

မျိုးဇော်နဲ့ခိုင်လေးလည်း လိုက်လာပြီး မေးတယ်။

"မင်း ဟိုဘွားတော်တွေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီးပြီ. . အားလုံးရှင်းပြီးပြီ၊ ရော့. . ဒီမှာ ပိုတဲ့ပိုက်ဆံ" သီဟ စားပွဲပေါ် ချပေးလိုက်တဲ့ FEC ဒေါ်လာတွေကြောင့်. .

"ဟား. . . FEC နဲ့ပါလား၊ ဂွတ်လှချည်လား"

"ဂွတ်တာပေါ့ကွာ. . . မသာပါးစပ်ထဲက နှိုက်ခဲ့ရတာ၊ ဟူး. . ယူထားလိုက်လို့ တော်သေးတယ်၊ မဟုတ်ရင် ဟိုဘွားတော်အုပ်စု လက်ထဲ ငါ့ဘဝကြီး တစ်စစီတောင် ဖြစ်မလားပဲ"

အဲဒီအခါမှာ ခိုင်လေးက. . .

"ဒီမှာ လာသောင်းကျန်းသွားတာ ကိုသီဟရဲ့၊ မရရင် ရတာ ယူမယ်ဆိုပြီး တစ်ခန်းလုံး ပြောင်းဆန်အောင် ပတ်မွှေနေလို့ မနည်း တောင်းပန်ရတယ်၊ ဒီကြားထဲ ကိုမျိုးဇော်က သူထိုးထားတဲ့ ထီလက်မှတ် ကို ထုတ်ပေးပြီး ပေါက်ရင် နှစ်ဆတိုးနဲ့ ဆပ်ပါ့မယ် လုပ်နေသေးတယ်"

"မျိုးဇော်ရာ. . . အရေးထဲ သွားနောက်နေသေးတယ်"

"နောက်တာ မဟုတ်ဘူးဟ၊ ငါလည်း ကြံရာမရလို့ ရတာလေးနဲ့ ကြံရတာ၊ အခု. . အား. . အားလုံးကြေသွားပြီပေါ့"

"ကြေပြီ. . . အဲဒီမှာ ရှစ်ရွက် သော်ဦးရှာကို ဖုန်းဆက်ပြီး ငါးရွက်ပေးလိုက်၊ သုံးရွက် ကျန်ငွေလဲပြီး ခိုင်လေး လာနှုတ်"

"သြော်. . . ဟို. . ဒီလ မီတာကြွေးကျန်ပါ တစ်ပေါင်းတည်း မဆောင်ရင် မီးဖြတ်မှာနော်၊ ပြီးတော့ ဖုန်းဘီလ်ဆောင်ဖို့လည်း ရှိတယ်၊ အောက်က လက်ဖက်ရည်ဆိုင်ကလည်း နှစ်လရှိသွားပြီ. . . လာရှင်း"

"တော်. . တော်ပါတော့ ဒေါ်ခိုင်လေးရယ်၊ ကျုပ်ရှူးတော့မယ်၊ အဲ့ဒီမှာ ပုံပေးထားပြီးပြီ၊ အားလုံးရှင်းလိုက်. . . ဟုတ်ပြီလား၊ လိုတာပို တာ ဘောင်ချာတက်ပေး၊ ဘုရား. . . ဘုရား. . . မရရအောင် ရောင်း နိုင်ခဲ့တဲ့ ငါ့ကိုယ်စောင့်နတ်ကို ကျေးဇူးတင်လိုက်တာ. . .၊ အိညောင် ကွညောင် လုပ်ပြီးသာ ပြန်လာမိရင်. . . ဟူး"





"အေးကွာ. . . ဆုံးသွားပေမယ့် သူ့မိသားစုက ယူပေးလိုက် ပေလို့ပဲ၊ မင်းလည်း ဘယ်လောက်အမြုပ်ထွက်အောင် ပြောခဲ့လဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ငါလည်း ရုပ်ပျိုသောက်လိုက်ရသလို ခုမှပဲ အို. . ခေ. . သွား. . တော့. . တယ်"

မျိုးဇော် ရာဇာနေဝင်းအိုက်တင် လုပ်ပြတော့ ခိုင်လေးလည်း ပြုံးလာတယ်၊ သီဟကတော့ ပွဲဆက်များသွားလို့လား မသိဘူး ခပ် မှုန်မှုန်နဲ့. . .

"မျိုးဇော်. . . မင်းဆီမှာ ပိုက်ဆံ ဘယ်လောက် ကျန်သေးလဲ"

"ဟင်. . . ငါ့ဆီမှာလား၊ အဲ. . . ဗမာငွေ သုံးသောင်းလောက် တော့ ကျန်. . . ကျန်"

"ခွီးတဲ့မှပဲ. . . သုံးသောင်းဆိုရင်လည်း ပြီးတာကို၊ အဝတ် အစားလဲ ဘီယာသွားသောက်မယ်"

"ဟော့ကောင်. . . တစ်ယောက်တစ်ဝက်နော် ကျသလောက် ကို"

လုပ်စမ်းပါ ဆိုတဲ့အမူအရာနဲ့ လက်ကာပြလိုက်တယ်လေ၊ မော်ဒန်ပန်းချီဆရာလောင်း မျိုးဇော် အခန်းထဲ ဝင်သွားချိန်မှာတော့. .

"ကဲ. . . ခိုင်လေး၊ ညနေ ငါတို့ ပြန်ရောက်ချင်မှရောက်မှာ၊ မရောက်ရင်တော့ သော့ပိတ်ပြီး ပြန်သွားလိုက်တော့. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ခိုင်လေး မျက်နှာလေး ပြုံးသွားတယ်၊ စိတ်ထဲမှာလည်း တစ် နာရီလောက် စောပြန်လို့ရပြီလို့ တွေးထားလိုက်တယ်၊ ခိုင်လေး ပိုက်ဆံ ကိစ္စကလွဲရင် ကျန်တာတွေမှာ အဲဒီလို စိတ်ချရတာပါ။

အရေးကြီးရင် ဆက်သွယ်လို့ရအောင် ထိုင်မယ့် ဘီယာဆိုင် နာမည် ပြောပြီး နှစ်ယောက်သား ထွက်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဘီယာသွားသောက်မိတာဟာ သီဟဘဝတစ်ခုလုံး အပြောင်းအလဲ ဖြစ်တော့မယ်လို့ မတွေးထားမိတာ အမှန်ပါ။

ဒါပေမယ့် လောကဆိုတာ ကမောက်ကမတွေလည်း စနစ်တကျ ဖြစ်နေခဲ့တာပဲ မဟုတ်ပါလား။





# (၂)

နေ့လယ်ခင်း ပူလွန်းလို့လား မသိဘူး၊ ဘီယာဆိုင်ထဲမှာ အပူရှောင်ပြီး ဘီယာသောက်နေတဲ့လူတွေ တော်တော်များပါတယ်၊ တချို့လူတွေဆိုရင် ဘီယာကို အအေးသောက်သလို သဘောထားနေကြတာပဲလေ။

"ဂလု. . . ဂလု"

"အား. . . ကောင်းမှကောင်း. . . ကျေးဇူးပဲ အယ်နီညိုရေ"

နောက်ဝိုင်းက လူက အယ်နီညိုကို ကျေးဇူးတောင် တင်ပြီး ဘီယာမော့နေလို့ သီဟနားထဲ အန်တီညိုလို့ ကြားပြီး ကျောထဲ စိမ့်သွားတယ်။ (ကိုယ့်ဘာသာ မျိုလို့မျိုချင်တယ် မပြောဘူး၊ အယ်နီညိုကို



www.burmeseclassic.com

www.burmeseclassic.com



သွားကျေးဇူးတင်နေသေးတယ်)

သီဟကတော့ နေ့လယ်ရယ်လို့ မဟုတ်ပါဘူး၊ ပန်းချီကားပွဲဖြစ်ရင်ပဲဖြစ်ဖြစ်၊ ဆန္ဒရှိရင် ရံဖန်ရံခါ သောက်တတ်ပါတယ်။

တစ်ယောက်တစ်ခွက်စီလောက် ကုန်တော့ မျိုးဇော်က မေးလာတယ်။

"သီဟ. . . မင်းဦးလေးက ဘယ်တော့ ပြန်လာမှာလဲကွ"

အဲဒီစကားကတော့ ခု သူစီးနေတဲ့ဂျစ်ကား ဘယ်တော့ ပြန်ပေးရမလဲလို့ မေးလိုက်တာနဲ့ အတူတူပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကားက သီဟဦးလေးရဲ့ကားပါ။ ခု ဦးလေးက တောင်ကြီးမှာ သူ့ခြံတွေ သွားကြည့်နေလို့ ဒီကားကို ပေးသုံးထားတာ၊ စီးရတာနဲ့ ဆီဖိုးနဲ့တောင် မတန်ချင်ဘူး။

သီဟက. . .

"မသိဘူးကွာ. . . လာချင်တဲ့အချိန် လာတော့၊ ကားပြန်အပ်လိုက်ရလည်း ဆီဖိုးသက်သာတာပေါ့၊ ဘာလဲ. . . မင်းက ဆီဖိုးတစ်ဝက် စိုက်ချင်လို့လား"

"ဟာ. . . မဟုတ်ပါဘူး၊ စကားအဖြစ် မေးကြည့်တာပါ"

ဒါမျိုးကျတော့လည်း မျိုးဇော်က လူပါး။ စီးကရက်ငွေ့တွေ မှုတ်ထုတ်ရင်း သီဟ ရယ်နေလိုက်တယ်။

ဘီယာတစ်ခွက်စီ ကုန်သွားလို့ နောက်ထပ် နှစ်ခွက်ဟော့လို့ မှာလိုက်စဉ်မှာ. . .

"နှစ်ခွက်တော့ မလုပ်နဲ့လေကွာ. . . သုံးခွက်လုပ်ပါ"

ဟ. . စားပွဲထိုးက ဘာလဲဟဆိုပြီး မော့အကြည့် သီဟ အံ့သြသွားတယ်။

"ဟာ. . . ကျော်ကြီး လာကွ၊ ဘယ်လိုရောက်လာတာလဲ"





"ဘယ်လိုရောက်ရမှာလဲ၊ မင်းတို့ပြခန်းကို ရောက်သွားတာပေါ့၊ ဒီမှာရှိတယ်ဆိုလို့ လိုက်လာတာ"

ပြောရင်း ကျော်ကြီးက ဝင်ထိုင်တယ်၊ ဒီကောင်ကလည်း ကျောင်းတုန်းကတည်းက သူငယ်ချင်း၊ လုပ်ငန်းချင်း မတူလို့ တစ်လတစ်ကြိမ်လောက်တောင် တွေ့ချင်မှ တွေ့ဖြစ်ကြတာ။

ခုလည်း ရောက်ရောက်ချင်းပဲ မျိုးဇော်က. . .

"ရောက်လာတော့လည်း ဘီယာတိုက်ပေါ့ကွာ. . . ဟုတ်ဘူးလား"

ကျော်ကြီးက တဟားဟား ရယ်ရင်း. . .

"တိုက်ပါတယ်ကွာ. . . သောက်ရင်း မင်းတို့နဲ့ စကားပြောချင်လို့ကို လာခဲ့တာ၊ ဘယ်လိုလဲ မင်းတို့ပန်းချီပြခန်းက"

သီဟနဲ့မျိုးဇော် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြတယ်။ ကိုယ့်အနေအထား ကိုယ်အသိဆုံးပဲမလား။ မေးတော့လည်း ဖြေလိုက်ပါတယ်။

"ဒီလိုပါပဲကွာ. . . ပန်းချီကားဆိုတာက မင်းတို့လို မရှိမဖြစ် စားကုန်မှ မဟုတ်တာ၊ အနုပညာပိုင်းဆိုင်ရာတွေက သိတဲ့အတိုင်းပဲ၊ ဒီနေ့အဖြစ်အပျက်ကိုတောင် ပြောပြရဦးမယ်"

လို့ အစချီပြီး မနက်က ပန်းချီကား သွားပို့တော့ မှာထားတဲ့လူက ဆုံးနေပြီဆိုတဲ့အကြောင်းတွေပါ ပြောပြလိုက်တယ်။

စကားဆုံးတော့ ကျော်ကြီးက. . .

"ဟားဟား. . ဖြစ်မှဖြစ်ရလေကွာ၊ နာရေးဆိုလို့ ပြောပြရဦးမယ်၊ ငါတို့ဆိုင်တွေ ပစ္စည်းတဆင့် ပြန်ယူရတဲ့ ချစ်တီးလည်း တစ်နေ့ကမှ ဆုံးတာကွ"

"ဟေ. . . ဒါဆို သူ့ဆရာနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က သူ့ဆရာလဲ"

"မင်းလူလူလေ"

"ဟာ. . . အဲ့ဒီချစ်တီး ပြောတာမဟုတ်ဘူး၊ ငါ့ပစ္စည်းဖောက်သည်ချစ်တီး၊ ကုလားလည်း မဟုတ်ဘူး၊ ချစ်တီးကျလွန်းလို့ ချစ်တီးလို့ခေါ်တာ"

"ဪ. . . ဂလိုလား"

"ဂလို"

"မတရား အမြတ်စားတာကွာ၊ ပစ္စည်းကျတော့လည်း နိုင်ငံခြားက သူတစ်ယောက်ပဲ ကိုယ်စားလှယ် ယူထားတာဆိုတော့ လုပ်ချင်တိုင်းလုပ်နေတာ၊ ခုတောင် ငါတို့မှာ နှမြောနေတာ"

"ဟေ. . . အဲဒါကိုပဲ နှမြောနေတာ၊ မင်းဟာကြီးကလည်း"

ကျော်ကြီးက ခေါင်းညိတ်ရင်း. . .

"နှမြောတယ်ဆိုတာ ငါတို့ဆိုင်တွေ သူ့ကို ပညာပေးဖို့ စီစဉ်ထားတာကွ၊ ခု ဆုံးပြီဆိုတော့ သွားရောပေါ့၊ ဘာလုပ်လို့ ရတော့မှာလဲ၊ တကယ်နှမြောတာ. . . အဟီး"

ကျော်ကြီးစကားကို နားထောင်နေရင်း သီဟခေါင်းထဲ လင်းခနဲ ဖြစ်သွားတယ်၊ ချက်ချင်းပဲ. . .

"ကျော်ကြီး. . . မင်း တကယ် ပညာပေးချင်တာလား"

"အေးပေါ့ကွ. . . ဒါပေမယ့် ခု သေပြီပဲဥစ္စာ"

"ဟဲ. . ဟဲ. . သေတဲ့လူကို ပညာပေးလို့ရမယ့် နည်းလမ်းလေး စဉ်းစားမိလို့ပါ"

နှစ်ကောင်စလုံး နားဝေတိမ်တောင် ဖြစ်သွားကြတယ်။

ကျော်ကြီးကပဲ. . .

"မဖြစ်နိုင်တာကွာ. . . သေပြီးတဲ့လူကိုပဲ ပေါက်ကရတွေ



မပြောစမ်းပါနဲ့"

အဲဒီအချိန်မှာ မျိုးဇော်က. . .

"ဒီလိုထင်တယ်ကွ. . . ငါပုံပြင်ဖတ်ဖူးတယ်၊ အောက်ပြည်မှာ စီးပွားရှာထွက်လာတဲ့ အညာသား သေတော့ ဖင်ထဲ သပ်ရိုက်သွင်းပြီး လေလံပစ်တယ်ဆိုလား"

"တောက်တီးတောက်တဲ့ မျိုးဇော်ရာ၊ ဒီလိုကွ. . အညာသားက သူသေခါနီးတော့ သူ့အဖော်ကို မှာတယ်၊ ငါတို့ရဲ့မိရိုးဖလာက သေရင် ဖင်ထဲ သပ်သွင်းပြီး ဆွေမျိုးစုံရာနဲ့ သင်္ဂြိုဟ်ရတယ်တဲ့၊ အဲဒါလေးတော့ ကူညီပါဆိုပြီး ပြောပြီး သေတာကွ၊ သေတော့ သူငယ်ချင်းကလည်း ဪ. . ငါ့ဘော်ဒါရဲ့နောက်ဆုံးခရီးမှာ ဆန္ဒပြည့်ပါစေတော့ဆိုပြီး ဖင်လှန်ပြီး သပ်ရိုက်ထည့်၊ ဆွေမျိုးတွေလည်း အကြောင်းကြားပေါ့၊ ဆွေမျိုးတွေ ရောက်လာတော့မှ ဖင်လှန်ကြည့်ပြီး အောင်မလေး သူတို့လူ အသတ်ခံရပြီး သေရတာပါလားလို့ အော်အော်ငိုကြလို့ ဟိုလူခမျာ အမှုဖြစ်မှာကြောက်ပြီး အလျှော်အစားလေး လုပ်ပေးလိုက်ရတာ၊ အဲသလို. . . အဲသလို"

"ဟာ. . . သူတို့က ဖင်ထဲ သပ်သွင်းတာ ဘယ်လိုလုပ် သိသွားလဲ"

"အစောကြီးကတည်းက တိုင်ပင်ခေါ်ပြီးသား"

"နိပ်သကွာ. . . ငါလည်း အညာသားပဲ၊ ဟော့. . . သီဟ၊ မင်းမှတ်ထားနော်၊ အဲဒါ ငါတို့မိရိုးဖလာ၊ ငါသေလည်း လုပ်ပေးစမ်းပါ"

"ရတယ်. . . ခြောက်ပတ်လည် ပျဉ်းကတိုးတုံးကို ခတ်ချွန်သလို ချွန်ပြီးတော့ကို ရိုက်သွင်းပေးမယ်. . . စိတ်ချ၊ သေတာတောင် လျှာတစောင်းကိုက်သွားစေရမယ်"

မျိုးဇော် ကြက်သီးဖြန်းဖြန်းထသွားလို့ ကျော်ကြီး ရယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ. . .

"ကဲ. . . လုပ်ပါဦး ဘယ်လိုနည်းလမ်းလဲဆိုတာ"

ခေါင်းခါရင်း သီဟက. . .

"တကယ်ပြောတာ၊ မင်း ငါ့ကို တစ်ခုပဲ စုံစမ်းပေး"

"ဘာကိုလဲ"

"လူတွေဆိုတာ ဘယ်လောက် ပိုက်ဆံမက်မက် အနုပညာဝါသနာပိုးလေးတွေ ရှိတယ်ကွ၊ အခုက မင်းစုံစမ်းပေးရမှာက အဲဒီလူကြီးဟာ အနုပညာထဲက ဦးစားပေး ပန်းချီဝါသနာပါလား၊ ဒါမှမဟုတ် ဘာဝါသနာပါလဲဆိုတာကို စုံစမ်းပေး၊ မင်းဆီက အမြတ်စားထားတာကို ရနိုင်သလောက် ငါပြန်ရှာပေးမယ်"

ရဲရဲကြီး အာမခံနေသော သီဟကို ကျော်ကြီးက မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်၊ ပြီး မယုံသင်္ကာလေသံနဲ့. . .

"စုံစမ်းပေးမယ်ကွာ. . . မင်းဘက်က သေချာပါတယ်နော်"

"စိတ်သာချ"

"နေစမ်းပါဦး သီဟရဲ့၊ မင်း ဘယ်လိုလုပ်မှာလဲဆိုတာသာ ပြောပြစမ်းပါဦး"

မျိုးဇော်အမေးကို သီဟက ရယ်ကျဲကျဲနဲ့ ခေါင်းခါရင်း. . .

"နေစမ်းပါဦး မျိုးဇော်ရာ၊ ပွဲပြီးရင် သိရမှာပေါ့၊ မင်းဘာသာ ပန်းချီပဲ ဆွဲနေစမ်းပါ၊ လိုအပ်လာရင် ငါပြောပါ့မယ်၊ ကဲ. . . ချီးယားစ်"

သုံးယောက်သား ဘီယာခွက်တွေ မော့သောက်လိုက်ကြတယ်၊ လည်ချောင်းထဲ ဖြတ်စီးသွားတဲ့ ဘီယာဟာ အေးရှရှနဲ့ ခံစားမှုတစ်ခု ပေးနိုင်စွမ်းပါတယ်။

နည်းနည်းလေး ရီဝေလာကြတော့ ကျော်ကြီးက. . .

"ဘယ်လိုလဲ သီဟ၊ မင်း မိန်းမယူဖို့ အစီအစဉ် မရှိသေးဘူး





လား"

သီဟ တဟားဟားရယ်လိုက်တယ်၊ ပြီး. . .

"မိန်းမ ဟုတ်လား၊ ရည်းစားတောင် မရှိသေးပါဘူးကွာ၊ ငါ့နှလုံးသားကို ခလုတ်တိုက်နိုင်တဲ့ မိန်းကလေး မရှိသေးဘူး ထင်ပါရဲ့"

နှစ်ကောင်စလုံး မဲ့လိုက်ကြတယ်၊ ကျော်ကြီးမှာက မိန်းမနဲ့ကလေးနဲ့။ မျိုးဇော်မှာလည်း လက်ရှိ ရည်းစားရှိတယ်။

သီဟ ပြောသလိုပဲ သူ့နှလုံးသားကို ခလုတ်တိုက်မယ့် မိန်းကလေးက တကယ်မရှိသေးတာပါ။

ဒါပေမယ့်လည်း နှလုံးသားသာ နမော်နမဲ့ ဖြစ်နေရင်တော့ တစ်ရက် ခလုတ်တိုက်မိမှာ မလွဲပါဘူး။

အဲဒီတစ်ရက်ကတော့ ရှိကိုရှိလာနိုင်ပါလေရဲ့။




www.burmeseclassic.com

www.burmeseclassic.com



နလုံးသားကို ခလုတ်တိုက်မိတယ်ဆိုတာ
လူက နလုံးသားကို ခလုတ်တိုက်တာလား၊
နလုံးသားက လူကို လာခလုတ်တိုက်တာလား
အဲဒီနှစ်ခု မတူညီတာ
စဉ်းစားစရာပဲ။



## (၄)

**နောက်** သုံးရက်လောက်ကြာတော့ ကျော်ကြီး ဖုန်းဆက်တယ်။

"သီဟ ငါ စုံစမ်းပြီးသွားပြီ၊ အဲဒီချစ်တီး . . အဲ . . သေသွားတဲ့ ဦးကျော်သောင်းက ပန်းချီကားတွေ ဝယ်ပြီးစုဆောင်းတာ ဝါသနာပါတာတဲ့ကွာ"

"အိုကေ ကျော်ကြီး၊ ငါ့အော်ပရေးရှင်း စမယ်"

ကျော်ကြီးဆီက ဖုန်းရပြီးတာနဲ့ သီဟ စဉ်းစားရတော့တယ်၊ ချက်ချင်းပဲ အစီအစဉ်တွေ ချပြီး မျိုးဇော်ဆီ သွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်တော့ မျိုးဇော်က အလန့်တကြားနဲ့. . .

"ဘာ. . . ဘယ်လို. . . ငါ့ဆီက ပန်းချီကားတစ်ကား လိုချင်လို့ ဟုတ်လား"

သီဟက ရုပ်တည်နဲ့ပဲ. . .

"အေးလေ. . . ငါက မင်းပန်းချီကားကို ရောင်းပေးမလို့ကွ၊ မင်းအဆင်ပြေတဲ့ ကားတစ်ကားသာပေး"

မယုံသင်္ကာဟန်နဲ့ မျိုးဇော်က ကြည့်လိုက်သေးတယ်၊ ပြီးမှ အခန်းထဲက ပန်းချီကားတစ်ကား သွားယူလိုက်ပြီး. . .

"ရော့. . . မင်းပြောလို့သာ ပေးရတာ၊ သိပ်တော့ ယုံတာ မဟုတ်ဘူး"

မျိုးဇော်ကိုတော့ စုန်ချည်ဆန်ချည် ပြောမနေတော့ပါဘူး၊ ပန်းချီကားကို စက္ကူနဲ့ ပတ်ပြီး သီဟ ထွက်လာခဲ့တယ်။

နောက်ဆယ်မိနစ်လောက်မှာတော့ သီဟတစ်ယောက် ကျော်ကြီးပေးတဲ့လိပ်စာအတိုင်း ခြံတစ်ခြံရှေ့ကို ရောက်နေပါပြီ။

"ဒုန်း"

"ဖလွမ်. . . ခွမ်"

သူ လန့်သွားတယ်။

သူ့ရဲ့ဂျစ်ကားကို နောက်ကနေ ကားတစ်စီးက ဝင်အောင်းလိုက်တာပါ၊ လှည့်ကြည့်လိုက်တော့ နောက်မှာ မော်ဒယ်မြင့် ဗင်ကားလေးနဲ့ ကောင်မလေးတစ်ယောက် နောက်ကနေ သူ့ဂျစ်ကားကို အတိအကျ အောင်းထားတယ်၊ သီဟကားက ဂျစ်ကားမို့ ဘာမှမဖြစ်ပေမယ့် လာတိုက်တဲ့ ကောင်မလေးကားကတော့ ရှေ့ဘန်ကာတစ်ခြမ်း ပိန်ပြီး မီးသီးတစ်လုံးလည်း ကွဲသွားလေရဲ့။

သီဟက ဆင်းပြီး. . .





"ဟော့. . . ကားတစ်စီးလုံးတောင် မင်း မမြင်ဘူးလားကွ"

ခပ်မာမာ မေးလိုက်ပေမယ့်လည်း ကောင်မလေးက ဟီးခနဲ ရယ်ပြတယ်၊ ပြီး. . .

"ဆောရီး. . ဆောရီး. . . ဘရိတ်နည်းနည်းချော်နေလို့"

ဒီတစ်ခါတော့ သီဟလည်း ဘာမှ ထပ်မပြောတော့ပါဘူး၊ ဘယ်သူ့ကားပဲနာနာ ကိုယ်က ဝင်တိုက်တာမှ မဟုတ်တာကိုး၊ တကယ်လို့ ကိုယ့်ကားပျက်သွားရင်တောင် သူက လျော်ပေးရမှာလေ။ ကိုယ့်အမှားမှ မဟုတ်ဘဲ။

ဒါပေမယ့် ကားပေါ်က ဆင်းဆင်းချင်း စကားတစ်ခွန်းတော့ ပြောလိုက်သေးတယ်။

"ဟော့. . . ငါက ပြန်ပြီးတော့ လျော်ပေးစရာတော့ မလိုပါဘူး နော်"

ကောင်မလေးက ပြန်ကြည့်တယ်၊ ပြီး လေသံခပ်အေးအေးနဲ့ပဲ. . .

"မလိုပါဘူးရှင်. . . ကျွန်မကပဲ တောင်းပန်ရမှာပါ"

ဒီကောင်မလေးပုံစံ ကြည့်ရတာ သူ့ကားပျက်သွားတာတောင် နှမြောတဲ့ပုံစံ မရှိဘူးလို့ သီဟ တွေးမိတယ်။

နောက်တော့လည်း စကားဆက်ပြောမနေတော့ဘဲ ပန်းချီကား ကိုင်ပြီး ခြံထဲ ဝင်လာခဲ့တယ်ပေါ့။

အိမ်မကြီး တံခါးရှေ့ရောက်တော့ သူက ကောင်မလေးနဲ့ ထပ်ဆုံသေးတယ်၊ သူလည်း ဒီအိမ်ကို လာတာ ထင်ပါရဲ့၊ တံခါးရှေ့မှာ နှစ်ယောက်သား ရပ်ရင်း ကောင်မလေးက သူ့ကို အကဲခတ်သလို သီဟကလည်း စွေစောင်းကြည့်မိတယ်။

ကောင်မလေးပုံစံ ကြည့်ရတာ ပိုက်ဆံရှိ သားသမီးမှန်း သိသာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဝတ်စားထားတာကလည်း တန်ဖိုးကြီး အဝတ်အစားတွေ၊ ရုပ်ကလေးကလည်း သူဌေးသမီးဆိုတော့ ဝင်းဖန့်နေတာပဲ။

လန်းတော့ လန်းသားပဲဆိုပြီး သီဟ ကြည့်ရင်း တွေးနေတုန်းမှာပဲ ကောင်မလေးက နှစ်လိုဖွယ် ပြုံးပြလာတယ်။ သီဟလည်း အလိုက်သင့် ပြန်ပြုံးပြလိုက်ရတာပေ့ါ။

ကောင်မလေးကပဲ စပြီး တံခါးဘေးက လူခေါ်ဘဲလ်ကို နှိပ်လိုက်တယ်၊ မကြာပါဘူး၊ အိမ်ဖော်ဖြစ် ဟန်တူတဲ့ အမျိုးသမီးတစ်ယောက်က တံခါးလာဖွင့်ပေးလာရဲ့။

ကောင်မလေးကို မြင်မြင်ချင်းပဲ. . .

"ဩော်. . . ကေပါလား၊ လာလေ. . . အန်တီနဲ့ အစ်ကိုကြီးတို့ စောင့်နေကြတယ်"

"အင်း. . ."

ပြောရင်း ကောင်မလေး ဝင်သွားတော့ သီဟလည်း ခပ်တည်တည် ဝင်လိုက်သွားလိုက်တယ်၊ အိမ်ဖော်အမျိုးသမီးကလည်း သီဟကို တစ်ချက်သာ ကြည့်တယ်။ ဘာမှ မမေးဘူး။

အိမ်ထဲမှာ နာရေးဖြစ်ပြီးစ ဆိုတဲ့အတိုင်း ဧည့်သည်တွေ အတော်အသင့် ရှိနေကြတယ်။

သီဟလည်း လူတစ်ယောက်အနားကို ကပ်ပြီး သေဆုံးသူ ဦးကျော်သောင်းရဲ့ဇနီးကို မေးလိုက်တယ်၊ အဲ့ဒီလူ ညွှန်ပြတာ ကြည့်လိုက်တော့ အဲဒီအမျိုးသမီးဘေးမှ ခုနက ကောင်မလေးနဲ့ အမျိုးသားတစ်ယောက် ရှိနေကြတယ်၊ အမျိုးသားက သီဟထက်တောင် နည်းနည်းကြီးမယ့်ပုံပဲ။

သီဟလည်း ကိုယ်လုပ်စရာရှိတာ လုပ်ဖို့ သက်ပြင်းတစ်ချက်ချပြီး အနားကပ်သွားလိုက်တယ်။





အနားရောက်တော့ အမျိုးသမီးကြီးကိုပဲ စူးစိုက်ကြည့်ရင်း. .

"ဒေါ်ဒေါ်. . . ကျွန်တော်က Exit Gallery က သီဟပါ"

"ဩော်. . . အင်း. . . ဘာကိစ္စရှိလို့လဲ မသိဘူး"

ကောင်မလေးရော ဘေးကလူပါ သီဟကို အကဲခတ်နေကြတယ်။

သီဟက လက်ထဲက ပန်းချီကားကို ပြရင်း. . .

"စိတ်တော့ မကောင်းပါဘူး ဒေါ်ဒေါ်၊ ဦးကျော်သောင်း ဆုံးတယ်ဆိုတာ ဒီရောက်မှ သိရတာပါ၊ ဒီပန်းချီကားက လွန်ခဲ့တဲ့လက ကျွန်တော်တို့ပြခန်းမှာ ဦး ဝယ်သွားခဲ့တာပါ၊ ဒီလိပ်စာအတိုင်း ဒီနေ့မှာ လာပို့ပြီး ပန်းချီကားဖိုး ငွေလာယူဖို့ မှာထားလို့ပါ"

"အို. . ."

အမျိုးသမီးကြီးမျက်နှာမှာ အံ့သြဟန်နဲ့ စိတ်မကောင်းဟန်တို့ ရောထွေးဖြတ်သန်းသွားကြတယ်။

ဘေးက လူကိုလည်း လှမ်းပြောတယ်။

"သား. . . သားဖေဖေ ဝယ်ထားခဲ့တာတဲ့"

ဘေးက သားဖြစ်တဲ့လူက ပန်းချီကားကို တစ်ချက်စိုက်ကြည့်တယ်၊ ပြီး သီဟကိုလည်း. . .

"လာ. . . ညီလေး၊ ကိုယ်တို့ အေးဆေးပြောကြတာပေါ့"

ပြောရင်း သီဟလက်ကို ဆွဲပြီး လူရှင်းတဲ့ အခန်းထောင့် တစ်နေရာကို ခေါ်သွားတယ်၊ သီဟစိတ်ထဲမှာတောင် လက်ဆွဲတာကလည်း ကြမ်းလိုက်တာလို့တောင် ထင်မိသေးရဲ့။

အခန်းထောင့် ရောက်တော့ အဲဒီလူကပဲ ခပ်တည်တည်ပုံစံနဲ့. . .

"ဆိုစမ်းပါဦး. . . လွန်ခဲ့တဲ့လ ဘယ်ရက်လောက်က ဒီပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ကားကို ကိုယ့်အဖေ ဝယ်ခဲ့တာလဲ"

သီဟက ပြန်ပြုံးပြလိုက်ရင်း. . .

"အင်း. . အဲ. . လွန်ခဲ့တဲ့လရဲ့ လလယ်ပိုင်းလောက် ဖြစ်မယ် ထင်တယ်"

အဲဒီလူ မျက်နှာ ဆတ်ခနဲ တင်းသွားတယ်၊ ပြီး. . .

"ဒီမှာ ဟေ့ကောင်၊ မင်း အနှောင့်အယှက် လာပေးနေတာ လား၊ ဒါမှမဟုတ် မင်းက လူလိမ်လား"

"ဗျာ"

သီဟ အလန့်တကြားနဲ့ မျက်နှာပျက်သွားတယ်၊ ချက်ချင်းပဲ ဟန်ဆောင်လိုက်ရင်း. . .

"ကျွန်တော် နားမလည်ဘူးဗျ၊ ခင်ဗျား ဘာကိုဆိုလိုလဲဆိုတာ"

"ဘာကွ. . . မင်းကို ရှင်းရှင်းပဲ ပြောမယ်၊ လွန်ခဲ့တဲ့တစ်လလုံး ငါ့အဖေ ဆေးရုံတက်နေရတာကွ. . . ရှင်းပြီလား"

"ခင်ဗျာ"

သွားပြီဆိုတာ သီဟ သိလိုက်ပါပြီ၊ ဟိုကောင် ကျော်ကြီးက ဒါကို ပြောမှ ပြောမထားဘဲလေ၊ သီဟ ဘာဆက်ပြောရမှန်းမသိ ဖြစ် သွားရတယ်။

ဟိုလူ မျက်နှာလည်း ပိုပြီးတင်းမာလာတယ်၊ ကြောင်ပြီးရပ် နေတဲ့ သီဟလက်ထဲက ပန်းချီကားကို ဆတ်ခနဲ ဆွဲယူရင်း. . .

"ဟင်း. . ဟင်း. . ဒီပန်းချီကားကိုတဲ့လား၊ ဒီမှာ ဟေ့ကောင်၊ ငါ့အဖေ ဝယ်ရင်တောင် ဒီလို မော်ဒန်ပန်းချီကားတွေ ဝယ်မှာ မဟုတ် ဘူးကွ၊ ငါ့အဖေက ရှေးဟောင်းလက်ရာတွေပဲ ဝယ်သိမ်းတာ၊ မင်း ပန်းချီကားကိုတော့ ငါပဲ ဝယ်လိုက်ပါ့မယ်. . . ကဲ"

ပြောပြောဆိုဆို လက်သီးနဲ့ ပန်းချီကား အလယ်တည့်တည့်ကို





ထိုးချလိုက်တယ်၊ မျိုးဇော် ပန်းချီကားကတော့ စုတ်ပြတ်သတ်သွား ရောပဲ။

အခြေအနေကို သဘောပေါက်ပြီမို့ သီဟဟာ နောက်တစ် လှမ်း ဆုတ်ရင်း ရယ်ကျဲကျဲနဲ့ပဲ. . .

"ဟဲ. . ဟဲ. . ကျွန်တော် နာမည်တူပြီး လိပ်စာမှားသွားတာ ဖြစ်မှာပဲ၊ အဟဲ. . . ခွင့်ပြုပါဦး"

ရှူးသလို ပေါသလို လုပ်ပြီး လှည့်ထွက်ဖို့ ပြင်လိုက်စဉ်မှာပဲ လူမိုက်ပုံစံတွေနဲ့ အဲဒီလူရဲ့တပည့်နှစ်ယောက်က အနားတိုးလာပြန် တယ်။

အဲဒီအချိန်မှာပဲ ရှေ့ကလူက သီဟကို လက်ဆွဲနှုတ်ဆက်တဲ့ ပုံစံနဲ့ လက်ကို ဆတ်ခနဲ ဆွဲပြီး လိမ်ချိုးလိုက်တယ်။

"အာလာလာ. . အ. . နာတယ်ဗျ"

နာသွားလို့ သီဟ အော်လိုက်တယ်၊ သူ့တပည့်တွေကလည်း ရန်မူဖို့ အနားရောက်လာပါပြီ။

ကံကောင်းထောက်မစွာပဲ. . .

ဦးကျော်သောင်းရဲ့မိန်းမဟာ လူကြီးတစ်ယောက်နဲ့ သူတို့အ နား ရောက်လာပြန်တယ်။

"သားရယ်. . . ရှာလိုက်ရတာ၊ ဒီမှာ ဦးဇော်က သားကို တွေ့ ချင်လို့တဲ့"

"အေး. . . မောင်ကျော်ဦးရေ၊ ဦးလည်း စိတ်မကောင်းပါဘူး ကွာ"

စကားအဆုံးမှာ ကျော်ဦးဆိုတဲ့လူက သီဟလက်ကို ဆတ်ကနဲ လွှတ်လိုက်ပြီး. . .

"ဟုတ်ကဲ့ ဦးဇော်. . . ကျွန်တော်လည်း"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ပေးတာနဲ့ သီဟ ဆတ်ခနဲ လှည့်ထွက်လိုက်တယ်၊ အမြန်လစ်မှ ဖြစ်တော့မှာပေါ့။ လှည့်အထွက်မှာ ကျော်ဦးက သူ့တပည့်တွေကို မျက်ရိပ်ပြလိုက်တာ သီဟ မသိလိုက်ဘူး။

ချက်ချင်းပဲ လူတွေကြားထဲ ပြေးဝင်ပြီး ပြေးပေါက်ကို လိုက်ရှာရတော့တယ်၊ စိတ်ထဲမှာလည်း ကျော်ကြီးကို မေတ္တာပို့လို့ပေါ့။

လူတွေကြားထဲ ရုတ်ရုတ်သဲသဲ ဖြစ်မှာစိုးလို့ ကျော်ဦးတပည့်နှစ်ယောက်က ဝရုန်းသုန်းကား လိုက်မလာကြဘူး၊ နောက်ကနေ ခပ်သုတ်သုတ်တော့ လိုက်လာကြတယ်။

ဒါပေမယ့်. . .

တံခါးက ထွက်ပြီး ဘိမ်အပြင်ရောက်တာနဲ့ သီဟကားဆီကို ပြေးရတော့တယ်၊ ကံဆိုးချင်တော့ ကိုယ့်ဂျစ်ကားဆီကို မရောက်သေးဘူး၊ ဟိုနှစ်ကောင်က အပြေးလိုက်လာတော့ နီးစပ်ရာ ကားတစ်စီးရဲ့နောက်ခန်းထဲ ခုန်ဝင်ပြီး ပုန်းလိုက်ရတာပေါ့။

"အွတ်"

"ဘာကြီးလဲဟ"

သူ ယူကြည့်လိုက်တော့ ခေါင်းတစ်ဖက်ပြုတ်နေတဲ့ ဒေါက်မြင့်ဖိနပ် ခွာချွန်ချွန်ပါ။ ကံဆိုးမိုးမှောင်ကျပြီး မှောက်ခုံဖြစ်နေတဲ့ ခွာချွန်ချွန်ပေါ် အရှိန်နဲ့ ထိုင်ချမိလိုက်လို့ အံကြိတ်ခံစားရင်း မျိုးဇော်ရဲ့ တို့အညာမိရိုးဖလာပုံပြင်ကို သတိရသွားတယ်။

(အားလားလား. . . မစားသာဘူးပဲ. . . ဒါနဲ့များ)

"တောက်. . . ဒီအနားမှာ ပျောက်သွားတာကွ၊ အသေအချာရှာဦး၊ ဒီကောင် ခြံထဲမှာပဲ ရှိဦးမှာ"

စကားပြောသံတွေကို ကြားနေရတယ်၊ ကားထဲမှာ ပုန်းရင်း သီဟ အသက်တောင် ပြင်းပြင်းမရှူရဲသလောက်ပဲ၊ မိသွားလို့ကတော့





ဝိုင်းနွှာကြရုံမက လူလိမ်ဆိုပြီး အချုပ်ထဲ ပို့မှာ သေချာတယ်။

အဲဒီအချိန်မှာပဲ. . .

သူ ပုန်းနေတဲ့ ကားကလေးဟာ ရှေ့ခန်းက တစ်ယောက်ယောက် ဝင်ထိုင်လိုက်သလို ငြိမ့်ခနဲ ဖြစ်သွားတယ်၊ ပြီး ကားစက်နှိုးသံကြားလိုက်ရတယ်။

သီဟ မသိမသာ ခေါင်းထောင်ကြည့်လိုက်တော့ ခုနက သူ့ကားကို ဝင်တိုက်တဲ့ ကောင်မလေးကို တွေ့လိုက်ရတယ်၊ ကောင်မလေးကတော့ ကားပေါ်မှာ သီဟ ရှိနေတာ သိပုံမရဘူး၊ ခြံအပြင်ရောက်မှပဲ ပြောဆိုပြီး ဆင်းရတော့မှာပဲလို့ တွေးလိုက်တယ်။

ကားကလေးက မောင်းထွက်ဖို့ နောက်နည်းနည်း ဘက်ဆုတ်နေစဉ်မှာပဲ. . .

"ခဏလေး. . . ခဏလေး. . . ကေရယ် ပြန်တော့မလို့လား၊ ကိုကိုကျော်နဲ့ စကားလေးဘာလေး"

ကားရှေ့က ပိတ်ရပ်ပြီး လူနာ အမဲခြောက် တောင်းတဲ့လေသံနဲ့ ပြောလိုက်သူကတော့ ကျော်ဦးဆိုတဲ့လူပါ။ သီဟ ဘုရားတပြီး တစ်ကိုယ်လုံးကို ကျုံ့ထားရတယ်။

ကေဆိုတဲ့ ကောင်မလေးကတော့ ကျော်ဦးကို ခပ်တည်တည်ပဲ ပြန်ပြောလိုက်တယ်။

"ဒီမှာ ကိုကျော်ဦး၊ ကေ လာတာ အန်ကယ့်နာရေးကြောင့် လာတာနော်၊ ရှင်နဲ့ စကားပြောဖို့ လာတာမဟုတ်ဘူး"

"သူစိမ်းမဆန်ပါနဲ့ ကေရယ်၊ ကေနဲ့ ကိုကိုကျော်ဆိုတာ"

ကျော်ဦး စကားတောင် မဆုံးလိုက်ဘူး၊ ကေက မာဆတ်ဆတ်လေသံနဲ့. . .

"ဘာလဲ. . . စေ့စပ်ထားတာ ပြောမလို့လား၊ ကေသိက



www.burmeseclassic.com

www.burmeseclassic.com



ဖျက်သိမ်းကြောင်း သတင်းစာထဲမှာ တရားဝင် ကြေညာပြီးပြီပဲ၊ ပတ်သက်ပြီး ပြောစရာ မရှိတော့ဘူးလေ. . . မဟုတ်ဘူးလား"

"မဟုတ်သေးပါဘူး ကေရယ်၊ ကိုကိုကျော်ဘက်က ပြန်ပြီး တောင်းဆိုပါရစေ"

အသနားခံတဲ့မျက်နှာလေးနဲ့ ကျော်ဦးက ပြောနေတယ်၊ ကေကတော့ လျှော့ပေးမယ့်ပုံစံကို မရှိတာ။ လေသံက သက်သေခံနေပါတယ်။

"ဒီမှာ ကိုကျော်ဦး၊ ဒါ ကလေးကစားသလို ခုဖျက်လိုက် ခုပြင်လို့ရတဲ့ကိစ္စ မဟုတ်ဘူး၊ စိတ်ကူးယဉ်မနေပါနဲ့. . . သွားပြီ"

ကေက ကားကို မောင်းထွက်ဖို့ လုပ်လိုက်တယ်၊ ကျော်ဦး မျက်နှာကြီးတစ်ခုလုံးဟာ အိုစာသွားပြီး. . .

"ကေ. . . ကေ ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုကျော် ကေကို ချစ်နေတာကိုတော့ အသိအမှတ်ပြုစေချင်တယ်ကွာ၊ ကိုကိုကျော့်ကို မရက်စက်ပါနဲ့ ကေရယ်၊ ကိုကိုကျော်တစ်ယောက်တည်း ဘယ်လိုနေရမှာလဲ"

"လဲသေလိုက်ပေါ့"

ပြောပြီး ကေက ကားကို ဝူးခနဲ မောင်းထွက်လိုက်တယ်၊ ဒါတောင် အမှတ်မရှိတဲ့ ကျော်ဦးက ဖလိုင်းကစ် လှမ်းလုပ်ပြသေးရဲ့၊ ဒါကို မြင်လိုက်ရတဲ့ ကေကလည်း ပြန်လုပ်ပြပါတယ်၊ ဖလိုင်းကစ်တော့ မဟုတ်ဘူး၊ လက်ဝါးထောင်ပြလိုက်တာပါ။ ကျော်ဦးအဖို့ ရင်ခံစရာပါပဲ။

ကားလမ်းမပေါ်မှာ ကေ့ကားလေးဟာ တရိပ်ရိပ် ပြေးနေပါတယ်။ ကေ့ဆံပင်လေးတွေဟာလည်း လေတိုးလို့ လွင့်ဝဲနေကြ တယ်။

မောင်းလာရင်းနဲ့ တစ်နေရာ ရောက်တော့ ကေက ကားလေးကို အရှိန်လျှော့ရင်း နောက်ကြည့်မှန် တစ်ချက်လှမ်းကြည့်လိုက်တယ်။

ပြီးတော့ စကားသံလေး ထွက်လာလေရဲ့။





"ကဲ. . . နောက်မှာ ပုန်းနေတဲ့ သီဟဆိုတဲ့လူ ထွက်လို့ရပါပြီ၊ ဘယ်သူမှ လိုက်မလာတော့ဘူးရှင့်"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



# (၅)

**ဆိုင်**လေးထဲမှာ လူသူရှင်းနေပါတယ်။ အေးစိမ့်နေတဲ့ ကော်ဖီဆိုင်လေးထဲမှာ သီဟနဲ့ ကေတို့ဝိုင်းအပြင် နောက်တစ်ဝိုင်းပဲ ရှိတယ်။

သီဟက ကျေးဇူးတင်စကား ပြောရင်း ကော်ဖီသောက်ဖို့ ဖိတ်ခေါ်လိုက်တာကို မငြင်းဘဲ ကေ လိုက်လာခဲ့တာပါ။

သီဟကပဲ. . .

“ဒီက ကေ့ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိုယ် လူလိမ် မဟုတ်ဘူး ကေ၊ ဖြစ်ပုံကတော့. . .”





ဆိုပြီး အဖြစ်အပျက်ကို ရှင်းပြလိုက်တယ်၊ ကေက နားထောင်နေပြီးမှ ခပ်ညှင်းညှင်းလေး ရယ်တယ်။

ပြီး သီဟကို ကြည့်ရင်း. . .

“ကေ ယုံပါတယ်၊ ယုံလို့ပဲ ကားထဲမှာ ကိုသီဟ ရှိနေတာ ကို ကျော်ဦးကို မပြောခဲ့တာပေါ့”

သီဟ အံ့ဩသလို ကြည့်လိုက်တော့ ကေက မျက်လွှာလေး ချသွားတယ်၊ ခုမှ တွေ့တဲ့ သီဟရဲ့အကြည့်တွေကို ကေ ရင်မဆိုင်ရဲပြန်ဘူး၊ ဘာကြောင့်မှန်း မသိဘဲ ရင်တွေ ဖိုနေသလို ခံစားနေရတယ်။

သီဟကတော့ ကေ့အဖြစ်ကို မရိပ်စားမိတာ အမှန်ပါ၊ အလုပ်အကြောင်းတွေ ပြောရင်း သူ့နာမည်ပါတဲ့ ပန်းချီပြခန်း လိပ်စာကတ်တောင် ပေးလိုက်သေးတယ်။

ကေက လှမ်းယူရင်း. . .

“အင်း. . . အဲဒီဘက် ကြုံရင် ဝင်လာခဲ့ပါ့မယ်၊ ကေကတော့ ဖိတ်စရာ အလုပ်ခန်းလည်း မရှိဘူး၊ ဒါကြောင့် လိပ်စာကတ်လည်း ပေးစရာမရှိဘူး ကိုသီဟရဲ့”

“အာ. . . ရပါတယ် ကေရဲ့၊ ကေ ကြုံရင် ဝင်လာခဲ့လေ”

သီဟ ပေါ့ပေါ့ပါးပါး ပြောလိုက်တာကို ကေက လေးလေးနက်နက် ခေါင်းညိတ်ပြတယ်။

ဒီခဏလေး စကားပြောနေရတာကိုပဲ ကေစိတ်ထဲမှာ သီဟအပေါ် ရင်းရင်းနှီးနှီး ခံစားလာရပြန်တယ်၊ ဒီလို လူတစ်ယောက်အပေါ် အချိန်တိုလေးမှာ လွယ်လွယ်ကူကူနဲ့ ခင်သွားဖို့ဆိုတာ ကေ့ဘဝမှာ တွေးတောင် မတွေးထားခဲ့မိပါဘူးလေ။

ခုတော့. . .

ကေ စိတ်တွေ လှုပ်ရှားနေတာကို သီဟ မရိပ်မိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖုံးဖိနေရတယ်၊ ဘယ်လိုဖြစ်ရပါလိမ့်ကွယ်။

ခဏနေတော့ သီဟက ငွေရှင်းလိုက်ပြီး. . .

"သွားရအောင် ကေ၊ ကျန်ခဲ့တဲ့ကားကို ကိုယ့်သူငယ်ချင်းကို သွားယူခိုင်းရဦးမယ်"

"အင်း. . . ကေလည်း ပြန်တော့မယ်၊ ဒါနဲ့ ကိုကျော်ဦး လက်သီးနဲ့ ထိုးလိုက်တဲ့ ပန်းချီကားက နမြောစရာပဲနော်"

"ရပါတယ်. . . အဲဒါ ကိုယ့်သူငယ်ချင်းရဲ့လက်ရာပါ၊ ပန်းချီကား ပျက်စီးသွားပေမယ့် ကိုယ် ပြဿနာ မဖြစ်တာ တော်ပါသေးတယ်၊ အဲဒါလည်း ကေ ကူညီလို့ပါ"

"မလိုပါဘူး ကိုသီဟရယ်၊ ကေက ဘာပြဿနာမှ မဖြစ်စေချင်ဟဲ့သဘောနဲ့ပါ"

"ဟင်. . . ခုနက ပြောတော့ ကိုယ့်ကို လူလိမ်မဟုတ်တာ ယုံလို့ဆို"

သီဟက ပေါ့ပေါ့ပါးပါးနဲ့ နောက်သလို ပြောလိုက်ပေမယ့်လည်း ကေမျက်နှာလေး ပန်းရောင်ပြေးသွားရင်း. . .

"အာ. . . ကိုသီဟကလည်း၊ အတူတူပဲပေါ့"

ဆိုင်အပြင်ဘက်ရောက်တော့ သီဟက ကေကို နှုတ်ဆက်ပြီး ကားထွက်ငှားလိုက်တယ်။

သီဟကို တစ်ချက်ကြည့်ရင်း ကေတစ်ယောက် သက်ပြင်းက လေး ခိုးချမိပြန်ရဲ့။

ကားကို မောင်းထွက်လာရင်း သီဟ ပေးခဲ့တဲ့ လိပ်စာကတ်က လေးကို ကေ ထုတ်ကြည့်မိပြန်တယ်။ လိပ်စာကတ် ကြည့်နေတဲ့ ကေ့မျက်လုံးလေးတွေဟာ တလက်လက် တောက်ပလို့။ မသိရင် လိပ်စာကို အလွတ်ကျက်နေတဲ့အတိုင်းပါပဲ။





ခဏနေတော့ ဘာကြောင့်မှန်းမသိ၊ ကေနှုတ်ခမ်းပေါ်မှာ ရှက်ပြုံးလေးတစ်ခု ဖူးပွင့်သွားလေရဲ့။

အင်း. . . ကေ့စိတ်ထဲ တစ်ခုခု တွေးလိုက်မိလို့ ဖြစ်မှာပေါ့လေ။

ဒီလိုနဲ့ပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com






## (၆)

နာရီလက်တံတွေ တရွေ့ရွေ့နဲ့ နေ့တွေညတွေကို ဖြတ်သန်းပြီး အချိန်ဟာ လူသားတွေအပေါ်မှာ တအိအိ ဖြတ်သန်းနေပါတယ်။

အဲဒီအချိန်စက်ဝိုင်းကြီးထဲမှာ သီဟနဲ့ ကေတို့လည်း ပါတာပေါ့။ ခုဆိုရင် ကေ တစ်ပတ်တစ်ရက်လောက်ကနေ သုံးရက်တစ်ခေါက်လောက် သီဟ ရှိနေတဲ့ ပန်းချီပြခန်းကို ရောက်တတ်နေပါပြီ။

သီဟနဲ့ ကေတို့ကြားက ခင်မင်မှုဟာလည်း ပိုပြီးရင့်မှည့်လာခဲ့တာ အသေအချာပါပဲ၊ တစ်ခါတစ်ခါ စကားပြောနေကြရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကောင်းတဲ့ သီဟကို ငေးကြည့်နေမိတဲ့ ကေ့မျက်လုံးလေး တွေဟာ အရောင်တွေ တလက်လက်နဲ့။

ကေဘက်က ပိုပြီးခင်တွယ်နေတာ သီဟတင် မဟုတ်ဘူး၊ ပြခန်းမှာ ရှိနေတဲ့ ခိုင်လေးတောင် မိန်းမချင်းမို့ ရိပ်မိပါတယ်။

တစ်ခါတစ်ခါ ခိုင်လေးက သီဟကို စတယ်။

"ခိုင်လေး သိပါတယ်နော်၊ မကေက ကိုသီဟကို ကြွေနေတာ"

"ဟာ. . . ခိုင်လေးနော်၊ ငါတို့က ရိုးရိုးသားသား ခင်တာ၊ နင် လိုက်ကျပ်မနေနဲ့"

"ဘာလို့ ကျပ်ရမှာလဲ၊ မိန်းမချင်း ခိုင်လေး သိတာပေါ့၊ ခုခေတ် က မိန်းမကြိုက်တော့ စိုက်စိုက်လာ"

ခိုင်လေးစကားဟာ လမ်းတစ်ဝက်မှာပဲ ရပ်သွားရတယ်၊ တိုက် တိုက်ဆိုင်ဆိုင်ဆိုသလို ပြခန်းထဲကို ကေဝင်လာတာကိုး၊ နားစွန်နားဖျား ကြားလိုက်ရဟန်တူတဲ့ ကေမျက်နှာလေးဟာ နီရဲနေတယ်။

ဒါပေမယ့် ကေ မသိချင်ဟန် ဆောင်လိုက်ပါတယ်၊ မျက်နှာမှာ တော့ ရှက်ငွေ့တွေ မပြယ်သေးဘူး။

သီဟကို မရဲတရဲလေး ကြည့်လိုက်ပြီးမှ. . .

"လမ်းကြုံတာနဲ့ ဒီဘက်ကို ဝင်လာခဲ့တာ၊ ကိုသီဟ ရှိမယ် တောင် မထင်ဘူး"

ခါတိုင်းဆို ကေက ဒီလို မနက်ပိုင်းတွေ လာလေ့မရှိတာ ကြောင့် ခုလို ပြောလိုက်တာပါ။

သီဟ ဘာမှမပြောခင်မှာပဲ ခိုင်လေးက. . .

"အမလေး. . . မကေရယ်၊ ကိုသီဟကလည်း ဒီနေ့ မကေ မနက်ပိုင်း လာလိမ့်မယ်ဆိုတာ ကြိုသိနေလား မသိဘူး၊ ထူးထူး ဆန်းဆန်း မနက်ပိုင်း ရောက်နေတာ"





ခိုင်လေးစကားကြောင့် နှစ်ယောက်စလုံး မျက်နှာအထား ခက် ကုန်ကြတယ်။

ဒီမှာ ဆက်နေရင် ခိုင်လေး ဆက်ချွန်နေမှာစိုးလို့ သီဟက ပဲ. . .

"ကဲ. . . ကေ ဒီမှာ ဆက်နေရင်တော့ ခိုင်လေးက ပြောလို့ ပြီးတော့မှာ မဟုတ်ဘူး၊ ဘာစားပြီးပြီလဲ၊ တစ်ခုခု သွားစားရအောင်"

"သွားလေ"

ကေက မပွင့်တပွင့်လေး ပြန်ဖြေတယ်၊ ဒီလိုထွက်လာကြတာ တောင် ခိုင်လေးက လှမ်းပြောလိုက်သေးရဲ့။

"သွားပါရှင်. . . သွားပါသွားပါ၊ ဒီမှာဆိုတော့ စကားပြောရ တာ ဘယ်လွတ်လပ်မလဲနော့"

သီဟလည်း ခိုင်လေးကို ရွဲ့ချင်လာတာနဲ့. . .

"အေး. . . ဟုတ်တယ်ဟေ့၊ ညည်းလည်း လောလောလတ် လတ် အသည်းကွဲနေတဲ့ မျိုးဇော်ကို လွတ်လွတ်လပ်လပ် နှစ်သိမ့်လို့ရ အောင် ငါတို့ ရှောင်ပေးတာ"

"ကိုသီဟနော်"

ခိုင်လေး ဆက်မပြောနိုင်တော့ပါဘူး၊ ဟုတ်လည်း ဟုတ်တာ ကိုး၊ ခုတလော ရည်းစားနဲ့ ပြတ်ပြီး အသည်းကွဲနေတဲ့ မျိုးဇော်ကို ခိုင်လေးက ကြိတ်သနားနေတာ သီဟ သိတာပေါ့။

အဲဒီအခိုက်မှာပဲ စုတ်တံတစ်ချောင်း ပါးစပ်မှာ ကိုက်ပြီး တစ်ချောင်းက လက်က ကိုင်ရင်း အခန်းတံခါး ဟကာ မျိုးဇော် ထွက် လာတယ်။

"ဘာဖြစ်တယ် ခိုင်လေး"

ခိုင်လေး ရှက်မွှန်ပြီး ကော်ဖီခွက်ထဲ ရေခဲရေဘူး ဖွင့်လောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"ဘာမှမဟုတ်ဘူး"

"စောစောက သီဟ ပြောတာလေ၊ ငါ့ကို အနှီးပိတ် ပေးမယ် ဆိုလား"

"ဟာ. . . ဒုက္ခပါပဲ၊ ဘာတွေကြားပြီး ဘာတွေလာပြောနေမှန်း မသိဘူး"

"အေး. . . ငါလည်း အဲဒါ စဉ်းစားနေတာ၊ အနှီးပိတ်ကို ငါက ဘာလုပ်ရမှာလဲ၊ ဒီကောင်လည်း ကောင်မလေးချောချောနဲ့ တွဲမိတာနဲ့ ဂေါက်ချင်နေပြီလား မသိဘူး"

မျိုးဇော် ပြောရင်းနဲ့ စုတ်တံတွေ ချပြီး ကော်ဖီခွက်ကို ယူ သောက်တယ်။

"ဖလူး. . ဖူး. . . ဘာတွေလဲဟ"

"ကော်ဖီအေးလေ. . . ခိခိခိ"

နှစ်ယောက်သား ဆိုင်ထဲ ရောက်ရောက်ချင်းပဲ ကေက မေး လာတယ်။

"ကိုသီဟ. . . ဟိုလေ. . . ကိုမျိုးဇော်က တကယ်ပဲ အသည်း ကွဲနေတာလား"

သီဟက မပွင့်တပွင့် ပြုံးတယ်။ ပြီး. . .

"ရည်းစားနဲ့ ပြတ်တာကတော့ ဟုတ်ပါတယ်၊ အသည်းကွဲနေ တာကတော့ ဟုတ်မဟုတ် မသိဘူး၊ ဒီကောင်က အဲဒီလိုပဲ ဇာတ်နာပြ တတ်တယ်"

"ဟင်. . . တကယ်"

"ဟုတ်တယ် ကေရဲ့၊ သူ့ဘာသူ ရည်းစားနဲ့ ပြတ်တာတောင် ကိုယ့်ကို လှမ်းပြောနေသေးတယ်"





"ဘာပြောတာလဲ ကိုသီဟရဲ့"

မသိသလိုလေး မေးနေတဲ့ ကေ့ကို ကြည့်ပြီး သီဟ အသဲယား လာတယ်။

ဒါနဲ့ပဲ ကေ့ကို စေ့စေ့ကြည့်ပြီး. . .

"ကိုယ့်အလှည့်ကျရင် ကေနဲ့ ပတ်သက်ပြီး ဒီလိုမဖြစ်စေနဲ့တဲ့"

"အယ်. . . ကိုမျိုးဇော်ကလည်း၊ ဘာမှလည်း မဆိုင်ဘူး"

"ဟုတ်လို့လား ကေရဲ့၊ ကိုယ်နဲ့ ပတ်သက်ပြီး ကေ့စိတ်ထဲမှာ ဘာမှ မရှိဘူးလား"

ကေက ခေါင်းကလေး ငုံ့သွားရင်း. . .

"ဘာရှိရမှာလဲလို့"

အရှက်သည်းနေတဲ့ ကေ့ကို ကြည့်ပြီး သီဟစိတ်ထဲ ကျလိ ကျလိ ဖြစ်လာတယ်၊ ဒီကောင်မလေးနဲ့ ရည်းစားဖြစ်ရရင် မဆိုးဘူးလို့ တွေးလိုက်မိရဲ့။

ဒါကြောင့် ခုံပေါ် တင်ထားတဲ့ ကေ့လက်ကလေးပေါ် အုပ်ကိုင် လိုက်ပြီး. . .

"ကေ. . ."

ခေါင်းကလေး မော့လာရင်း ကေ မျက်ဝန်းတံခါးလေး ပွင့် လာတယ်။

သီဟက. . .

"ကိုယ် ကေ့ကို ချစ်တယ်လို့ ပြောရဦးမှာလား ကေ၊ ကိုယ့် မျက်လုံးထဲ မြင်အောင် ကြည့်ကြည့်ပါလား"

"အို. . ."

ကယောင်ချောက်ချားလေးတွေ ရေရွတ်ရင်း ကေ့မျက်နှာလေး ငုံ့ကျသွားလေရဲ့၊ အာစေးမိထားသလို ဘာစကားမှ မပြောနိုင်သဲ ကေ



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးဟာ သီဟလက်ထဲမှာ တဆတ်ဆတ် တုန်နေတယ်။

အချစ်ဆိုတာကို သီဟ အသေအချာ နားမလည်သေးပေမယ့် သီဟ သိလိုက်ပါတယ်၊ ကေဟာ သူ့လက်ကို မရုန်းဖယ်နိုင်သလိုပဲ နှလုံးသားကိုလည်း အလိုလိုက်လိုက်ရပြီဆိုတာပါ။

သီဟတစ်ယောက် ရည်းစားထားရတာ တစ်ခါတစ်ခါ ကစားပွဲ တစ်ခုလိုပါလားလို့ တွေးမိနေသေးသည်။

ဒါပေမယ့် နှလုံးသားနဲ့ ရင်းပြီး ကစားရင် အရှုံးဆိုတာကို လက်ခံနိုင်ပါ့မလားဆိုတာကိုတော့ သီဟ မစဉ်းစားမိခဲ့ပါဘူး။

ဘဝမှာ နှလုံးသားနဲ့ ရင်းပြီး ကစားရတဲ့ပွဲတွေ အချိန်မရွေး ရှိလာနိုင်ပါတယ်။

ဒါပေမယ့်လည်း ကြိုတင်ပြင်ဆင်ထားဖို့ ဘယ်သူမှ မတတ် နိုင်သေးတာလဲ ဓမ္မတာပါပဲ။

လောလောဆယ်မှာတော့ ကေ့ နှလုံးသားဟာ သီဟလက်ထဲ မှာပဲ တဆတ်ဆတ် တုန်နေလို့လေ။





(၅)

"ဟေ. . . ဘယ်လို ဘယ်လို မင်းတကယ်ပြောနေ တာလား သီဟ"

မျိုးဇော်ရဲ့အလန့်တကြားအမေးကို သီဟက ရယ်ကျဲကျဲနဲ့ပဲ. .

"အေးလေ. . . ဘာဖြစ်လို့လဲကွ၊ ကေနဲ့ငါ ရည်းစားတွေ ဖြစ် သွားတာ ဆန်းသလား၊ မင်းပဲ မြှောက်ပေးတုန်းက မြှောက်ပေးပြီး တော့"

ပြောရင်း ဆံပင်ရှည်တွေကို သပ်သပ်ရပ်ရပ် စည်းနှောင်နေတဲ့ သီဟကို မျိုးဇော်က မမြင်ဖူးသလို ကြည့်နေတယ်။

ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ. . . မြန်သလားလို့ပါ၊ ဒါနဲ့ မင်း ကေ့ကို တကယ်ချစ်သွားတာလား"

အမေးစကားကြောင့် သီဟက ပြုံးတယ်။

"ဒီမှာ မျိုးဇော်၊ အချစ်ဆိုတဲ့ ဘာသာရပ်ကို ငါ မကျွမ်းကျင်ဘူး၊ ကေက လှတယ်၊ ငွေကြေးပြည့်စုံတယ်၊ နောက်ဆုံး သူနဲ့ လက်ထပ်ရရင်တောင် ငါ့အတွက် အရှုံးမရှိဘူး၊ ပြီးတော့ ကေနဲ့ တွဲနေရတာ ငါ စိတ်ချမ်းသာတယ်"

"မဟုတ်သေးပါဘူးကွာ. . . မင်းဟာကြီးကလည်း"

မျိုးဇော်က မကြည်သလို ပြောလာတယ်၊ သီဟက မျက်ခုံးပင့်ပြရင်း. . .

"အဘိဓမ္မာတွေတော့ လာမဖွင့်ပြနဲ့ မျိုးဇော်၊ ငါတို့နှစ်ယောက် အဆင်ပြေနေရင် ပြီးတာပဲ မဟုတ်လား၊ ဟိုတစ်ရက်ကတောင် ကျော်ဦးဆိုတဲ့လူကြီးနဲ့ ငါတို့ ဆုံသေးတယ်"

"ဟေ. . . ဟုတ်လား"

တကယ်တော့ ကျော်ဦးဆိုတာက ကေနဲ့ စေ့စပ်ဖူးပြီး ကေ့ဘက်က ပြန်ဖျက်သိမ်းခဲ့တာပါ၊ ဘာကြောင့်လဲလို့တော့ သီဟ မမေးမိပါဘူး၊ ဒါပေမယ့် ကျော်ဦးကတော့ ခုထိ ကေ့ကို မျှော်လင့်နေသေးတာ အသေအချာပဲ၊ ကေကတော့ ကျော်ဦးအပေါ် ဘာစိတ်မှ မရှိတော့ဘူးလို့ သီဟ ထင်မိတယ်။

အဲဒီနေ့က စားသောက်ဆိုင်ထဲမှအထွက် ကျော်ဦးနဲ့ ဆုံတာပါ၊ ကေဘေးမှာ ပါလာတဲ့ သီဟကို မှတ်မိသလို တစ်ချက်စိုက်ကြည့်ပြီး ကျော်ဦးက ကေ့ဘက်ကိုပဲ လှည့်လိုက်တယ်။

"ကေ ဒီနေ့ ဘာနေ့လဲ ကေသိလား"

"မသိဘူးလေ. . . ဘာနေ့ဖြစ်ဖြစ် ဘာလုပ်ဖို့လဲ"





ကေက မှုန်တေတေ ပြန်ဖြေတယ်၊ ကျော်ဦးက လက်ဖျောက်တီးလိုက်တာနဲ့ သူ့တပည့်တစ်ယောက်က ကားထဲက နှင်းဆီပန်းစည်းကြီး ယူလာပေးတယ်။

ကျော်ဦးက ပန်းစည်းကို ကေ့ကို လှမ်းပေးရင်း. . .

"ရော့. . . ကေ၊ ဒီနေ့ ကေ့မွေးနေ့လေ၊ ကိုကိုကျော်ရဲ့မွေးနေ့လက်ဆောင်ပါ၊ ကေ့ကို ဒီ့ထက်မက လုပ်ပေးချင်ပေမယ့်. . ."

ကျော်ဦးအသံက တိမ်ဝင်သွားတယ်၊ ကေရင်ထဲမှာလည်း တစ်မျိုးလေး ဖြစ်သွားရဲ့၊ ကေကိုယ်တိုင် ကိုယ့်မွေးနေ့ကို တကယ်မေ့နေတာပါ၊ ကျော်ဦးကတော့ ကေနဲ့ ပတ်သက်ပြီး အသေးစိတ် မှတ်ထားပုံပါပဲ။

"ကျေးဇူးပဲ ကိုကျော်ဦး"

ပန်းစည်းကို လှမ်းယူပြီး ကေက အပြုံးပါးပါးနဲ့ ပြောလိုက်တယ်၊ ဒီစကားလေးကိုပဲ ကျော်ဦးမှာ ပီတိတွေ ဖြာလို့။

ကေကို မြတ်မြတ်နိုးနိုး ကြည့်နေတဲ့ ကျော်ဦးမျက်နှာဟာ ခပ်လှမ်းလှမ်းမှာ ရပ်နေတဲ့ သီဟကို ကြည့်ပြီး ဖျတ်ခနဲ အရောင်ပြောင်းသွားတယ်။

ရုတ်တရက်ဆိုသလို သီဟဆီ ခြေလှမ်းကျဲကျဲနဲ့ လျှောက်လာရင်း စေ့စေ့ကြည့်တယ်။

သီဟလည်းပင်းက အင်္ကျီစကို ကိုင်လိုက်ရင်း. . .

"ဟေ့ကောင် လူလိမ်၊ မင်း ကေ့ကို ဘာတွေနဲ့ လှည့်ဖြားသိမ်းသွင်းထားတာလဲ"

သီဟ တင်းသွားရတယ်၊ ကျော်ဦးလက်ကို ဆွဲဖြုတ်လိုက်ရင်း. . .

"ဟေ့လူ. . . ကျုပ် လူလိမ်မဟုတ်ဘူး၊ ကေကိုလည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြားယောင်းဘူး၊ မယုံရင် ခင်ဗျား သူ့ကို မေးကြည့်ပါလား"

ကျော်ဦးက တစ်ခုခု ထပ်လုပ်ဖို့ ဟန်ပြင်လိုက်တယ်။ ဒါတင် မကသေးဘူး၊ သူ့တပည့်နှစ်ယောက်ပါ အနားကပ်လာတယ်။

ဒါပေမယ့်. . .

ကျော်ဦး ဘာမှ မလုပ်လိုက်ရပါဘူး၊ ဟန်ပြင်နေတုန်းမှာပဲ ကေကေ သူ့လက်ထဲက ပန်းစည်းနဲ့ ကျော်ဦးကျောပြင်ကို တဖုန်းဖုန်း ရိုက်ပါတော့တယ်။

ပါးစပ်ကလည်း ဒေါသသံနဲ့. . .

"ရှင် ဘာလုပ်မလို့လဲ ကိုကျော်ဦး၊ အနိုင်မကျင့်နဲ့နော်၊ ကိုသီဟ ကို ထိရင် ကျွန်မ ခံမှာမဟုတ်ဘူး"

ကျော်ဦး ဘာမှ ပြန်မပြောဘူး၊ ကေ့ကို တွေတွေကြီး စိုက်ကြည့်နေတယ်၊ ပြီးမှ သီဟဘက် လှည့်ရင်း တောက်တစ်ချက် ခေါက်လိုက်တယ်။

အဲဒီအချိန်မှာပဲ ကေကေ သီဟလက်ကို ဆွဲလိုက်ရင်း. . .

"လာ. . . ကိုသီဟ၊ ဒီလူနဲ့ ဖက်ပြီး ရန်ဖြစ်မနေနဲ့၊ အလကား အနိုင်ကျင့်ဖို့ပဲ တွေးနေတဲ့လူကြီး"

စူပွပွ ပြောရင်း ကေကေ လှည့်ထွက်လိုက်တယ်၊ ကျော်ဦးခမျာ မှာတော့ ကေနောက်ကျောကို ကြည့်ရင်း လေပူကြီး မှုတ်ထုတ်လိုက် လေရဲ့၊ ကေ ဘယ်လိုပဲပြောပြော ကျော်ဦး စိတ်မနာနိုင်တာ တကယ်ပါ။

အဖြစ်အပျက်ကို ပြောပြရင်း သီဟက ကျေနပ်သလို ပြုံးနေ တယ်။

မျိုးဇော်က သီဟကို ကြည့်ရင်း. . .

"အင်း. . . မင်းအပေါ်တော့ ကေကေ ချစ်လို့ ဖြစ်ပါလိမ့်မယ် ဘယ်လိုပဲဖြစ်ဖြစ် မင်း ကေ့အချစ်ကိုတော့ တန်ဖိုးထားသင့်တယ်





သီဟ"

"ငါ နားလည်ပါတယ်ကွာ"

ပြောရင်း စားပွဲအံဆွဲထဲက စာကြည့်မျက်မှန်ကို သီဟ ထုတ် လိုက်တယ်၊ သီဟ မျက်စိက အနီးမှုန်ပါ။ စာကြည့်ရင် မျက်မှန်တပ် ရလေ့ရှိတယ်။

သီဟက မျက်မှန်တပ်ရင်း. . .

"ငါလည်း မျက်မှန်ထပ်လုပ်ရဦးမယ် မျိုးဇော်၊ ဒီမျက်မှန်က သိပ်မကောင်းချင်တော့ဘူး"

"တစ်ရက် သွားလုပ်လိုက်ပေါ့"

မျိုးဇော်က ပြီးစလွယ် ပြောတယ်၊ အဲဒီအချိန်မှာပဲ ခိုင်လေး စားပွဲပေါ်က ဖုန်းမြည်လာပါတယ်၊ ခိုင်လေးက နားထောင်လိုက်ပြီး. .

"ကိုသီဟတဲ့. . . မကေ ဆက်တာ"

စာကြည့်မျက်မှန် ချွတ်ပြီး သီဟ ဖုန်းသွားကိုင်လိုက်တယ်၊ တစ်ခွန်းနှစ်ခွန်း ပြောပြီး မျိုးဇော်ဘက် လှည့်လိုက်ရင်း. . .

"ကေ ဆက်တာကွ၊ ညဘက် ထမင်းစားဖို့ ဖိတ်တာ"

"မင်းရဲ့ကေက ဘယ်မှာ နေတာတဲ့လဲ"

"ငါလည်း ခုမှ သွားရမှာ၊ လိပ်စာကတော့ ဝင်ဒါမီယာထဲမှာပဲ"

"ဩော်. . ."

သူများသားသမီးတွေ ကံကောင်းလိုက်ပုံများ။ မျိုးဇော်ဘာသာ တွေးရင်း တံတွေးမျိုချပြီး ခိုင်လေးကို ကြည့်လိုက်တယ်။

"နင်ရော ငါ့ကို ဘယ်တော့ ထမင်းစား ဖိတ်မှာလဲ"

ခိုင်လေး ကြောင်အ,ပြီး လှည့်ကြည့်တော့ သီဟက. . .

"ဒီအတိုင်းတော့ မဖိတ်နဲ့ဟေ့. . ၊ ခန့်ခန့်ညားညားလေးဖြစ် အောင် ဖိတ်စာလေးနဲ့ဖိတ်"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်လေး သဘောပေါက်ပြီး ရှက်ရှက်နဲ့. . .

"အင်း. . . ဟုတ်တယ်နော်၊ ကိုမျိုးဇော်က ရည်းစားနဲ့ ကွဲပြီး အသည်းနာတယ် ရင်နာတယ် စိတ်နာတယ်ပဲ ပြောနေတော့ နာရေးဖိတ်စာပဲ ရိုက်ဖိတ်လိုက်ရင် ကောင်းမယ်"

"ဟမ်"





## (၅)

ကေတို့အိမ်ရှေ့ ရောက်ရောက်ချင်း သီဟ အံ့ဩသွားရတယ်၊ ခြံထဲက အိမ်ကို ကြည့်ပြီး ကေတို့ တော်တော်ချမ်းသာတယ်ဆိုတာ ငြင်းလို့မရအောင်ပါပဲ။

ကားဟွန်းတီးလိုက်တော့ ခြံစောင့်က တံခါးလာဖွင့်ပေးတယ်၊ ကေ ဖိတ်လို့သာ လာရတယ်၊ ပထမဆုံး ရောက်ဖူးတာဆိုတော့ သီဟ စိတ်ထဲမှာ တစ်မျိုးပဲ။

အိမ်ရှေ့မှာ ကေက ထွက်စောင့်နေပါတယ်၊ သီဟကို မြင်မြင်ချင်း ကေက. . .

"လာ. . . ကိုသီဟ၊ လာတာ စောသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကေက အပြုံးလဲ့လဲ့နဲ့ အိမ်ထဲကို ဝင်သွားတယ်၊ အိမ်ထဲက ခေတ်မီသားနားတဲ့ အသုံးအဆောင်တွေကို ကြည့်ပြီး သီဟ နည်းနည်းတော့ ဖျားသွားတာ တကယ်ပါ။

အိမ်က ကြီးသလောက် အိမ်ထဲမှာ ကေ့အပြင် အလုပ်သမားတွေသာ တွေ့ရတယ်၊ မိဘတွေလည်း မတွေ့မိလို့ သီဟက. . .

"ကေ့မိဘတွေလည်း မတွေ့ပါလား"

ကေက လှည့်ကြည့်ပြီး. . .

"မေမေက ဆုံးပြီလေ၊ ဖေဖေကတော့ နိုင်ငံခြားမှာ နေတာ"

"ဟင်. . . . ဒါဆို ဒီမှာ အလုပ်သမားတွေကလွဲရင် ကေတစ်ယောက်တည်းပေါ့"

ပြုံးရင်း ကေက ခေါင်းခါတယ်။

အင်းပေါ့လေ. . . ဒီမှာ ဆွေမျိုးတွေတော့ ရှိမှာပေါ့။

ကေက သီဟကို ထမင်းစားခန်းထဲအထိ ခေါ်သွားတယ်၊ စားပွဲမှာ ဝင်ထိုင်ထိုင်ချင်း ချက်ထားတဲ့ အစားအသောက်တွေ ကြည့်ပြီး ဒီလို သူ့ကို အိမ်အထိ ခေါ်တာဟာ ပေါ့သေးသေး မဟုတ်ဘူးလို့ သီဟ တွက်ထားလိုက်တယ်။

"ကဲ. . . ကိုသီဟ တစ်ခါတည်း စားတော့မှာလား"

သီဟက ခေါင်းခါရင်း. . .

"ခဏလေး. . . ကိုယ် တွိုင်းလက် သွားချင်လို့"

ကေက မျက်ခုံးနှစ်ဖက် ပင့်ပြီး. . .

"ဒီတည့်တည့်ဝင်သွားပြီး ညာချိုးလိုက်၊ အဲဒီမှာ ရှိတယ်၊ လိုက်မပို့ပေးတော့ဘူးနော်၊ နောက်လည်း သွားတတ်အောင် ကိုယ့်ဟာကိုယ်ပဲ သွားလိုက်"

ကေ့စကားကြောင့် သီဟ ပြုံးမိပြန်တယ်။ ဒီလောက်ဆိုရင်





ကေ သူ့အပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ သီဟ ရိပ်မိပါပြီ။

လမ်းညွှန်ပြလိုက်တဲ့အတိုင်းပဲ သီဟ လိုက်သွားတယ်၊ အိမ်ကကြီးပေမယ့် သိပ်ရှာစရာ မလိုလိုက်ပါဘူး၊ ရေချိုးခန်းနဲ့ တွဲထားတဲ့ တွိုင်းလက်ကို တွေ့ပါတယ်။

တံခါးရှေ့မှာ ရပ်ရင်း ဆွဲဖွင့်လိုက်တာနဲ့ သီဟပါးစပ်က အမေဋ္ဌိတ် ထွက်သွားတယ်။

"ဟာ. . . ဆောရီး"

သီဟ ဘွားခနဲ တွေ့လိုက်ရတာက ရေချိုးပြီး မွေးပွသဘက်ပတ်ပြီး ထွက်လာတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပါ။ ကိုယ်က အဝင် သူကအထွက်နဲ့ တိုက်ဆိုင်သွားတယ် ထင်ပါရဲ့။

မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ မိန်းကလေးက ကြောင်ပြီး ရပ်နေသေးတယ်။

ပြီးမှ သတိဝင်လာပြီး သီဟကို လက်ညှိုးထိုးရင်း. . .

"ရှင်. . . ရှင်က ဘယ်သူလဲ"

"ဗျာ. . . ကျွန်တော်က သီဟပါ၊ ကေ ထမင်းစား ဖိတ်ထားလို့ လာတာ၊ တွိုင်းလက်သွားချင်တာနဲ့"

"သြော်. . . သိပြီ. . သိပြီ၊ ကေတော့ ပြောဖူးတယ်"

ပြောရင်းနဲ့ ရေချိုးခန်းက ထွက်လာတဲ့ သူ့ကို သီဟက သတိလွတ်ပြီး ကြည့်နေလို့ မျက်နှာလေး ရဲသွားတယ်။

သီဟကို ပြန်ကြည့်ပြီး. . .

"သွားမယ်ဆိုလည်း သွားလေ"

"သြော်. . . အင်း. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့"

အယောင်ယောင် အမှားမှားနဲ့ သီဟ တွိုင်းလက်ထဲ ဝင်လိုက်ရတယ်။ စိတ်ထဲမှာလည်း အတွေးတွေ ဝေလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်သူလဲ၊ ကေနဲ့ ဘယ်လို ပတ်သက်တာလဲ၊ ကေထက် ကြီးမယ့်ပုံဆိုတော့ ကေ့အစ်မပဲလား။

တွေးရင်းနဲ့ ခေါင်းလျှော်ပြီးစ မိန်းကလေးတစ်ယောက်ရဲ့ ရေစိုအလှက သီဟအတွေးထဲမှာ တဝဲဝဲ လည်နေလေရဲ့။ မျက်စိမှိတ်လိုက်ပေမယ့် ပေါ်ပေါ်လာတာကို ထိန်းမရဘူး။

တွိုင်းလက်အပြန် ကေရှိတဲ့ ထမင်းစားခန်းကိုပဲ တန်းသွားလိုက်တယ်။

သီဟ ရောက်သွားတော့ ကေက. . .

"ကိုသီဟ စောင့်လက်စနဲ့ ခဏလေးနော်၊ မမနဲ့ မိတ်ဆက်ပေးချင်လို့ ထမင်းစား ခေါ်ထားလို့"

"ဩော်. . . ရပါတယ် ကေရဲ့"

ပြောရင်းနဲ့ ခုနက တွေ့ခဲ့တာတော့ အစ်မပဲလို့ သဘောပေါက်သွားမိတယ်၊ ကေ့လို ခေတ်ဆန်လှတာ မဟုတ်ဘဲ ကေ့အစ်မ မျက်နှာလေးက အေးအေးချမ်းချမ်း လှတာပဲလို့ တွေးရင်း အတွေးထဲမှာ ပုံရိပ်ကလေးက ပြန်ပေါ်လာပြန်တယ်။

တွေးရင်း သက်ပြင်းချလိုက်လို့ ကေက. . .

"ကိုသီဟ ပျင်းနေပြီလား. . . ခဏလေးပါ"

"ဟာ. . . မဟုတ်ပါဘူး ကေရဲ့၊ ရပါတယ်"

မလုံမလဲ ပြန်ပြောလိုက်ရတယ်၊ ကေ့ရှေ့မှာ သူ့အစ်မအကြောင်း တွေးနေမိတာလည်း စိတ်ထဲကကို အားနာသွားမိတယ်၊ ကေကတော့ ဘာမှ ရိပ်မိပုံ မပေါ်ပါဘူး။

အဲဒီခဏလေးကို သီဟစိတ်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်နေမိတာတကယ်ပါ။ သိပ်မကြာပါဘူး၊ ခုနက တွေ့ခဲ့တဲ့ ကေ့အစ်မဟာ မရိုးမယဉ်လေး ဝတ်ဆင်ပြီး ထမင်းစားပွဲရှေ့ ရောက်လာတော့တယ်၊





ရေမွှေးနံ့ သင်းရှရှနဲ့အတူ ဝင်ထိုင်လိုက်စဉ်မှာပဲ ကေက မိတ်ဆက်ပေးပါတယ်။

"ကိုသီဟ. . . ဒါ ကေ့အစ်မ မေလေ၊ မေ ဒါက ကေပြောတဲ့ ကိုသီဟ"

"တွေ့ရတာ ဝမ်းသာပါတယ်"

ခုနက အဖြစ်ကို တွေးမိပြီး သီဟ မလုံမလဲ ဖြစ်သွားပေမယ့် မသိချင်ဟန်ဆောင်ပြီး ပြန်နှုတ်ဆက်လိုက်တယ်။

"ဟုတ်ကဲ့. . . မေနဲ့ တွေ့ရတာလည်း ကျွန်တော် ဝမ်းသာပါတယ်"

"ဟင်. . . ကိုသီဟကလည်း၊ မေ့ကို ကျွန်တော်တဲ့၊ မေက ခုမှ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ ကိုသီဟရဲ့"

"ဟုတ်လား. . . ကိုယ်နဲ့ အတူတူပဲလေ၊ မေရဲ့၊ နှင်နဲ့ငါ ပြောလို့ ဘယ်ဖြစ်မလဲ"

"ဟုတ်တာပေ့ါ ကေရဲ့"

မေ့စကားကြောင့် ဘာရယ်မဟုတ်ဘဲ သုံးယောက်သား ရယ်မိကြတယ်။

စားသောက်နေတုန်းမှာပဲ ဖုန်းမြည်လာလို့ ကေက ဖုန်းထပြောပြန်တယ်။

နှစ်ယောက်တည်း ရှိတော့မှ မေက အကဲခတ်သလို ကြည့်ရင်း စကားစလာတယ်။

"ကိုသီဟနဲ့ကေ ချစ်သူတွေ ဖြစ်တာ ကြာပြီလား"

တဲ့တိုးကြီး မေးလာလို့ ရုတ်တရက် သီဟ ကြောင်အမ်းသွားရတယ်၊ ပြီးမှ မေ့မျက်နှာကို ပြန်ကြည့်ရင်း. . .

"သိပ်မကြာသေးပါဘူး မေ၊ နှစ်လလောက်ပဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ပထမတော့ ကေက ရှင့်ကို ထမင်းစား ဖိတ်မယ် ပြောတော့ အံ့သြသွားသေးတာ၊ ကေက ဒီလိုဖိတ်တဲ့လူ မကြုံဖူးလို့လေ"

"ဟုတ်လား. . . ဒါဆို ကျွန်တော် ဂုဏ်ယူရမှာပေါ့"

သီဟအပြောကြောင့် မေက ဆတ်ကနဲ ပြန်ကြည့်လာတယ်။

"ဒီမှာ ကိုသီဟ၊ ကျွန်မက အစ်မတစ်ယောက်အနေနဲ့ မေးတာပါ။ ရှင် ကေနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ မျှော်လင့်ထားလဲ"

"ဒါကတော့ ကေ့သဘောပါ"

သီဟ ခပ်ပြတ်ပြတ်ပဲ ဖြေလိုက်ပါတယ်၊ စိတ်ထဲကလည်း မေ သူ့ကို ခုလိုမေးနေတာ သိပ်ကောင်းတဲ့ရလာဒ် မဟုတ်ဘူးလို့ သဘော ပေါက်လာတယ်။

"ဒါနဲ့ ကိုသီဟက ဘာအလုပ်လုပ်တာလဲ"

"ကျွန်တော် ပွဲစားအလုပ် လုပ်ပါတယ် မေ"

"ဩော်. . . ဩော်"

အသံက ရွဲ့သလို ခနဲ့သလိုလို အသံမျိုး။

ပြီးတော့ မေက ဆက်ပြောသေးတယ်။

"ကေ ခုလိုအနေအထား ရှိတာ အစောကြီးကတည်းက ကို သီဟ သိခဲ့တာလား"

"ကျွန်တော် ခုမှ ဒီအိမ်ကို ရောက်ဖူးတာပါ"

အဲဒီအချိန်မှာပဲ အပြုံးပါးပါးနဲ့ ကေ ပြန်ရောက်လာတယ်၊ သူ အစ်မ မေကို ကြည့်ရင်း. . .

"ကြည်ပြာတို့ ဖုန်းဆက်တာ မေရဲ့၊ ကိုသီဟနဲ့ ကေ့ကို ပြ ထဲမှာ တွေ့လို့ဆိုပြီး ဝိုင်းစနေကြတာ"

မေက မပြုံးချင်ပြုံးချင်နဲ့ ပြုံးတယ်၊ ပြီးမှ. . .



"ဟုတ်လား. . . ဒါနဲ့ ကေတို့ စားကြနော်၊ မေ နားချင်လို့ သွားတော့မယ်၊ ခွင့်ပြုပါဦး ကိုသီဟ"

"ဟုတ်ကဲ့ပါ မေ"

မေ ထွက်သွားသွားချင်း သီဟက ကေ့ကို စသလို ပြောလိုက် တယ်။

"ကေ. . . မေ့ပုံစံကြည့်ရတာ ကိုယ့်ကို သိပ်သဘောမကျဘူး နဲ့တူတယ်"

ကေက တခစ်ခစ် အရင်ရယ်လိုက်သေးတယ်၊ ပြီးမှ. . .

"မေက ဒီလိုပဲ ကိုသီဟရဲ့၊ အပျိုကြီးလည်း အပျိုကြီး၊ ဆရာမ လည်း ဆရာမဆိုတော့ ပြောရင် အဲဒီလိုပဲ အထက်စီးကလေ၊ ဒါပေ မယ့် မေနဲ့ ပတ်သက်တဲ့ဆန္ဒက မေ့ဆန္ဒပါ"

"ဩော်. . . မသိလို့နော်၊ မေက ဘယ်ကျောင်းက ဆရာမလဲ"

"UFL ကျောင်းမှာလေ. . သူက ကေ့လို အေးအေးဆေးဆေး နေနိုင်တာ မနေချင်ဘူး၊ ကျောင်းပြီးတော့ ဆရာမ ဝင်လုပ်နေတာသာ ကြည့်တော့"

နောက်တော့ ထမင်းစားရင်းနဲ့ ကေတို့ညီအစ်မ ဒီမှာ မပူမပင် နေနိုင်အောင် သူတို့အဖေက စီစဉ်ပေးထားကြောင်းပါ ကေက ပြောပြ တယ်။ ပြောရင်းနဲ့ ကေတို့ညီအစ်မ ဒီက ကုမ္ပဏီတွေမှာ ရှယ်ယာတွေ ဘယ်လောက်ဝင်ထားကြောင်းပါ သိလိုက်ရတယ်။

အပြန်ကျတော့ ကေက တံခါးဝအထိ လိုက်ပို့ပေးရင်း. . .

"ဒီနေ့ ကိုသီဟ အိမ်လာလည်တာ အရမ်းဝမ်းသာတာပဲ သိလား"

ပြောပြောဆိုဆို ကေက သူ့လည်ပင်းကို သိုင်းဖက်ပြီး နှာ ခေါင်းလေးက ပါးပြင်ကို ထိခတ်လာပြန်တယ်၊ သီဟလည်း အငိ

www.burmeseclassic.com

www.burmeseclassic.com



အတွေ့ကြောင့် တုံ့ပြန်အနမ်းလေး ပြန်ပေးမိရဲ့၊ ပူနွေးစိုပြည်တဲ့ နှုတ်ခမ်းနှစ်စုံရဲ့အထိအတွေ့ဟာ ညင်သာသိမ်မွေ့လွန်းပါတယ်။

"အို. . . ကိုရယ်"

မောလျတဲ့ ညည်းသံလေးကြောင့် သီဟ လူချင်း ခွာလိုက်တယ်၊ ကေ့မျက်ဝန်းထဲမှာ ချစ်ရည်ရွှန်းလဲ့တဲ့အရောင်တွေက အတိုင်းသား၊ သီဟ သက်ပြင်းချရင်း နှုတ်ဆက်လိုက်ပါတယ်။

"ကေ. . . ကိုယ်သွားပြီနော်"

"အင်း. . . ကို ကားကို ဂရုစိုက်မောင်းနော်"

"အင်းပါ ကေရဲ့"

ပြောင်းလဲသွားတဲ့ ကေ့ရဲ့အခေါ်အဝေါ်ကြောင့် သီဟ ပြုံးပြီး လှည့်ထွက်လိုက်တယ်။

ကားပေါ် ရောက်ပြီး စက်နှိုးခါနီးမှာ ခြံဝန်းထဲ ဘာရယ်မဟုတ် သီဟ ဝေ့ကြည့်မိသေးရဲ့။ မထင်မှတ်စွာပဲ ပန်းရုံအစပ်က ဒန်းကလေးပေါ်မှာ ထိုင်နေတဲ့ မေ့ကို တွေ့လိုက်ရတယ်။

ကားစက်နှိုးသံကြောင့် မေလှမ်းအကြည့်မှာ သူနဲ့ အကြည့်ချင်းဆုံလိုက်ရတဲ့တစ်ချက်က ကိုယ့်ကိုယ်ကို သေးကျုံ့သွားမတတ် ခံစားလိုက်ရတယ်။ သိမ်ငယ်မှုဆိုတာလား။

သီဟ ညစ်ကျယ်ကျယ်လေး ရယ်ပြီး ကားကို မောင်းထွက်ခဲ့ပါတယ်။

(ရှင် ကေနဲ့ ပတ်သက်ပြီး ဘယ်လောက်တောင် မျှော်လင့်ထားသလဲ)

(ဟုတ်လား. . . ပွဲစားလား. . . သြော်. . . သြော်. . . )

(ကေ အခုလိုအနေအထား ရှိတာကို အစောကြီးထဲက သိခဲ့တာလား)





သူ မတွေးလည်း အလိုလို ပြန်ကြားနေရတဲ့ သူမစကားလုံးတွေနဲ့ အထေ့အငေါ့အကြည့်တွေ ပြန်မြင်ပြီး ရင်ထဲမှာ 'နင်' လာတယ်။

အင်းပေါ့. . . ခင်ဗျားက သူဌေးမကြီးဆိုတော့။

သီဟ အံကြိတ်ပြီး ဂီယာပြောင်းရင်း လီဗာကို ဖိနင်းပစ်လိုက်တယ်။ သေချာတယ်လေ။

ဘဝမှာ စိတ်ကို ဆွဲထိုးခံရတာ ဒါ ပထမဦးဆုံးပဲဆိုတာ. . . ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



အချစ်စစ်ဆိုတာ
ဖန်တီးလို့လည်းမရ
ဖျက်ဆီးလို့လည်းမရ၊
သူ့ဘာသူ ဖြစ်ပေါ်လာတယ်ဆိုတာ
သိဖို့ကောင်းတယ်။
"နင်သိလား"
"သိဘူး"
"နင်ဧရာ..."
"မောင်အေး



BURMESE CLASSIC .com

# (၄)

**အဲ**ဒီရက်ပိုင်းတွေမှာ သီဟ စိတ်ရှုပ်စရာတွေနဲ့ ကြုံရပါသေးတယ်၊ တခြားတော့ မဟုတ်ဘူး၊ သူနဲ့ကေတို့ သွားလာနေတဲ့နေရာတွေကို ကျော်ဦးက သူ့တပည့်တွေနဲ့ နောက်က လိုက်လိုက်ကြည့်နေလို့ပါ။ အရင်လိုတောင် မဟုတ်ဘူး၊ တွေ့လိုက်ရင် တပည့်က လေးငါးယောက်လောက်နဲ့။

"ဒီလူ ယာခူဇာဂိုဏ်းခေါင်းဆောင်လား မသိဘူး"

သီဟက စိတ်ရှုပ်ပြီး ပြောတော့ ကေက. . .

"ကိုရာ. . . အဲဒါကို ခေါင်းထဲ ထည့်ထားမနေနဲ့၊ သူ့ဘာသူ အားအားယားယား လိုက်နေတာ၊ ကိုကို ဘာမှ မလုပ်စေရဘူး၊ ဘေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖုန်းဆက်ပြီး ပြောပါဦးမယ်"

ဒီလိုပြောပေမယ့်လည်း သီဟ ရတက်မအေးနိုင်ပါဘူး၊ ကျော်ဦးဆိုတဲ့လူက ပြောလို့မရဘူးလေ၊ တော်ကြာ သူ့တပည့်တွေ လွှတ်ပြီး သမခိုင်းရင် ကိုယ်ပဲ ခံရမှာ။ ကျော်ဦးက ပိုက်ဆံလည်းရှိ လက်တံလည်း ရှည်တော့ သီဟ နည်းနည်းတော့ ကျွတ်တယ်။

ဒီကြားထဲ ကေက သူ့အပေါ် ပိုပြီးတွယ်တာလာသလို သီဟ စိတ်ထဲမှာလည်း မေ့မျက်နှာက ပေါ်ပေါ်လာတာမို့ တွေးမိလိုက်တိုင်း သက်ပြင်းမောကို ချရတယ်။

ဒါပေမယ့် ကေ့ကိုလည်း မနာကျင်စေချင်တာ သူ့ဆန္ဒပါ၊ ဒီအကြောင်းကို မျိုးဇော်ကိုတောင် မတိုင်ပင်ရဲဘူး။

ခုလည်း အပြင်မထွက်ချင်တာမို့ ဟိုပန်းချီပြခန်းထဲမှာပဲ သီဟ အေးအေးလူလူ စာဖတ်နေပါတယ်၊ ကေလည်း ဖုန်းဆက်ပြီး လှမ်း မချိန်းတော့ သွားစရာ မယ်မယ်ရရ မရှိဘူးလေ၊ မျိုးဇော်ကလည်း ခုထိ ပြခန်းကို ပေါ်မလာသေးဘူး၊ အိမ်မှာပဲ ပန်းချီဆွဲနေပြန်ပြီ ထင်တယ်။

စာဖတ်ရင်း ညောင်းလာတာနဲ့ ဝရန်တာထွက်ပြီး အညောင်း ဆန့်နေမိတယ်၊ အောက်မှာ ကားရပ်သံကြားလို့ ငုံ့ကြည့်လိုက်ရင်ပဲ. . .

"ဟင်"

သီဟ အံ့ဩရင်းက ခေါင်းပါ ကြီးသွားတယ်၊ အောက်ထပ်က ကားနှစ်စီးပေါ်က ဆင်းလာတဲ့သူတွေဟာ ကျော်ဦးနဲ့ သူ့တပည့်တွေ ဖြစ်နေလို့ပါပဲ။

ဒုက္ခပါပဲ. . . ကျွတ်စ်။

ဒီအတိုင်းဆို သူ့လိပ်စာ သိသွားလို့ ကျော်ဦးတို့ လာတာ လား မသိဘူး၊ အများနဲ့တစ်ယောက်ဆိုတော့ ကိုယ်ပဲ ခံရမှာ၊ ပြခန်းထဲ





မှာလည်း ကိုယ့်အပြင် ခိုင်လေးပဲ ရှိတယ်။

စဉ်းစားရင်း ပြာယာခတ်နေတုန်း တံခါးက မှန်မှာ ပေါ်နေတဲ့ သူ့အရိပ်ကို သီဟ မြင်သွားတယ်။

ဟာ. . . ဟုတ်ပြီ။

တွေးရင်း ခေါင်းမှာ စည်းထားတဲ့ ခေါင်းစည်းကြိုးကို ဖြုတ်ချလိုက်တော့ လှိုင်းတွန့်နေတဲ့ သီဟဆံပင်တွေဟာ ဖွာခနဲ ဝဲပျံ့ကျလာတယ်၊ လက်နဲ့ ဆံပင်ကို ထပ်ထိုးဖွပြီး စာကြည့်မျက်မှန်နဲ့ ရုပ်ကို အသေအချာ ထပ်ကြည့်လိုက်တယ်။

ဒီလောက်နဲ့ မဖြစ်သေးဘူးဆိုတာ သိလို့ အတွင်းခန်းထဲ ပြေးဝင်ပြီး မျိုးဇော်ရဲ့အပေါ်အင်္ကျီကိုပါ ကောက်ဝတ်လိုက်တယ်။

ဝရုန်းသုန်းကားဖြစ်နေတဲ့ သီဟကို ခိုင်လေးက ဘာဖြစ်တာလဲ ဆိုတဲ့အကြည့်နဲ့ ကြောင်တက်တက် လိုက်ကြည့်နေတယ်။

BURMESE CLASSIC .com

သီဟ ခိုင်လေးစားပွဲရှေ့မှာ ရပ်လိုက်ပြီး. . .

"ဟဲ့. . . ခိုင်လေး၊ ဒီအချိန်ကစပြီး ငါ သီဟ မဟုတ်တော့ဘူး နော်၊ သီဟအစ်ကို သူရပဲ. . . ကြားလား"

"ရှင်. . ."

ခိုင်လေး ရေရွတ်ရင်း မျက်လုံးလေးက ကလယ်ကလယ် ဖြစ်နေတယ်၊ သီဟကို တစ်ခုခု ပြောဖို့ ပြင်လိုက်တဲ့အချိန်မှာ ကျော်ဦးနဲ့ သူ့တပည့်တွေက ပြခန်းထဲ ဝင်လာပါပြီ။

ခြေသံတွေ ကြားပေမယ့် သီဟက လှည့်မကြည့်ဘဲ ခိုင်လေးကို ပြောနေလိုက်တယ်။

"ဒီမှာ မခိုင်လေး၊ သီဟဆိုတဲ့ကောင်ကို ပြောလိုက်စမ်းပါ၊ ကျုပ် ရန်ကုန်ရောက်နေတာ လေးရက်ရှိပြီ၊ ပြခန်းကို လာတိုင်း တစ်ရက်မှ မတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ရေရွတ်ရင်း ခိုင်လေး ကြောင်ပြီးကြည့်နေတယ်၊ သီဟက ကျော်ဦးကို မသိသလို တစ်ချက်လှည့်ကြည့်လိုက်ပြီး. . .

"ဧည့်သည်တွေ ရောက်နေတာကိုး၊ ဆောရီးဗျာ. . . ကျုပ်ညီ ဆီကို လာတာ တစ်ရက်မှ မတွေ့ရသေးလို့"

ကျော်ဦးက သီဟရဲ့ရုပ်နဲ့ ပြောပုံဆိုဟန်တွေကို ဇဝေဇဝါနဲ့ ကြည့်နေသေးတယ်။

ပြီးမှ သီဟကို လက်ညှိုးထိုးရင်း. . .

"ခင်ဗျားက သီဟရဲ့"

"ဟုတ်တယ်ဗျ. . . ကျုပ်က သီဟရဲ့အစ်ကို သူရပါ၊ ဒီကောင် ကို တွေ့မိရင် ပြောလိုက်စမ်းပါဗျာ၊ ကျုပ် လိုက်ရှာနေတယ်လို့"

"ဩော်. . . အင်း. . အင်း"

ကျော်ဦး စကားဆုံးတော့ သီဟ ဟန်နဲ့ပန်နဲ့ ပခုံးတွန့်ရင်း ပြခန်းပေါ်က ဆင်းလာခဲ့တယ်၊ အောက်ရောက်တာနဲ့ တစ်ချိုးတည်း ထွက်ပြေးရပြီပေါ့။

နောက်မှ စဉ်းစားမိပြီး ကေတို့အိမ်ကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းလာကိုင်တာက ကေ့အစ်မ မေပါ။

"ဟလို. . . အဲဒီမှာ သီဟရှိလား မသိဘူးဗျ"

"ရှင်. . ."

"ဩော်. . . ကျွန်တော်က သီဟအစ်ကို သူရပါ၊ တစ်ယောက် က အဲဒီမှာ ရှိနိုင်တယ်ဆိုပြီး ဖုန်းနံပါတ် ပေးလို့"

မေဆီက စကားသံ ထွက်လာတယ်။

"ခဏလေးနော်. . . ကျွန်မ ကေ့ကို ခေါ်ပေးမယ်"

ခဏနေတော့ ကေက ဖုန်းလာကိုင်တယ်၊ သီဟက အသံကို





ရနိုင်သလောက် ခပ်သြသြ လုပ်ရင်း. . .

"ဟလို. . . မကေဆိုတာလား၊ ကျွန်တော်က သူရပါ၊ သီဟ အကိုလေ၊ သီဟ အဲဒီမှာများ ရှိမလားလို့"

"ရှင်. . . မလာဘူးရှင့်၊ တွေ့ရင် ဘာပြောလိုက်ရမလဲရှင်"

စဉ်းစားလိုက်ရင်း သီဟက. . .

"ဩော်. . . အဲဒီကို ရောက်ရင် ခဏစောင့်နေပေးပါလို့၊ နောက်ဆယ်မိနစ်လောက်ဆိုရင် ကျွန်တော် ဖုန်းထပ်ခေါ်လိုက်ပါ့မယ်"

"ဩော်. . . ဟုတ်"

ကေ ထပ်ပြောလာမယ့် စကားကို မစောင့်တော့ဘဲ သီဟ ဖုန်းအမြန်ချလိုက်တော့တယ်၊ ပြီးတော့ သူချက်ချင်းလုပ်ရမှာ ကေတို့ အိမ်ကို သွားဖို့ဆိုတာပဲ ရှိတော့တာပေါ့။

ဒါနဲ့ စတိုးဆိုင်တစ်ဆိုင်ထဲ ပြေးဝင်ပြီး တီရှပ်တစ်ထည် ဝယ်ပြီး လဲဝတ်၊ ပြီး စာကြည့်မျက်မှန်ကို ချွတ်၊ ဆံပင်တွေကို ပြန်စည်းလိုက် တယ်။

ကားဆီကို ပြန်မသွားခင် ခိုင်လေးဆီ ဖုန်းပြန်ထိုးရတယ်။

"ဟုတ်ကဲ့. . . ကိုသီဟ၊ ဒါနဲ့ ဘာတွေဖြစ်"

"နောက်မှ ပြောပြမယ်၊ ညည်း နောက်ဆယ်မိနစ်လောက် နေရင် ကေတို့ အိမ်ဖုန်းကို လှမ်းဆက်လိုက်၊ ပြီးတော့ သီဟအစ်ကို သူရက ပြောချင်လို့,လို့ ပြော. . . ကြားလား"

"ရှင်. . . ဟုတ်. . . ဟုတ်ကဲ့"

ဖုန်းချပြီး ကားရပ်ထားတဲ့နေရာဆီပြေး၊ ကေတို့အိမ်ကို အမြန်မောင်းထွက်လာခဲ့တယ်၊ ပြောလို့ရတာ မဟုတ်ဘူး၊ ကျော်ဦးက မယုံသင်္ကာဖြစ်ရင် ကေတို့အိမ်ကို သွားကြည့်ချင်ကြည့်မှာ။ မိဘချင်းက ခင်လို့ ခုချိန်ထိ ကျော်ဦးက ကေတို့အိမ်ကို ဝင်ထွက်ခွင့် ရှိနေတုန်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကေနဲ့သာ အဆင်မပြေတာ၊ ကေရောမေနဲ့ပါ အဆက်အဆံတွေ ရှိနေသေးတယ်။

ကေတို့ ခြံဝန်းထဲ ရောက်တော့မှပဲ သီဟ သက်ပြင်းလုံးလုံး ချရတော့တယ်၊ သူ သိသလောက် ခြံထဲမှာတော့ ကေ့ကားနဲ့ မေ့ကားအပြင် ဘယ်ကားတစ်စီးမှ ရှိမနေလို့ပါ။

အိမ်ထဲ ဝင်လိုက်ချင်းပဲ ဧည့်ခန်းထဲမှာ ကေနဲ့မေကို တွေ့လိုက်ရပါတယ်။

ကေက သီဟကို ကြည့်ပြီး. . .

"ခုနကတောင် ကိုသီဟအစ်ကို ကိုသူရဆိုလား ကိုသီဟ ဒီမှာ ရှိမလားဆိုပြီး ဖုန်းလှမ်းဆက်သေးတယ်"

ကေက မေ့ရှေ့မှာဆိုရင် သူ့ကို ကိုသီဟလို့ပဲ ခေါ်တာပါ။ ခုလည်း သီဟက အံ့သြဟန်နဲ့. . .

"ဟုတ်လား ကေ၊ ဒီကောင် ရောက်နေတယ်လို့တော့ ပြောတယ်၊ ကိုယ်နဲ့ ခုထိ မဆုံဖြစ်သေးဘူး၊ ဒီဖုန်းနံပါတ်တောင် ပြခန်းက ခိုင်လေး ပေးလိုက်တာ ဖြစ်မှာပေါ့"

"ကိုသီဟမှာ အစ်ကိုရှိတာ ကေ့ကို တစ်ခါမှ မပြောဖူးဘူးနော်"

ကေ့စကားအဆုံးမှာ မေကလည်း မျက်ခုံးပင့်ပြီး လှမ်းကြည့်တယ်၊ သီဟက သိပ်အရေးမကြီးတဲ့ဟန်နဲ့. . .

"သြော်. . . ဒါက စကားမကြုံလို့ပါ ကေရယ်၊ ဒီကောင်နဲ့ ကိုယ်က ငါးမိနစ်လောက်ပဲ ကွာတာ၊ တစ်ခါတစ်လေ သိပ်တည့်လှတယ်တော့ မဟုတ်ဘူး"

"ဟင်. . . ကိုသီဟတို့က အမွှာညီအစ်ကိုလား"

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကေ အံ့သြသွားလို့ပါ"





ကေ့စကားကို သီဟက တဟင်းဟင်း ရယ်လိုက်တယ်၊ ဘာထူးဆန်းလို့လဲ ဆိုတဲ့ပုံစံမျိုးပါ။

အဲဒီအချိန်မှာပဲ ဖုန်းက မြည်လာလို့ ကေကိုယ်တိုင် သွားကိုင်ပါတယ်၊ ပြီး ဖုန်းကိုင်ထားရင်းနဲ့. . .

"ကိုသီဟ. . . ခိုင်လေး ဆက်တာ၊ ပြခန်းမှာ ကိုသူရ ရောက်နေလို့တဲ့၊ ကိုသီဟနဲ့ ပြောချင်တယ် ပြောနေတယ်"

သီဟက ခပ်တည်တည် ဖုန်းသွားကိုင်လိုက်တယ်၊ ပါးစပ်ကလည်း. . .

"အေး. . . သူရ ပြော၊ ခုနကပဲ မင်းလှမ်းဆက်တယ် ပြောသေးတယ်"

"ကိုသီဟ ဘာတွေ ပြောနေတာလဲ၊ ကိုသီဟ ခေါ်ခိုင်းလို့သာ ခေါ်ရတယ်၊ ဘာမှ နားလည်တာ မဟုတ်ဘူး"

သီဟကလည်း အေးဆေးပါ၊ ဆက်ပြောလိုက်ရဲ့။

"အေး. . . မင်းနားလည်မှာ မဟုတ်ဘူး သူရရဲ့၊ မင်းက ပန်းချီဆွဲဖို့လောက်ပဲ သိတာ၊ ဈေးကွက်ဆိုတာက ရှိသေးတယ်ကွ၊ ရန်ကုန်က ပန်းချီလောကအကြောင်းကို မင်း ဘာနားလည်လို့လဲ"

"ကိုသီဟ ကျွန်မ စိတ်ရှုပ်လာပြီနော်"

ခိုင်လေးအသံက ထွက်လာပြန်တယ်။ သီဟက. . .

"အေး. . . မင်း စိတ်ရှုပ်မှာပဲပေါ့ကွာ၊ ကဲ. . . အဲဒါတွေ ထားလိုက်ဦး၊ မင်းပန်းချီကားတွေကို ပြခန်းက ခိုင်လေးဆီမှာ အပ်ထားခဲ့လိုက်၊ ဒီတစ်ခေါက် ပြပွဲကျရင် ငါ စီစဉ်ပေးပါ့မယ်"

"ကိုသီဟ. . . ပြပွဲက လုပ်ဖြစ်ဖို့ မသေချာဘူးဆို"

ခိုင်လေးအသံကြောင့် သီဟက. . .

"သူရ. . . အဲ့ဒါ ငါ့ကိစ္စပါ၊ မင်းဘာသာမင်း လုပ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ၊ ပြခန်းနောက်မှာ ပန်းချီဆွဲတဲ့အခန်း ရှိသေးတယ်၊ မင်း ပန်းချီ ရေးချင်ရင်လည်း အဲဒီမှာ ရေးပေါ့၊ ဒါပဲ. . . ငါ ဖုန်းချလိုက်တော့မယ်၊ ငါပြန်လာတော့မှ ဆုံမယ် သူရ"

စကားကို သေနတ်ပစ်သလို ပြောရင်း သီဟ ဖုန်းချလိုက်တယ်၊ ဟိုဘက်က ခိုင်လေးတော့ ဖုန်းခွက်နား ကပ်ရင်း အူတူတူ ဖြစ်နေမှာ အသေအချာပဲ။

သီဟက ဆက်တီပေါ် ဝင်ထိုင်ရင်း လေပူကြီးကို မှုတ်ထုတ်လိုက်သေးတယ်၊ ပြီးမှ စိတ်ရှုပ်တဲ့လေသံနဲ့. . .

"အဲဒါပဲ ကေရေ၊ ပန်းချီပဲ ရေးဖို့တတ်တာ၊ ပြပွဲလုပ်ဖို့နဲ့ ဈေးကွက်ဝင်ဖို့ကျတော့ ကိုယ်က ကူညီရပြန်ရော"

ကေက ပြုံးပြီး ခေါင်းညိတ်ပြတယ်၊ မေကတော့. . .

"ကိုသီဟအစ်ကိုက ပန်းချီဆရာလား"

"ဟုတ်တယ် မေရဲ့၊ ဒီကောင့်ကားလေးတွေက ကောင်းပါတယ်၊ ဒါပေမယ့် ဈေးကွက်အရ"

စကားမဆုံးခင်မှာ မေက ဖြတ်ပြောလိုက်တယ်။

"နေရာတကာ ဈေးကွက်နဲ့ မချိန်ထိုးပါနဲ့ ကိုသီဟရယ်၊ အနုပညာဆိုတာ အနုပညာကို မတောက်တခေါက် နားလည်ပြီး ငွေကြေးတတ်နိုင်သူတွေကို ရောင်းစားတာမျိုးလား၊ အနုပညာနဲ့ ငွေကြေးဟာ ဘာမှ မဆိုင်ပါဘူး"

သီဟက မေ့အပြောကို လက်ကာပြရင်း ရယ်လျက်. . .

"တော်ပြီ မေ၊ ဒီလိုစကားတွေ ကျွန်တော် နားရည်ဝနေပါပြီ၊ ငြင်းလည်း မငြင်းချင်တော့ဘူး၊ ကျွန်တော်က အနုပညာသမားတစ်ယောက်ရဲ့ရပ်တည်မှုအတွက် ဆိုလိုတာပါ"

စကားဆုံးတော့ မေက မျက်စောင်းလှဲလှဲ လှမ်းထိုးတယ်၊





ဘာမှတော့ ထပ်မပြောတော့ဘူး။

သီဟက ထိုင်ရာက ထရပ်လိုက်ရင်း. . .

"ကဲ. . ကေ. . ကိုယ်ပြန်တော့မယ်၊ တော်ကြာ သူရက ပြခန်းမှာ စောင့်ချင်စောင့်နေမှာ"

ကေက. . .

"သွားလေ. . . ကေလည်း မနက်ဖြန် ကိုသီဟ ပြခန်းဘက်ကို ဝင်လာခဲ့ပါဦးမယ်"

ကေတို့ခြံထဲက ကားမောင်းထွက်လာတဲ့သီဟကို ကျော်ဦးတို့လူစု တစ်နေရာက လှမ်းကြည့်နေပါတယ်၊ တပည့်တစ်ယောက်က လှမ်းမေးလိုက်ပေမယ့် ကျော်ဦးက လက်ကာပြလိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ပြခန်းမှာ တွေ့ခဲ့ရတဲ့ သူရဆိုတဲ့ကောင်ဟာ ကြောင်တောင်တောင် ပန်းချီဆရာဆိုတာ သူ့စိတ်ထဲ သေချာသွားလို့ပါပဲ။

အင်း. . . ပွဲကတော့ ကြည့်ကောင်းဦးမှာပါ။

www.burmeseclassic.com






# (၁၀)

**နောက်**နေ့မှာ ကေတစ်ယောက် ပြခန်းလာဖို့နဲ့ ပြခန်းမှာ သီဟာ ရှိမရှိ ဖုန်းဆက်ယာပါတယ်၊ ဒါပေမယ့် အခြေအနေကို သိလို့ သီဟာက ခိုင်လေးကို မှာထားပြီးသား၊ ပြခန်းကို သီဟာတော့ မလာသေးဘူး၊ ဒါပေမယ့် သူ့အစ်ကို သူရတော့ ရှိနေတယ်ဆိုပြီး ပြန်ပြောခိုင်းလိုက်တာ။

ကေက သီဟာကို စောင့်ရင်း လာခဲ့မယ်လို့ ပြောတဲ့အချိန်မှာ သီဟာတစ်ယောက် သူရဆိုတဲ့ အရေခွံလဲဖို့ ပြင်ဆင်နေပါပြီ။

သိပ်မကြာလိုက်ပါဘူး၊ နောက်နာရီဝက်လောက်မှာပဲ ပြခန်းကို ကေ ရောက်လာပါတယ်၊ အဲဒီအချိန်မှာ သီဟာကိုယ်ပေါ်မှာ ဝတ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထ မရှိတဲ့ အဝတ်အစားတွေနဲ့ ဆံပင်တွေ ဖြန့်ချပြီး ဖွ၊ စာကြည့် မျက်မှန် တပ်ရင်း သူရ ဖြစ်နေပါပြီ။

ပြခန်းထဲ ရောက်ရောက်ချင်း ကေက ခိုင်လေးကို မေးလိုက်တယ်။

"မခိုင်လေး. . . ကိုသီဟ ရောက်ပြီလား"

"ဪ. . . မကေပါလား၊ ကိုသီဟ မလာသေးဘူး မကေ၊ အခန်းထဲမှာတော့ သူ့အစ်ကို ကိုသူရ ရှိတယ်"

ခိုင်လေးကို နှုတ်ဆက်ပြီး အပြင်မှာစောင့်မယ်လုပ်ပြီးမှ ကေ တစ်ခုစဉ်း စားမိသွားတယ်၊ စိတ်ထဲမှာ သီဟအစ်ကို သူရဆိုတာကို တွေ့ဖူးချင်လာတယ်၊ အမွှာညီအစ်ကိုဆိုတော့ တူကော တူရဲ့လားဆို တဲ့အတွေးကလည်း ကေဆီမှာ ရှိနေသေးတယ်။

ဒါနဲ့ပဲ. . .

"ဟုတ်လား. . ကိုသီဟအစ်ကို ကိုသူရကိုတော့ ခဏလောက် ဝင်တွေ့ချင်သေးတယ်"

ခိုင်လေး မျက်ခုံးနှစ်ဖက် မြင့်တက်သွားတယ်၊ ပြီးမှ ကေ မရိပ်မိအောင် လေသံမှန်မှန်နဲ့ ပြန်ပြောလိုက်တယ်။

"အထဲမှာ ရှိတယ် မကေ၊ ဝင်သွားလိုက်လေ၊ ကိုသူရ. . . ဒီမှာ မကေက တွေ့မလို့တဲ့"

ပြောရင်း ခိုင်လေးက အတွင်းခန်းဘက်ကို လှည့်ပြီး ထပ် အော်လိုက်တယ်။

အခန်းထဲ ရောက်ရောက်ချင်း ကေ တွေ့လိုက်ရတာက ဆံပင် ရှည်ကြီးနဲ့ စာကြည့်မျက်မှန်မျိုး တပ်ရင်း ပန်းချီကားတစ်ချပ်ကို မမှိတ် မသုန် စူးစိုက်ကြည့်နေတဲ့ သူရဆိုသူကိုပါ။

ကေ ဝင်လာပြီဆိုတော့ သီဟ ပျာယာခတ်ပြီး စုတ်တံတစ်





ချောင်း ကောက်ယူလိုက်တယ်။ သူရပုံစံဖမ်းပြီး ပြောရမှာဆိုတော့ သူရ က ပန်းချီဆရာ မဟုတ်လား။ အဲဒီတော့ ပန်းချီရေးနေလို့ ဂရုမထားနိုင် တဲ့ပုံမျိုးဖြစ်အောင် ဘေးမှာ ပုံနေတဲ့ အခရိုင်းလစ် ဆေးဘူးတွေ ယူပြီး ဘန်းထဲ ညှစ်ချလိုက်တယ်။

"ဝင်ခွင့်ပြုပါနော်"

"ဪ. . . လာပါ ဝင်ပါ. . . ထိုင်ပါခင်ဗျ"

"ကိုသီဟရဲ့အစ်ကို ဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျ"

သီဟ သတိထား ဖြေရင်းနဲ့ပဲ ညှစ်ချထားတဲ့ဆေးဘူးတွေထဲက တစ်ချို့ကို စုတ်ပြားနဲ့ ဖိတို့ပြီး သူ့ရှေ့က ပန်းချီကားပေါ်မှာ ဟိုတစ်ချက် ဒီတစ်ချက် လှမ်းဆွဲ ဖိသပ်လိုက်တယ်။ ကေက သီဟရဲ့အစ်ကို သူရ ဆိုတာကို မသိမသာ အကဲခတ်ရင်း ပန်းချီကားနားအထိ ရောက်လာ တယ်။ သီဟလည်း ဟန်နဲ့ပန်နဲ့ပဲ ဆေးတို့လိုက် ပန်းချီကားထဲ တို့ဆွဲလိုက်နဲ့ လုပ်နေပါတယ်။

ပန်းချီကားထဲက သောက်ရေအိုး ရွက်ထားတဲ့ ထမီရင်လျား လုံမပျိုလေးပုံကတော့ သီဟလက်ချက်နဲ့ ရေအိုးအပုံကြီးဖြစ်သွားပြီး ရင်လျားထားတဲ့ထမီဟာလည်း ကျောပြင်မှာ အပေါက်ကြီးတစ်ပေါက် ဖြစ်နေပြီ။ ဒါကို ကေက. . .

"ကိုသူရ. . . ဒီပုံကို ပြန်ဖျက်ပစ်မလို့လားဟင်"

"ဗျာ"

ဒီတော့မှ သီဟလည်း သတိထားမိပြီး ချွေးပြန်သွားတယ်။ (မျိုးဇော်တော့ ဆဲတော့မှာပဲ. . . ဒုက္ခပါပဲ။)

"ပန်းချီကားလေးက ကောင်းသားပဲ"

"အင်း. . အဲ. . အဟဲဟဲ. . ကောင်းတယ်၊ ဒါပေမယ့် ထမီရင်



www.burmeseclassic.com

www.burmeseclassic.com



လျှားကြီးနဲ့ဆိုတော့ အကျီ်ဝတ်ပေးရင် ပိုအဆင်ပြေမလားလို့"

"သြော်. . . အဲ့သလိုလား၊ ရေအိုးက နှုတ်ခမ်းပဲ့သွားတယ်နော်"

"ဟုတ်တယ်. . . လောက်လေးခွ မှန်သွားတာလေ"

"ရှန်"

သီဟ ဆက်ဖြီးလို့ မကောင်းတော့မှန်း သိပြီး စကားလမ်းလွှဲဖို့ ကြိုးစားရင်း စုတ်တံချပြီး သူမကို မော့ကြည့်လိုက်တယ်။

"အားပါး. . . ကျွန်တော့်ညီက ရွေးတတ်သားပဲဗျ၊ ခင်ဗျားက တော်တော် ဆွဲဆောင်မှု ရှိတာကိုး"

ကေ့စိတ်ထဲမှာ ရှက်တက်တက်ဖြစ်သွားရတယ်၊ သူရဆိုတာ ဘွင်းဘွင်းသမားလို့တောင် ထပ်တွေးလိုက်မိတယ်။

သီဟကတော့ ခပ်တည်တည်ဟန်နဲ့ပဲ. . .

"ကဲ. . . မကေ အဆင်ပြေသလို နေဗျာ၊ သီဟလိုတော့ ကျွန်တော်လည်း ဧည့်မခံတတ်ဘူးဗျ"

"သြော်. . . ရပါတယ်ရှင်၊ ခဏနေလို့ ကိုသီဟ မလာရင် ကျွန်မလည်း ပြန်မှာပါ"

"ကျွန်တော်က နှင်နေတာ မဟုတ်ဘူးနော်၊ မကေ အနေရခက်မှာစိုးလို့၊ တော်ကြာ ကျွန်တော်နဲ့သီဟ စကားများနေရဦးမယ်၊ ဒီကောင်နဲ့က သိပ်အကြောတည့်တာ မဟုတ်ဘူး"

စကားအဆုံးမှာ ကေက ခပ်ညှင်းညှင်း ရယ်လိုက်တယ်. . . ပြီးမှ. . .

"ညီအစ်ကိုတွေပဲရှင်. . . ဘာဖြစ်ရမှာလဲ"

ပြောရင်းတော့ စိတ်ထဲမှာ တစ်ခုတွေးမိသွားတယ်။

ဒါနဲ့ပဲ. . .





"သြော်. . ကိုသီ. . အဲ. . ကိုသူရကို တစ်ခုလောက် ပြောပါရစေ"

"ဟုတ်ကဲ့. . . ပြောပါဗျ၊ ဘာများလဲ"

ကေက စဉ်းစားထားပြီးသားပုံစံနဲ့. . .

"ဒီလိုပါ. . . ကိုသူရလည်း ဒီကို ရောက်တုန်းရောက်ခိုက် ဆိုတော့လေ၊ အဲဒါ ဖြစ်နိုင်ရင် ဒီညနေ ကျွန်မတို့အိမ်ကို ညစာစားဖို့ ဖိတ်ပါရစေ၊ ကိုသူရတို့ ညီအစ်ကိုနှစ်ယောက်စလုံးပေါ့"

သီဟ နည်းနည်းတော့ ခေါင်းစားသွားတယ်၊ ဒါပေမယ့် ပေါ့ ပေါ့ပါးပါး ပုံစံနဲ့ပဲ. . .

"အဲဒါက ဒီလိုရှိတယ် မကေရဲ့၊ ဒီကောင်လာရင်တော့ သူနဲ့ အတူ လိုက်လာလို့ ရပါတယ်၊ ဒါပေမယ့် ဒီကောင်နဲ့ ဒီနေ့အထိကို ကောင်းကောင်းမဆုံရသေးဘူးဗျ"

အဲဒီစကားကြောင့် ကေက ပြုံးလိုက်တယ်၊ ပြီး. . .

"အင်း. . . ကိုသီဟလည်း ပြောပါတယ်၊ ကိုသူရနဲ့ ကောင်းကောင်းမဆုံရသေးဘူးဆိုတာကိုလေ၊ ဒီလိုလုပ်ပါလား. . . ဒီနေ့ ဒီကို ကိုသီဟ ရောက်ချင်ရောက်မှာပါ၊ ကျွန်မ စာရေးပေးခဲ့မယ်လေ၊ ကိုသီဟ လာရင် ပေးလိုက်ပေါ့၊ အဆင်ပြေရင် သူနဲ့ အိမ်ကို ထမင်းစားလိုက်လာခဲ့ဖို့ ဖိတ်ပါတယ်"

သီဟက ခေါင်းညိတ်ပြရင်း. . .

"ဒါကတော့ မကေသဘောလေ၊ စာရေးထားပေးခဲ့မယ်ဆိုရင်လည်း လာရင် ပေးလိုက်ရုံပေါ့"

လက်ကိုင်အိတ်ထဲက စာရွက်တစ်ရွက် ထုတ်ပြီး ကေက စာနည်းနည်းရေးလိုက်တယ်၊ သီဟ ပြန်ရောက်လာရင် သူ့အစ်ကိုနဲ့ အတူ ထမင်းလာစားဖို့ ဖိတ်တဲ့စာပါ။



www.burmeseclassic.com

www.burmeseclassic.com



သီဟက စာကို ယူထားလိုက်ပြီး ပန်းချီစုတ်တံကို ဟန်ပါပါ ဆုပ်ကိုင်လိုက်တယ်။ ပြီး ကေ့ဘက် လှည့်ရင်း. . .

"ကဲ. . . မကေ ပြောစရာ မရှိဘူးဆိုရင် ကျွန်တော် အလုပ်လုပ်လိုက်ဦးမယ်"

ဆွဲလက်စ ပန်းချီကားဘက် မျက်နှာမူလိုက်လို့ ကေလည်း အခန်းထဲက အပြင်ထွက်ခဲ့လိုက်တယ်။ သီဟကို ဆက်စောင့်နေချင်သေးပေမယ့် ဝင်စရာလေး ရှိသေးလို့ ခိုင်လေးကို နှုတ်ဆက်ပြီး ပြခန်းပေါ်က ပြန်ဆင်းလာခဲ့တာပေါ့။

ညနေပိုင်း အိမ်ပြန်ရောက်တော့ ကေက မေ့ကိုပါ သီဟတို့ ညီအစ်မနှစ်ယောက်စလုံးကို ထမင်းစားဖိတ်ထားကြောင်း ပြောထားလိုက်တယ်။ မေ့စိတ်ထဲမှာလည်း သီဟနဲ့ အမွှာညီအစ်ကိုဆိုတဲ့ ပန်းချီဆရာကို တွေ့ချင်နေမိတယ်။

တကယ်တမ်းမှာ ညနေပိုင်း သူရ တက်စီနဲ့ ရောက်လာတော့ ညီအစ်မနှစ်ယောက်စလုံး အံ့ဩရတော့တယ်၊ စတိုင်ပင်နဲ့ ဆံပင်အရှည်ကို ချထားပြီး စာကြည့်မျက်မှန်နဲ့ သူရကို ကြည့်ပြီး ပိုအကဲခတ်မိနေတာက မေပါ။

ကေက နေ့လယ်ကတည်းက တွေ့ဖူးထားသူမို့ မေနဲ့သူရကို မိတ်ဆက်ပေးပါတယ်။

"မေ. . . ဒါ ကိုသီဟအစ်ကို ကိုသူရပဲ၊ ကိုသူရ. . . ဒါက ကျွန်မအစ်မ မေပါ"

သူရဖြစ်နေတဲ့ သီဟက ယဉ်ကျေးဟန်နှင့် လက်ဆန့်တန်းပေးလိုက်တယ်။ မေက အပြုံးမြမြနဲ့. . .

"ကိုသူရက ပန်းချီဆရာဆို၊ တွေ့ရတာ တကယ်ပဲ ဝမ်းသာပါတယ်"





"ဟုတ်ကဲ့. . . ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျ"

မေက သူရကို အကဲခတ်နေတုန်း ကေက ဖြတ်မေးလိုက်တယ်။

"ဒါနဲ့ ကိုသီဟကောဟင် ကိုသူရ"

သီဟက ကေ့ကို ကြည့်ပြီး သက်ပြင်းသဲ့သဲ့ချတယ်။

"လာခါနီးမှ မကေရယ်၊ ပန်းချီကားတစ်ကား ရောင်းမယ်ကြားလို့ လိုက်သွားလေရဲ၊ ကျွန်တော့်ကိုတောင် ဒီလိပ်စာအတိုင်း ကားငှားပေးလိုက်တာ၊ ခဏနေရင် သူလိုက်လာမယ် ပြောတာပဲဗျ"

ကေက ခပ်နွမ်းနွမ်း ပြုံးရင်း သက်ပြင်းချလိုက်တယ်။ ညှော်ခန်းမှာ သုံးယောက်သား ထိုင်နေကြသေးပေမယ့် သီဟ ပေါ်မလာသေးလို့ ကေက သူရကို ကြည့်ပြီး. . .

"ကိုသူရကိုတော့ အားနာစရာ ဖြစ်နေပြီ၊ ကဲ. . . မေ၊ ကေတို့ သုံးယောက်ပဲ စားလိုက်ကြတာပေါ့"

ပြောနေတဲ့ ကေ့မျက်နှာလေးဟာ မကောင်းမှန်း သီဟ သိပါတယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်တော့မှာလဲ၊ သီဟရော သူရပါ ကိုယ်တစ်ယောက်တည်းပဲ ဖြစ်နေတာကိုး။

ထမင်းစားခန်းထဲ မသွားခင်မှာပဲ သီဟက. . .

"မကေ. . . ကျွန်တော် သန့်စင်ခန်း သုံးပါရစေခင်ဗျ"

"သြော်. . . ကိုသူရ၊ ရပါတယ်ရှင့်"

ကေက အိမ်ဖော်တစ်ယောက်ကို ခေါ်ပြီး သီဟကို သန့်စင်ခန်း လိုက်ပြခိုင်းလိုက်တယ်။

သန့်စင်ခန်းထဲ ရောက်ရောက်ချင်း တံခါးကို အသေအချာပိတ်၊ ပြီးတော့ သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတဲ့ ဟန်းဖုန်းနဲ့ ကေတို့ အိမ်ဖုန်းကို ခေါ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာကိုင်တာက ကေပါ။ ထူးသံကြားရချင်းပဲ သီဟက အရေးတကြီး လေသံလုပ်ပြီး. . .

“ဟလို. . . ကေလား၊ ကိုယ်ပါ ကေရာ၊ အရေးတကြီးကိစ္စလေး ပေါ်လာလို့ ဟိုကောင်သူရကိုတော့ ကားငှားပေးလိုက်တယ်”

“ဟုတ်တယ်. . . ကိုသူရ ရောက်နေပြီ၊ ကိုယ်က ဘယ်အချိန်လာမှာလဲ ပြော”

အလိုမကျသံလေးနဲ့ ကေက ပြန်ပြောလိုက်တယ်၊ စိတ်ထဲမှာလည်း သီဟကို စိတ်တိုစ ပြုနေပါပြီ။

သီဟက. . .

“ဆောရီး ကေရာ၊ နေ့လယ်ကလည်း ကိုယ်နဲ့ကေ နည်းနည်းလေးပဲ လွဲသွားခဲ့တာ၊ အင်း. . . ဒီဘက်မှာလည်း ကိစ္စမပြတ်သေးဘူးဆိုတော့ ကေတို့ စားနှင့်လေ၊ ကိုယ် အရမ်းနောက်ကျရင် မလာတော့ဘူး သိလား”

“ပြီးရော. . . ပြီးရော”

စိတ်တိုသံနဲ့ ကေက ဆူအောင့်အောင့် ပြန်အော်လိုက်တယ်၊ တစ်ဖက်က သီဟကလည်း. . .

“စိတ်မကောက်ပါနဲ့ ကေရာ၊ ဟိုကောင်သူရကို ဖုန်းခဏပေးလိုက်”

“ခဏလေး ကိုင်ထားဦး၊ တွိုင်းလက်ဝင်သွားတယ်”

ပြောပြီး ကေက ဖုန်းခွက်ကို ဘေးခဏချထားလိုက်တယ်။ အဲဒီအချိန်မှာပဲ သီဟက သန့်စင်ခန်းထဲက အမြန်ထွက်လာခဲ့ရတာပေါ့။

ဧည့်ခန်းထဲ သီဟ ပြန်ဝင်လာချင်းပဲ ကေက. . .

“ကိုသူရ. . . ဟိုမှာ ကိုသီဟ ဖုန်းကိုင်ထားတယ်၊ ကိုသူရနဲ့





ပြောမလို့တဲ့”

“ဟင်. . . ဟုတ်လား”

သီဟက ကေညွှန်ပြတဲ့ဖုန်းကို သွားကိုင်လိုက်တယ်၊ တစ်ဖက်က ပြောမယ့်သူ မရှိပေမယ့်လည်း သီဟက ဟန်လုပ်ပြီး. . .

“အေး. . . ပြော သီဟ၊ ငါ သူရပါ”

ခဏနားထောင်ဟန်ပြုပြီးမှ စိတ်တိုသလို ပြန်ပြောလိုက်တယ်။

“ဘာ. . . မင်းလာချင်မှ လာဖြစ်မယ် ဟုတ်လား၊ မင်းက တကယ့် တလွဲကောင်ပဲ သီဟရာ၊ အဲ့လိုမှန်းသိရင် ငါ့ကို ဘာဖြစ်လို့ လွှတ်လိုက်သေးလဲကွ၊ အားနာစရာကွာ၊ ငါ မင်းအစား မကေတို့ကို မျက်နှာပူတယ်”

စကားသံကို နားထောင်ရင်း မေက ကေ့ကို မျက်နှာလေး မဲ့ပြတယ်၊ ကေလည်း ရောက်မလာတဲ့သီဟကို စိတ်ကောက်ရုံက လွဲပြီး မတတ်နိုင်တော့ဘူး။

ဖုန်းပြောအပြီးမှာတော့ သီဟက အားနာဟန်အပြည့်နဲ့. . .

“ဟိုကောင်သီဟ လာချင်မှ လာနိုင်တော့မှာတဲ့ဗျာ၊ ဘာကောင်မှန်းကို မသိဘူး၊ ဒီကောင် မလာမယ့်အတူတူ ကျွန်တော့်ကိုလည်း ခွင့်ပြုကြပါဦး”

ကေက ခေါင်းညိတ်ဟန် ပြင်လိုက်ပေမယ့်လည်း မေက စကားဖြတ်ပြောလိုက်တယ်။

“အို. . . မဟုတ်တာရှင်၊ အစောကြီးက ဖိတ်ထားတာပဲ၊ ကိုသီဟ မလာနိုင်တော့လည်း ထားလိုက်ပေါ့၊ ရောက်လက်စနဲ့ ကိုသူရ စားပြီးမှ ပြန်လိုက်ပါ. . . အားမနာပါနဲ့”

“ဟာ. . . ရပါတယ်ဗျာ မလုပ်ပါနဲ့တော့”

သီဟ ငြင်းလိုက်ပေမယ့်လည်း ကေကပါ ဝင်ပြောလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမလုပ်ပါနဲ့လဲ ကိုသူရဲ့၊ လာပါ. . . သူစိမ်းတွေမှ မဟုတ်တာ၊ စားပြီးမှ ပြန်ရမယ်"

ဒီတစ်ခါတော့ ကေ့အပြောကြောင့် သူရဟန်ဆောင်ထားတဲ့ သီဟလည်း ငြင်းမနေတော့ပါဘူး။

စားသောက်ဖွယ်ရာတွေက အမျိုးအမည် စုံလှပါတယ်၊ ထမင်းဝိုင်းမှာ ကေက တိတ်ဆိတ်နေသလောက် မေက. . .

"စပ်စုတာတော့ မဟုတ်ဘူးနော် ကိုသူရ၊ ပန်းချီရေးတယ်ဆိုလို့ပါ၊ ဘယ်လိုကားတွေကို နှစ်သက်တာလဲ"

သီဟက မေကို ပြုံးပြလိုက်ရင်း. . .

"ကျွန်တော်လား. . . ဗန်ဂိုးရဲ့ အဝါကြမ်းကြမ်းသုံးထားတဲ့ကားတွေကို သဘောအကျဆုံးပါ၊ ကိုယ်ကြိုက်တာကို ပြောတာပါ၊ ခုတော့ ကျွန်တော် ရေဆေးကားလေးတွေပဲ ရေးဖြစ်တယ်"

"အို. . . ဘာပဲဖြစ်ဖြစ်ပေါ့၊ အနုပညာဆိုတာ ဖန်တီးနေဖို့ပဲ အဓိက မဟုတ်လား၊ ကျွန်မလည်း ဗန်ဂိုးရဲ့ ဆိုက်ပရပ်စ်လမ်းတို့ အာလူးစားသူများတို့ကိုလည်း အရမ်းကြိုက်ပါတယ်၊ ကျူပစ်စင်နဲ့ ရေးထားတယ်လို့ ပြောရမလား"

"ဟုတ်တယ်. . . ကျွန်တော်လည်း ပန်းချီမြင့်နိုင်ရဲ့ ကုလားအော်သီး စားသူများ ဆိုတဲ့ပန်းချီကားကို ကြိုက်တယ်၊ ပန်းချီအောင်မျိုးဝင်းရဲ့ မိန်းမကြောက်သူများ ပန်းချီကားကိုလည်း သဘောကျတယ်"

"အဟိဟိ. . . ခစ်ခစ်ခစ်. . . ပန်းချီကားနာမည်တွေက လည်းနော်"

"ဩော်. . . အဲဒီကားနှစ်ကားလုံး ထရိတ်ဒါးဟိုတယ်မှာ ပြပွဲလုပ်တုန်းက ပထမနေ့မှာပဲ ဒေါ်လာငါးထောင်စီနဲ့ ရောင်းရတာ"

"ဟုတ်လား. . . အရမ်းကောင်းမှာပဲနော်"





အဲဒီအခိုက်မှာပဲ ကေက. . .

"ဟို. . . ကိုသူရ ဆွဲလက်စ ပန်းချီကားထဲက သောက်ရေအိုးကွဲတဲ့ကိစ္စရော ရေးပြီးသွားပြီလား"

"ဩော်. . . အင်း. . . ပြီးပြီ၊ လောက်စာလုံးက ရေအိုးထဲ ဝင်သွားတယ်၊ ရေအိုးပဲ့သွားလို့ ရေတွေ ထွက်ကျလာတယ်၊ ကောင်မလေး အင်္ကျီတွေ ရွှဲနစ်သွားတယ်၊ အဲသလို အဆုံးသတ်လိုက်တာ"

မေက နားမလည်သလိုနဲ့. . .

"ဘယ်လိုကားမျိုးလဲဟင်. . . စိတ်ဝင်စားလိုက်တာ"

"အခု ကိုသူရအခန်းမှာ ဆွဲနေတာလေ"

"ဟုတ်တယ်. . . ကျွန်တော်က ပန်းချီကို ဓါတ်ပုံလို ရုပ်ငြိမ်ဆွဲတာထက် Action Art လို့ ပြောရမလား၊ အဲ. . . အဲဒါမျိုးကို ကြိုက်တာ"

ပြောရင်းနဲ့ စားသောက်ပြီးသွားလို့ သီဟက ကြိုတင် ယူလာတဲ့ ဆေးပေါ့လိပ်ကို ထုတ်ရင်းနဲ့ မီးညှိမလို လုပ်ပြီးမှ. . .

"ဩော်. . . ဒါနဲ့ ကျွန်တော် ဆေးလိပ်သောက်လို့ ရပါတယ်နော်"

ကေက မသိမသာ နှာခေါင်းရှုံ့လိုက်ပေမယ့် မေက ပြုံးရင်း. . .

"သောက်ပါရှင်. . . သောက်ပါ၊ အားမနာပါနဲ့၊ ဒါနဲ့ ကိုသူရကို တစ်ခုလောက်တော့ မေးပါရစေဦး၊ တချို့ပန်းချီဆရာတွေ အသက်ငယ်ငယ်နဲ့ပဲ ထပ်မရေးတော့တာ ဘာဖြစ်လို့လဲ မသိဘူးနော်. . . နှမြောစရာပဲ"

"ဒါကတော့ မမေရယ်၊ အနုပညာ ဒါမှမဟုတ် ခံစားချက် ကုန်သွားလို့ ရပ်သွားတာပဲ နေမှာပေါ့"

လက်ခံတဲ့အမူအရာနဲ့ မေက ခေါင်းညိတ်လိုက်တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာပဲ အိမ်ရှေ့က ကားသံတွေ ကြားလိုက်ရပြန်တယ်၊ သိပ်မကြာဘူး၊ အိမ်ဖော်တစ်ယောက်က လာပြောတယ်။

"မမလေး. . . အိမ်ရှေ့မှာ ကိုကျော်ဦး ရောက်နေတယ်ရှင့်"

ကျော်ဦးဆိုတဲ့အသံကြောင့် သီဟတောင် ထိုင်ရာက ထရပ်မိမလို ဖြစ်သွားရတယ်၊ ပြီးမှ လောလောဆယ် ကိုယ်က သူရပဲလို့ တွေးမိတော့မှ နေသာထိုင်သာ ရှိသွားရတာ၊ ကေကတော့ မျက်နှာကလေး စူပုတ်သွားရင်း ထရပ်လိုက်ပြီး. . .

"ဘာလာလုပ်ပြန်ပြီလဲ မသိဘူး၊ အရမ်းစိတ်ရှုပ်ရတာပဲ"

ပြောရင်း ဘောက်ဆတ်ဘောက်ဆတ်နဲ့ ဧည့်ခန်းဆီ ထွက်သွားလေရဲ့၊ ခဏနေလို့ သီဟနဲ့ မေတို့လည်း စားသောက်ပြီးစီးလို့ ဧည့်ခန်းဆီအထွက် အဝင်ဝမှာတင် နှစ်ယောက်စလုံးရဲ့ခြေလှမ်းဟာ ရပ်သွားရတယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့်ပါ၊ ကျော်ဦးဟာ ကေ့ရှေ့မှာ ဒူးထောက်ရင်း လက်ထဲက ဘူးကလေးကို လှမ်းပေးနေတယ်၊ ပါးစပ်ကလည်း. . .

"ယူပါ ကေရယ်၊ ဒီနေ့ဟာ ကိုကိုကျော်နဲ့ ကေတို့ တစ်ခါ စေ့စပ်ခဲ့ကြတဲ့ နှစ်နှစ်မြောက်နေ့ပါ၊ ဒီနေ့မှာပဲ ကေ့ကို ကိုကိုကျော် လက်ထပ်ခွင့် တောင်းပါရစေ"

ရုပ်ရှင်တစ်ကားကို ကြည့်နေရသလိုပါပဲ၊ ကျော်ဦးရဲ့အသံဟာ မျှော်လင့်ချက်တွေနဲ့ လှိုက်မောတုန်ခါနေတယ်၊ ကေ့ကို ကြည့်နေတဲ့ မျက်ဝန်းတွေကလည်း ဆုံးရှုံးရမှာ သေမလောက် ကြောက်နေတဲ့ မျက်ဝန်းလိုမျိုး ကျော်ဦးရဲ့အပြုအမူကြောင့် ကေလည်း တွေဝေနေတယ်၊ ကျော်ဦးကိုလည်း ခပ်တွေတွေ ပြန်ကြည့်နေပြန်ရဲ့၊ တစ်ခုခု ပြောလိုက်တော့မလို နှုတ်ခမ်းလေးက တလှုပ်လှုပ်နဲ့။





ပုံစံကြည့်ရတာ ကေလည်း ကျော်ဦးရဲ့အချစ်ကြီးမှုအပေါ် ခဏနစ်မျောသွားပုံပဲ၊ သူတို့နှစ်ယောက်ကို ကြည့်ရင်းနဲ့ သီဟရော မေပါ အသက်ရှူတွေ မြန်နေကြတယ်၊ သီဟခမျာ ကိုယ့်ရည်းစားဆိုတာတောင် မေ့လို့။

ကေ ကျော်ဦးကို တစ်ခုခု ပြောတော့မယ်. . . ပြောတော့မယ်။ နှုတ်ခမ်းလေးတွေ လှုပ်ရှလာပြီ။

အဲဒီအချိန်မှာပဲ. . .

"ခွမ်း. . . "

အခန်းဝမှာ ရပ်နေတဲ့ မေ့လက်က ဘေးက စားပွဲပေါ်မှာ ရှိတဲ့ ပန်းအိုးကို အမှတ်တမဲ့ တိုက်ချမိလိုက်တာပါ။

နစ်မျောပျော်ဝင်နေတဲ့ အာရုံဟာ မေတို့ဆီ ရောက်ရှိလာတယ်၊ လက်ရှိအနေအထားကိုလည်း သတိဝင်သွားပုံနဲ့ ကျော်ဦးကို ကြည့်ပြီး. . .

"ကိုကျော်ဦး ရှင်ပြန်ပါတော့၊ ကျွန်မ အရင်ကကေ မဟုတ်တော့ဘူး"

ပြောပြီး ကျော်ဦးရှေ့က ချာခနဲ လှည့်ထွက်လိုက်တယ်။

သီဟတို့ ရှိရာ အခန်းဝကို ဖြတ်တော့ ကေက. . .

"မေ. . . ကေ နားတော့မယ်၊ ကိုသူရလည်း ဂွတ်နိုက်နော်"

အမြန်ပဲ သီဟ ခေါင်းညိတ်ပြလိုက်ရတယ်၊ ဒူးထောက်နေတဲ့ ကျော်ဦးဟာ လေးလေးကန်ကန်ပဲ ထရပ်လိုက်ပြီး. . .

"မေ ကျွန်တော်လည်း သွားဦးမယ်ဗျာ၊ ကေ ကျွန်တော့်အပေါ် ထားခံစားချက်မှ မရှိတော့ဘူး ထင်ပါရဲ့"

မေကတော့ အားနာဟန်လေးနဲ့ပဲ. . .

"ရှင်တို့ကိစ္စကိုတော့ ကျွန်မ နားမလည်ပါဘူး ကိုကျော်ဦး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ်ရှင်"

ကျော်ဦးလည်း ဘာမှ မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချပြီး ပြန်ထွက်သွားလေရဲ့။

အိမ်ပေါ်က ခြံထဲအဆင်းမှာ သီဟကို ကြည့်ရင်း မေက မေးလာတယ်။

"ကိုသူရ ပြန်တော့မှာလား၊ ကျွန်မကတော့ ခြံထဲက ဒန်းပေါ်မှာ ခဏထိုင်လိုက်ဦးမယ်"

မေ့မျက်နှာလေးကို ကြည့်ရင်း သီဟပါးစပ်က လွှတ်ခနဲ စကားထွက်သွားလေရဲ့။

"မမေ ခွင့်ပြုမယ်ဆို ကျွန်တော်လည်း ခဏထိုင်ပါရစေ၊ မပြန်ချင်သေးတာရယ်၊ မမေနဲ့လည်း စကားပြောချင်သေးလို့ပါ"

မေက ဘာမှပြန်မပြောဘူး၊ အသာလျှောက်ပြီး ဒန်းကလေးပေါ်မှာ တစ်ဖက်စွန်း ကပ်ပြီးထိုင်လိုက်တယ်။

ဒန်းရဲ့တစ်ဖက်အစွန်းမှာ ဝင်ထိုင်ရင်း သီဟစိတ်တွေ လှုပ်ရှားလာတယ်၊ လေစီးနဲ့ ပါလာတဲ့ ပန်းရနံ့တွေရဲ့ဖြားယောင်းမှုကြောင့်လား၊ ဒါမှမဟုတ် ဆည်းဆာရဲ့ အလင်းကျနေတဲ့ မေ့မျက်နှာဖူးဖူးလေးကြောင့်လား၊ ဝေခွဲမရတာတော့ အမှန်ပဲ။

မေတော့ ဘာတွေ တွေးနေလဲ မသိဘူး၊ မေ့ရဲ့ ကိုယ်သင်းနံ့ သင်းရှရှကတော့ သီဟစိတ်ကို ညှို့ယူဖမ်းစားနေတာ ငြင်းလို့မရနိုင်ဘူး၊ ဆည်းဆာနဲ့ တစ်ထပ်တည်း ကျနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အလှဟာ ဒီလောက်တောင် ရင်ခုန်စရာလားလို့ သီဟ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်နေမိတယ်။

နှစ်ယောက်ကြားက တိတ်ဆိတ်မှုကို သီဟကပဲ စပြီးဖောက်ခွဲလိုက်တယ်။





"မမေ"

အသံပါးပါးကြောင့် မေက ငဲ့စောင်းကြည့်တယ်၊ ပြီး. . .

"မေလို့ပဲ ခေါ်ပါလား ကိုသူရ. . ရင်းရင်းနှီးနှီးပေါ့"

သီဟက ခေါင်းအသာညိတ်ပြလိုက်တယ်။ လေသံ တိုးဖွဖွနဲ့လည်း ဆက်ပြောလိုက်တယ်။

"ခုနက မြင်ကွင်းကို ပြန်မြင်ယောင်နေမိတယ် မေရဲ့"

တကယ်လို့များ မေ့လက်နဲ့ ပန်းအိုးထိပြီး ကျ,မကွဲရင် ဆိုပြီး တော့လေ။

မေက အသံပါးပါးနဲ့ ရယ်တယ်။

"ဒါကတော့ တမင်လုပ်တာမှ မဟုတ်ဘဲ ကိုသူရရယ်၊ ကံတရားပေါ့၊ လူဆိုတာ နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို ဘယ်သူမှ ညာလို့ မရပါဘူး"

မေ့စကားကြောင့် သီဟ ကိုယ့်လိပ်ပြာကိုယ် နည်းနည်းရှက်ရွံ့သွားတယ်၊ ကိုယ်က ညာနေမိတာကိုး။

တံတွေးကို မျိုချရင်း စကားလမ်းကြောင်း ပြောင်းဖို့ အားယူလိုက်တယ်။

မထင်မှတ်ဘဲ နှစ်ယောက်သား ဖျတ်ကနဲ ကြည့်မိပြီး. . .

"မေ့မှာ ချစ်သူရှိလား"

"ကိုသူရကော အဲလို ချစ်ရတဲ့သူ. . ."

စကားသံနှစ်ခုက တစ်ပြိုင်နက်တည်း ထွက်သွားတဲ့အပြင် အဓိပ္ပါယ်တွေ တူနေလို့ နှစ်ယောက်သား ရယ်မိကြတော့တယ်။

သီဟ ထပ်မပြောခင်မှာပဲ မေက

"မေ အိမ်ထဲ ဝင်တော့မယ် ကိုသူရ"

ဒါလောက်ဆို သီဟ နားလည်ပါတယ်၊ ချက်ချင်းပဲ တရုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ကျွန်တော်လည်း သွားလိုက်ပါဦးမယ် မေ၊ ဒီနေ့ စကားပြော ခွင့်ပေးတာ ကျေးဇူးပါပဲ၊ ဒီညနေလေးကို အမှတ်ရနေမှာပါ"

သီဟရင်ထဲက လှိုက်လှိုက်ခါခါ ပြောလိုက်မိတာပါ။ မေ ပြန် ကြည့်တဲ့အကြည့်ထဲမှာ အားနာရိပ်တွေလား၊ ဒါမှမဟုတ်၊ တခြား အကြောင်းအရာတစ်ခု ရှိနေခဲ့လား၊ အဲဒီဘာသာရပ်ဟာ ဆည်းဆာနဲ့ ရောထွေးနေကြတယ်။

မေ့ရှေ့က လှည့်ထွက်လာပြီးတဲ့နောက် သီဟရင်ထဲမှာ ဟာ တာတာဆိုတာကို ပထမဆုံး ခံစားလိုက်ရပါတော့တယ်။





## (၁၁)

**နောက်**ရက်မှာတော့ သီဟတစ်ယောက် သူရပုံစံနဲ့ မေ အလုပ်လုပ်တဲ့ကျောင်းကို ရောက်သွားပါတယ်၊ မေ့ကို ရှာပြီး ဒါရိုက်သွားမတွေ့သေးဘူး၊ ကော်ရစ်တာမှာ လမ်းလျှောက်လာ တဲ့မေ့ကို တွေ့တော့မှ အခန်းတစ်ခန်းထဲက ထွက်ပြီး မထင်မှတ်ဘဲ ဆုံသလို လုပ်လိုက်တယ်။

"ဟင်. . . ကိုသူရပါလား၊ ဒီကို ဘာလာလုပ်"

အံ့သြဟန်လေး ဖြစ်သွားတဲ့မေ့ကို သီဟက. . .

"ကျွန်တော်က အံ့သြရမှာလေ မေရဲ့၊ ကျွန်တော်က ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ဆရာပဲ၊ ဒီကျောင်းက ဆရာတစ်ယောက်နဲ့ လာဆွေးနွေးတာပါ"

မေကတော့ ခပ်ဖွဖွ ရယ်ရင်း. . .

"အဟင်း. . . ကိုသူရညီ မပြောပြဘူးထင်တယ်၊ မေလည်း ဒီကျောင်းမှာ အလုပ်လုပ်တာလေ"

"ဩော်. . . ဟုတ်လား၊ သီဟက မပြောဘူးဗျ"

ရပ်စကားပြောနေတဲ့ သူတို့နှစ်ယောက်ကို ကျောင်းသားတွေက ကွက်ကြည့်ကွက်ကြည့် လုပ်နေကြလို့ မေက. . .

"ကဲ. . . ကိုသူရ ရောက်တုန်းရောက်ခိုက် မေ တစ်ခုခု လိုက်ကျွေးပါရစေ"

"မေက အားကော အားရဲ့လား"

"အင်း. . . ဒီနေ့အဖို့တော့ အားသွားပြီရှင့်"

"ကောင်းတာပေါ့ မေ"

"ရှင်. . ."

"ဩော်. . . အေးအေးဆေးဆေး စကားပြောလို့ ရတာပေါ့လို့"

စကားအဆုံးမှာ နှစ်ယောက်သား ရယ်မိကြတယ်။ ကင်တင်းရောက်တော့ စားသောက်ရင်းနဲ့ မေက. . .

"ဒါနဲ့ ကိုသူရရဲ့ ပန်းချီကားတွေ ပါလာတယ်ဆို"

"အင်း. . . ဆွဲလက်စတွေပါ၊ ပြီးပြီးသားအချို့လည်း ပါပါတယ်"

စိတ်ထဲမှာ မျိုးဇော်ရဲ့ ဆွဲလက်စ ကားတွေကို မြင်ယောင်ပြီး သီဟ ပြောလိုက်တာပါ။

မေက စဉ်းစားဟန်လေးနဲ့. . .

"အင်း. . . မေလည်း အားနေတယ်ဆိုတော့ ကိုသူရ ပန်းချီကားတွေ လိုက်ကြည့်လို့ ရမလားဟင်"





"ဗျာ. . အင်း. . အဲ. . ရပါတယ် မေ၊ ရပါတယ်"

နှစ်ယောက်သား မေ့ကားနဲ့ ထွက်လာခဲ့ကြတယ်၊ လမ်းမှာ စတိုးဆိုင်တစ်ဆိုင်မှာရပ်၊ ဝယ်စရာရှိလို့ဆိုပြီး သီဟ ပြခန်းဆီ ဖုန်းလှမ်းဆက်ရသေးတယ်၊ မျိုးဇော်ရှိနေရင် ရှောင်နေပေးဖို့ပေါ့။

ပြခန်းပေါ် ရောက်သွားတော့ ဝင်လာတဲ့ သူတို့နှစ်ယောက်ကို ခိုင်လေးက ပြုံးကြည့်နေတယ်။

သီဟကတော့ ခပ်တည်တည်နဲ့ပဲ. . .

"မခိုင်လေး. . . သီဟနဲ့ မျိုးဇော်တို့ရော"

ခိုင်လေးစိတ်ထဲ ဖုသွားတယ်၊ ခုနကပဲ မျိုးဇော်ကို ရှောင်နေဖို့ သူပဲ ဖုန်းလှမ်းဆက်ပြီးတော့ ခုကျတော့ ရုပ်တည်နဲ့ လာလုပ်နေသေးတယ်။

ဒါပေမယ့် ခိုင်လေးက အပြုံးနဲ့ပဲ. . .

"မလာသေးဘူး ကိုသီဟ၊ အဲ. . . ကိုသူရ"

စကားမှားမလို ဖြစ်သွားတဲ့ ခိုင်လေးကို သီဟက မသိမသာ ခေါင်းခါပြရသေးတယ်။

သီဟကပဲ. . .

"မခိုင်လေး. . . အောက်မှာ ဧည့်သည်အတွက် အအေးလေးဘာလေး သွားယူပေးပါဦး"

ပန်းချီကားတွေ လိုက်ငေးနေတဲ့ မေက မကြားလိုက်ဘူး၊ ခိုင်လေးက မျက်စောင်းထိုးပြီး အောက်ဆင်းသွားတယ်။

သီဟက မေ့အနားကပ်ပြီး. . .

"မေ. . ."

"ရှင်. . . ကိုသူရ"

"အခန်းထဲ သွားရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

မျက်လုံးလေး ပြူးပြီး မေက အလန့်တကြားလေး ပြန်ကြည့်တယ်။ ဘလိုင်းကြီး အခန်းထဲ ခေါ်လိုက်တာကိုး။

အဲဒီတော့မှ သီဟက လက်ကာပြရင်း. . .

"ဆောရီး. . . စကားပြော လောသွားလို့ ကျွန်တော့်ပန်းချီကားတွေက အခန်းထဲမှာမို့လို့ပါ"

"သြော်. . ."

မေလည်း ခုမှ သက်ပြင်းကျသွားတယ်နဲ့ တူပါတယ်၊ ခဏနေတော့ အခန်းထဲက မျိုးဇော်ရဲ့ ဆွဲလက်စ ပန်းချီကားတွေရော ဆွဲပြီးသား ကားတွေကိုပါ သီဟက မေ့ကို ပြရင်း ရှင်းပြနေခိုက်မှာ ကြွက်ငစ် ကောင်က ပန်းချီကားတွေ မှီထပ်ထားတဲ့ နံရံကြားကနေ ထွက်ပေါ်လာပြီး ပန်းချီကားဘောင်ထိပ်ကနေ သီဟကို ပြူးကြည့်တယ်။

နှုတ်ခမ်းမွေးတွေ ကားနေတဲ့ နှုတ်သီးချွန်ချွန်ကိုလည်း စူပွစူပွ လုပ်နေလို့ သီဟစိတ်ထဲ အတော်မချင့်မရဲ ဖြစ်သွားတယ်။ သူများဟာနဲ့ ဟန်လုပ်ပြီး ဖြီးဖြန်းနေတဲ့ကောင်လို့များ ပြောနေသလားလို့ ထင်စရာ ဖြစ်လာအောင် ကြွက်ပုံစံကလည်း ထောင့်မကျိုး မထိလေးစားနိုင်လွန်းလို့ သီဟ စုတ်တံအပြားကြီး လှမ်းဆွဲပြီး ပစ်ပေါက်ဖို့ ရွယ်တဲ့အချိန်မှာ မေ လှည့်အကြည့်နဲ့ ဆုံပြီး. . .

"စုတ်တံတွေထဲမှာ ဒီစုတ်တံကို ကိုင်ရတာ အလေးဆုံးပဲ. . . အဟဲဟဲ"

မေကတော့ ကြွက်ကို မမြင်ပါဘူး။ ကြွက်ကတော့ သူ့ စုတ်တံနဲ့ ရိုက်ချတော့မှာကို မြင်ပြီး ခုန်ချသွားတယ်။

(ခွေးမသား. . . အဲ. . . ကြွက်မသားက လာပြောင်ရဲသေးတယ်. . . ဟင်း)





တကယ်တော့လည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံတော့ မြင်မြင်ရာ သံသယဖြစ်တာဟာ လူ့သဘာဝပါ။

မေက လိုက်ကြည့် နားထောင်နေရင်း ချိတ်ထားတဲ့ ကားတစ်ကားကို စူးစိုက်ကြည့်နေပြန်တယ်။

ပါးစပ်ကလည်း. . .

"အားလုံးထဲမှာတော့ ဒီကားလေးကို အကြိုက်ဆုံးပဲ"

ပြောရင်း မေက နောက်ကားတွေကို လိုက်ကြည့်နေပြန်တယ်၊ အဲဒီအချိန်မှာပဲ သီဟက ပန်းချီကားရဲ့နောက်ခံဆေးရောင်နဲ့ တူတဲ့ ဆေးကို စုတ်တံနဲ့ တို့လိုက်ပြီး မျိုးဇော်ရဲ့လက်မှတ်ပေါ်က ဖုံးလိုက်ပါတယ်။

ပြီး ပန်းချီကားကို ဖြုတ်လိုက်တယ်။ လျှောက်ကြည့်နေတဲ့ မေ့နောက်ကို လိုက်သွားပြီး. . .

"မေ. . ."

"ဟင်. . . ကိုသူရ"

လက်ထဲက ပန်းချီကားကို ကမ်းပေးလိုက်ရင်း. . .

"ရော့. . . မေ၊ ဒါ မေ့အတွက် ကျွန်တော့်ရဲ့လက်ဆောင်ပါ"

"အို. . . မဟုတ်တာ"

အဲဒီလို ပြောလိုက်ပေမယ့်လည်း မေ့မျက်နှာဟာ ဝမ်းသာကြည်နူးစိတ်နဲ့ ဖျတ်ဖျတ်လက်နေလေရဲ့။

"ယူပါ မေရဲ့. . . အမှတ်တရပေါ့"

မေက လှမ်းယူရင်း. . .

"ကျေးဇူးပဲ ကိုသူရ"

"လက်ခံပေးတဲ့အတွက် ကျွန်တော်ကလည်း မေ့ကို ကျေးဇူးတင်ရမှာပါ၊ ဘဝမှာ မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးတာ ဒါ ပထမဆုံးပဲ မေ"

"အို. . ."

ခပ်တိုးတိုးလေး ရေရွတ်ရင်း မေ ခေါင်းကလေး ငုံ့သွားတယ်၊ ငြိမ်သက်နေတဲ့ မေ့ရှေ့မှာ ရပ်ရင်း သီဟ ရင်တွေ ခုန်လာပြန်တယ်၊ စိတ်ထဲမှာ လှိုက်လှိုက်မောမော ခံစားလာရလို့. . .

"မေ. . . မေ့ကိုလေ ကျွန်တော်"

"အအေးရပါပြီ ကိုသူရ"

ဘွားခနဲ ပေါ်လာတဲ့ ခိုင်လေးရဲ့မျက်နှာနဲ့ အသံကြောင့် နှစ်ယောက်သား လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေရဲ့၊ သီဟစိတ်ထဲမှာလည်း ခိုင်လေးကို ကြိတ်ပြီး ကျိန်ဆဲလိုက်မိတယ်။

မေလည်း သတိပြန်ဝင်လာပြီး. . .

"ကျွန်မ ပြန်တော့မယ် ကိုသူရ. . . ကျေးဇူးပဲနော်"

ပြုံးတုံ့တုံ့နဲ့ ပြောရင်း မေက အခန်းထဲက အပြင်ထွက်လိုက်ပါတယ်။

မေ ပြခန်းပေါ်က ဆင်းသွားတော့မှ ခိုင်လေးက. . .

"ကိုသီဟ. . . သူက အအေးတောင် သောက်မသွားဘူးလား"

"အေး. . . နင့်ဟာနင်ပဲ သောက်လိုက်တော့ဟေ့"

အော်ပြောရင်း သီဟလည်း ပြခန်းပေါ်က ဆင်းလာခဲ့တော့တယ်။ ခိုင်လေးကတော့ သီဟအဖြစ်ကို ပြုံးစိစိနဲ့ ကျန်ခဲ့လေရဲ့။





## (၂၂)

ကေက ပြောစရာရှိတယ်ဆိုပြီး ဖုန်းဆက်ခေါ်လို့ သီဟ ကေတို့အိမ်ကို သွားရပြန်တယ်၊ အိမ်ထဲမှာ မေ့ကိုပါ တွေ့လိုက်တော့ ယောင်ပြီး နှုတ်ဆက်မလို လုပ်ပြီးမှ မနည်းထိန်းလိုက်ရတယ်။

အဲဒီနေ့က ကေ့မျက်နှာဟာ ထူးထူးခြားခြား ပိုလန်းဆန်းလို့နေပါတယ်။

ဧည့်ခန်းမှာ ထိုင်နေကြတုန်း မေက ထပြီး ဖုန်းသွားခေါ်တယ်။

"ဟလို. . . မခိုင်လေးလား၊ ကျွန်မ မေပါ၊ ကိုသူရ ရောက်လာရင် ကျွန်မဆီ ဖုန်းဆက်ပါဦးလို့ ပြောပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါဆိုပြီး သီဟ တ,မိသွားတယ်။ ကေကတော့ သီဟကို မျက်ခုံးပင့်ပြလိုက်ရဲ့။ အဲဒါက သူရနဲ့မေတို့ ခင်နေကြပြီပေါ့ဆိုတဲ့သဘောပါ။

ခဏနေတော့ ကေက လေသံတီးတိုးနဲ့. . .

"ကို. . . လာ၊ အပြင်က ဒန်းမှာ သွားထိုင်ပြီး စကားသွားပြောရအောင်"

"သွားလေ ကေ"

ကေက ရွှင်ရွှင်လန်းလန်းလေး ထထွက်သွားတယ်၊ သီဟ မေ့ကို တစ်ချက်လှမ်းကြည့်လိုက်တော့ ဖုန်းနားမှာ ဖုန်းစောင့်ရင်း စာအုပ်တစ်အုပ် ဖတ်နေလေရဲ့။

ခြံထဲရောက်တော့ ဒန်းပေါ်မှာ နှစ်ယောက်သား ထိုင်ရင်းကေက. . .

"ကို. . . ကေ့ကို ချစ်လားဟင်"

ပခုံးကို လာမှီရင်း ကေက ချွဲချွဲလေး မေးလာတယ်။

သီဟက. . .

"ချစ်တာပေါ့ ကေရဲ့. . . ဘာဖြစ်လို့လဲ"

"အဟင်း. . . မေးကြည့်တာပါ"

မေးကြည့်တာ ဆိုပေမယ့် သီဟစိတ်ထဲမှာ မလုံပြန်ဘူး၊ ကေ့ကို လှည့်စားနေမိပြီလို့ ခံစားလာရတယ်။

တွေးရင်းနဲ့ ဖုန်းစောင့်နေတဲ့မေကို ဖျတ်ခနဲ သတိရလာတယ်။

သီဟ ထရပ်လိုက်တော့ ကေက. . .

"ကို ဘာလုပ်မလို့လဲ"

"သြော်. . . ပါးစပ်ချဉ်လာလို့ အပြင်က စတိုးဆိုင်မှာ စီးကရက် တစ်ဘူးလောက် ပြေးဝယ်မလို့ပါ၊ ခဏလေးနော် ကေ"





"အင်း. . . "

ခပ်သွက်သွက် လျှောက်ရင်း ခြံပြင်ရောက်တော့ စတိုးဆိုင်ရှိရာကို ပြေးရတော့တယ်။

စတိုးဆိုင်ထဲက ဖုန်းနဲ့ ခေါ်လိုက်တော့ မေက ချက်ချင်း ထကိုင်လိုက်ပုံရတယ်။

"ကိုသူရလား. . . မေပါ"

"ဟုတ်တယ်. . . မေ ဖုန်းဆက်တယ် ပြောလို့"

"သြော် ကိုသူရ ပန်းချီကား လက်ဆောင်ပေးတာကို ကျေးဇူးတင်တဲ့အနေနဲ့ မေ အပြင်မှာ ညနေစာ ကျွေးချင်လို့ ဒီညနေ အားလားဟင်"

"အားတာပေါ့ မေရဲ့၊ မအားလည်း အားတယ်"

"လုပ်ပြီ"

မေဆီက ရယ်သံလွင်လွင်လေးကိုပါ ကြားလိုက်ရတယ်။

ပြီးမှ မေက. . .

"ဒါဆိုလည်း ညနေခြောက်နာရီလောက် မေ ပြခန်းမှာ ဝင်ခေါ်မယ်နော်"

"အင်း. . . ကျွန်တော် စောင့်နေပါ့မယ်၊ ကျွန်တော်လည်း မေ့ကို ပြောစရာ ရှိနေတာ၊ မေ သိတယ်မလား"

"မသိဘူး. . . ဒါပဲ"

ချစ်စဖွယ် ပြောရင်း မေက ဖုန်းချသွားလေရဲ့၊ သီဟလည်း သိပ်ကြည်နူးနေချိန် မရဘူး။ ဖုန်းချ၊ စီးကရက်ဝယ်ပြီး ကေဆီကို ပြန်ပြေးရပြန်တယ်။

ကေဆီ ပြန်ရောက်တော့ ကေက အပြုံးနုနုနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . ကေလေ မေ့ကို ပြောလိုက်ပြီ. . . သိလား"

"ဟင်. . . ဘာကိုလဲ မေရဲ့"

သီဟ ပြန်မေးလိုက်တော့ ကေက မျက်နှာလေး ရဲပြီး. . .

"ဟိုလေ. . . ကိုကျော်ဦး ကေ့ကို ခုထိ လိုက်ပတ်သက်နေတာရော ကိုကိုပါ နှောင့်ယှက်နေတာကို ကေ မကြိုက်ဘူး၊ ဒါကြောင့် ကိုနဲ့ကေ စေ့စပ်ထားရအောင်လို့နော် ကို"

"ဟင်. . ."

သီဟ အံ့ဩပြီး လန့်ပါ လန့်သွားရတယ်၊ ဒီကိစ္စကို သူ ဘယ်လိုမှ တွေးမထားမိတာ အမှန်ပါ။ ခုတော့ ကေက စေ့စပ်ထားဖို့ ပြောလာပြီ။

မျက်နှာကွက်ခနဲ ပျက်သွားတာကို ထိန်းရင်း သီဟက. . .

"ဩော်. . . အင်း. . . ကေ အဲဒါက"

အိုးတိုးအမ်းတမ်း ပြောနေလို့ ကေက မျက်မှောင်ကြုတ်လာတယ်၊ သီဟကို စူးစိုက်ကြည့်ပြီး. . .

"ကို ဘာလဲ၊ ကိုက ဝမ်းမသာဘူးလား"

သီဟက. . .

"ဒါကလေ ကေရဲ့. . . မစောလွန်းဘူးလားလို့ပါ၊ ကိုယ်နဲ့ကေ ဘာမှ မပြင်ဆင်ရသေးတော့ အချိန်တစ်ခု စောင့်လိုက်ရင် ပိုကောင်း. . . ကောင်း"

"ဒီမှာ. . . ကို"

ခပ်စူးစူး အော်လိုက်တဲ့ ကေ့အသံကြောင့် သီဟ လန့်သွားရတယ်၊ ရှက်စိတ်နဲ့ ဒေါသရိပ်တွေ ပေါင်းပြီး ကေမျက်နှာလေး နီမြန်းနေပြီ။

မျက်နှာကို လွှဲလိုက်ရင်း ကေက. . .





"ကေက မိန်းကလေးပါ ကို၊ ကေ ပြောလိုက်ရင် ကို ပျော်သွားမယ်လို့ ထင်ခဲ့တာ၊ ခုတော့ ကိုက. . ."

ကေ့အသံဟာ တုန်ခါပြီး တိမ်ဝင်သွားတယ်။

သီဟက ဖျာဖျာသလဲ. . .

"ဟာ. . . မဟုတ်သေးဘူး ကေရဲ့၊ ကိုယ် ဆိုလိုချင်တာက"

"မသိဘူး. . . မသိဘူး. . . ကေရှက်တယ်၊ ကိုမို့လို့ ကေကို ခုလိုပြောရက်တယ်. . . အဟင့်"

မျက်နှာကို လက်ဝါးနဲ့ အုပ်ပြီး ကေ အိမ်ထဲ ပြေးဝင်သွားတော့တယ်။

ရုတ်တရက် သီဟလည်း ကြောင်နေတယ်၊ သူ ပြောလိုက်တာပဲ မှားသွားပြီလား၊ ကေ ရှက်ရွံ့သွားပြီလား၊ ပြေးပြီး လိုက်ချော့ရင်ကောင်းမလားလို့ စဉ်းစားနေတုန်းမှာပဲ အိမ်ထဲက ထွက်လာတဲ့ မေ့ကို တွေ့လိုက်ရတယ်။

မေက သီဟရှေ့မှာ ရပ်ပြီး. . .

"ကိုသီဟ. . . ရှင် ကေ့ကို ဘာပြောလိုက်တာလဲ၊ ကေ ဘာဖြစ်လို့ ငိုသွားရတာလဲ"

သီဟက မေ့ကို ပြန်ကြည့်ရင်း. . .

"ဟို. . . ဟို. . . ဒီလိုပါ မေ၊ ကေက စေ့စပ်ထားဖို့ ပြောတာပါ၊ အဲဒါကို ကျွန်တော်က အချိန်တစ်ခု စောင့်ပါဦးလို့ ပြောလိုက်မိတာ ဘာများမှား. . ."

"ကိုသီဟ. . . အဲဒါ ရှင်ပြောစရာလား၊ ဘာအတွက် အချိန်စောင့်ရမှာလဲ၊ ကေ့မှာ အားလုံးပြည့်စုံတယ်၊ ရှင့်လိုလူမျိုးကို ရွေးခဲ့တာကိုက ရှင် ဂုဏ်ယူရမှာပါ၊ ရှင် ကေ့ကို နာကျင်အောင် မလုပ်ပါနဲ့"

မေ့အသံဟာ ဒေါသနဲ့ စူးရှနေတယ်၊ သီဟလည်း ဘာပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်း မသိဘူး၊ ကြောင်အမ်းပြီး ရပ်ကြည့်နေမိတယ်။

မေကပဲ စူးစူးရဲရဲ ကြည့်ရင်း. . .

"ကော့စိတ်ကို ကျွန်မသိတယ်၊ သူဖြစ်ချင်တာ မဖြစ်ရရင် သူ့ကိုယ်သူ နာကျင်အောင် လုပ်မှာ၊ အဲဒီတော့ ရှင်စဉ်းစားပါ ကိုသီဟ၊ ကျွန်မ ရှင့်ကို ဘယ်လိုပဲ သဘောထားထား ကောနဲ့ရှင် လက်ထပ်လို့လည်း ရှင့်ဘက်က အရှုံးမရှိဘူးဆိုတာ သဘောပေါက်ထားပါ"

ပြောပြီး မေ ချာခနဲ လှည့်ထွက်သွားတယ်၊ သီဟ ဘာလုပ်ရမှာလဲ မသိတော့ဘူး၊ မေ့ကို ရပ်ကြည့်ရင်း စကားလေး တိုးတိုးရေရွတ်လိုက်မိပါတော့တယ်။

ကျွန်တော်ဟာ လူတစ်ယောက်ဖြစ်တယ်ဆိုတာကိုရော ခင်ဗျားသတိထားမိသေးရဲ့လား မေ။ ဘာမှအခြေအမြစ် မရှိတဲ့ ပွဲစားတစ်ယောက်ဆိုတာနဲ့ပဲ ခင်ဗျားတို့ရှေ့မှာ ဒူးထောက်ပေးရမယ့်ကိစ္စက တဆိတ်မလွန်လွန်းဘူးလား။ ခင်ဗျားဆီက အဲသလို မာနစောင်းစောင်းလေးတွေ ထွက်ထွက်လာလေ ကျွန်တော့်စိတ်ထဲမှာ ပစ်မှတ်တစ်ခုဖြစ်လေပဲဆိုတာ သိလာမှာပါ မေ။

ဒါပေမယ့် အဲဒီခံစားမှု စကားအားလုံး သူ့ရဲ့ဝိညာဉ်ထဲမှာပဲ လုံးထွေးကျန်ရစ်ခဲ့လို့ နောက်ဆုံးတော့လည်း ပင့်သက်ရှိုက်ပြီး လှည့်ပြန်ခဲ့ရတယ်။





## (၂၇)

ညနေပိုင်း ရောက်လာလေ သီဟစိတ်တွေ ကသီကဝေဖြစ်လာလေ ဖြစ်နေရတယ်။ ညနေ မေနဲ့ ချိန်းထားတာကိုပဲ ကြည်နူးရင်ခုန်နေရမလား၊ တစ်ဖက်ကလည်း ကော့အပေါ် အမှားကျူးလွန်သလိုခံစားနေရတယ်။

ဒါနဲ့ပဲ နောက်ဆုံး ပြခန်းထဲက ဖုန်းနဲ့ပဲ ကော့ဆီ ခေါ်လိုက်တယ်၊ တော်တော်ကြာပြီးမှ ကောက လာကိုင်ပါတယ်။

ပြောတော့လည်း အသံက မာမာပြတ်ပြတ်နဲ့။

"ပြော. . . ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တောင်းပန်ပါတယ် ကေရာ၊ တစ်ခါမှ မကြုံဖူးတော့ စိတ်ထဲ တစ်မျိုးဖြစ်သွားလို့ပါ။ ကေ့ကို နာကျင်စေတဲ့စိတ် လုံးဝမရှိပါဘူး"

"ဒါကတော့ ရှင့်အပြောပဲ၊ ခုလို ကျွန်မ ခံစားလိုက်ရတာကိုရော ဘာလုပ်ပေးနိုင်လို့လဲ"

ကေအသံက စိတ်ကောက်နေဆဲအသံပါ။ ချော့မှ ဖြစ်တော့မယ်လို့ သီဟ တွေးလိုက်မိတယ်။

"ကိုယ် တကယ်တောင်းပန်ပါတယ်ကွာ၊ ကဲ. . . ကိုယ် ဘာလုပ်ပေးရမလဲ ပြော၊ ဒါမှမဟုတ် မနက်ဖြန် ကေနဲ့ကိုယ် စထိုင်ဖူးတဲ့ဆိုင်မှာ လိုက်ကျွေးပြီး ချော့ပါ့မယ်. . . ဟုတ်ပြီလား"

"သိပ်တော့ ကျေနပ်သေးတာ မဟုတ်ဘူးနော်"

"ကဲ. . . တော်ပါတော့ ကေရယ်၊ ကိုယ် တောင်းပန်တယ်၊ တောင်းပန်တယ် စိတ်ကောက်ပြေတော့နော် ကေလေး"

ကေဆီက သက်ပြင်းချသံ အရင်ကြားလိုက်ရတယ်၊ ပြီး. . .

"တော်ပါ. . . လိုက်ကျွေးမယ်ဆိုလည်း ခု လာခေါ်၊ ဒါပဲနော် . . . မလာရင်တော့ အဆိုးမဆိုနဲ့. . . ဒါပဲ"

ပြောပြီး ကေက ဖုန်းချသွားလေရဲ့၊ ဒုက္ခပဲ။ နာရီကြည့်လိုက်တော့ လေးနာရီ ထိုးခါနီးပြီ၊ မေနဲ့ ချိန်းထားတာက ခြောက်နာရီအထိ။ ဘယ်လိုလုပ်ရမလဲ။

သီဟ ဖြစ်နေပုံကို ကြည့်ပြီး ခိုင်လေးနဲ့မျိုးဇော်တို့ မျက်စပစ်ပြီး နှာခေါင်းရှုံ့ကြတယ်။

"အင်း. . . အခုမှပဲ အကောင်အထည်နဲ့ မြင်ဖူးတော့တယ်"

"ဘာကိုလဲဟင်"

အရင်းအဖျားမရှိ ပြောလိုက်တဲ့ မျိုးဇော်ရဲ့စကားကို ခိုင်လေး





မေးတော့ မျိုးဇော်က ပျာယာခတ်ပြီး ပြင်ဆင်နေတဲ့ သီဟကို ကြည့်ပြီး. . .

"ဟိုမှာလေ. . . မနုသီဟ ဖင်နှစ်ခွ ဆိုတဲ့ကောင်"

သီဟ တွန့်သွားပြီး လှည့်ကြည့်တယ်။

"မင်း ငါ့ကို အခုကြည့်နေတာ ဘယ်ဘက်က ဖင်နဲ့လား၊ ညာဘက်က ဖင်နဲ့လား"

"မင်း ဘာတွေလာပြောနေတာလဲ"

"မင်းကိုယ်မင်း သိမှာပေါ့ကွ၊ ဟိုဘက်ရော ဒီဘက်ပါ ခွနေတဲ့ ဖင်နှစ်ခွ ဖြစ်နေတာ"

"လျှောက်ပြောမနေနဲ့. . . ငါ့ကုသိုလ်နဲ့ငါ ဖြစ်တာ"

"ငါမြင်တာတော့ အဲဒါ ကုသိုလ်မဟုတ်ဘူး သီဟ. . . အကုသိုလ်ပဲ"

"ဟား. . . အရေးထဲ အာရုံလာစားနေပြန်ပြီကွာ. . . ငါလစ်ပြီ"

"အေး. . . အေး. . . ခဏနေ တစ်ယောက်ခေါ်လာပြီး ငါ့ ပန်းချီကားတွေ နှုတ်ခမ်းမွေး လာတပ်ပေးဦး. . . ကြားလား"

"အေးပါ"

"မင်းကိုးဒေါ်ကြီး အေးပါ"

"အခိခိခိ"

ခိုင်လေးကတော့ သူတို့နှစ်ယောက်ကို ကြည့်ပြီး ရယ်တယ်။

နောက်ဆုံးတော့ ကေ့ဆီ အရင်ပြေးရတော့တယ်၊ ကားပေါ် ရောက်တဲ့အထိ ကေ့မျက်နှာလေးက မှုန်နေတုန်းပါပဲ၊ အနမ်းတစ်ချက် ပေးလိုက်တော့မှပဲ ပုံမှန်နီးပါး ပြန်ဖြစ်လာတယ်၊ သီဟမှာတော့ သက်ပြင်းကိုပဲ ခိုးခိုးချနေရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေရင်း ကေက. . .

"ကဲ. . . ပြော၊ မနက်က ကေပြောတဲ့ကိစ္စကို ဘယ်လိုလုပ်မှာလဲ"

"ကိုယ်တို့ တိုင်ပင်ကြတာပေါ့ ကေရယ်၊ ခုကေ စိတ်ပြေတုန်းလေး ကြည်ကြည်သာသာ နေပါဦး"

"အင်းပါ. . . ကေလည်း ကိုကို့ အသိပေးထားတာပါ၊ အရမ်းကြီး လောဖို့ မဟုတ်ပါဘူး"

တော်ပါသေးရဲ့လို့ သီဟ တွေးလိုက်မိတယ်၊ အချိန်ဆွဲပြီး အားလုံးအဆင်ပြေအောင် စီစဉ်ရမှာပဲလေ။

"ကေ ဝိုင်သောက်မလား. . . စိတ်ပြေလက်ပျောက်ပေါ့'

အာရုံပြောင်းအောင် သီဟက ပြောလိုက်တယ်၊ ကေက. . .

"သောက်လေ ကေလည်း မသောက်ဖြစ်တာ ကြာပြီ"

သီဟက နိုင်ငံခြားဖြစ် ဝိုင်နီတစ်လုံး မှာလိုက်တယ်၊ နှစ်ခွက်လောက် သောက်ပြီးချိန်မှာတော့ ရီဝေဝေဖြစ်လာပုံရတယ်၊ အာတွေသွက်ပြီး ရယ်စရာတွေတောင် ပြောလို့။

သီဟမှာတော့ ဝိုင်အရသာလည်း မခံစားအားပါဘူး၊ နာရီကို လှမ်းလှမ်းကြည့်ပြီး စိတ်တွေ လှုပ်ရှားနေတယ်၊ ငါးနာရီတောင် ခွဲနေပြီ။ မေနဲ့ လွဲသွားရင်တော့ ဒုက္ခပဲလို့ တွေးရင်း ဂနာမငြိမ် ဖြစ်လာတယ်။

ကေ့ကို ကြည့်လိုက်ရင်း. . .

"ကေ ပြန်ရအောင်၊ အရမ်းမူးသွားရင် မကောင်းဘူး"

"ဘာဖြစ်လဲ. . . တစ်ခွက်လောက်တော့ သောက်လိုက်ဦးမယ်"

သီဟလည်း ခပ်သွက်သွက် ထည့်ပေးလိုက်တယ်၊ အပြန်လမ်းမှာတော့ ကေ စကားတောင် မပြောနိုင်ဘဲ မှိန်းပြီးလိုက်ပါလာလေရဲ့၊





ကေတို့အိမ်ရောက်တော့ ခြောက်နာရီ ထိုးလုထိုးခင်လေး၊ ခြံထဲ ဝင့်ကြည့်လိုက်တော့ မေ့ကားမရှိတာနဲ့ သွားနှင့်ပြီဆိုတာ သိလိုက်ရတယ်။

ကေ့ကို ပို့ခဲ့ပြီး ပြခန်းဆီ အမြန်မောင်းပြေးရတော့တယ်၊ ကားပေါ်မှာပဲ ဆံပင်တွေဖွ၊ မျက်မှန်တွေ ပြောင်းတပ်ရတော့တာပေါ့။ ကားကို ပြခန်းရှေ့ တိုက်အောက်အထိ မောင်းမသွားဘဲ ခပ်လှမ်းလှမ်းမှာ ရပ်ထားခဲ့လိုက်တယ်။

တစ်ကိုယ်လုံး ချွေးတွေပြန်ပြီး ပြခန်းဆီ ပြေးတက်ရင်း ဝင်လိုက်ချိန်မှာတော့ မေကတောင် ပြန်မလို့ ပြင်ဆင်နေပြီ။

သီဟ အမောတကောနဲ့ နာရီကြည့်လိုက်ပြီး. . .

"ဆောရီး မေရာ၊ ကျွန်တော် ပန်းချီဆရာတစ်ယောက်နဲ့ စကားမပြတ် ဖြစ်နေလို့၊ ကျွန်တော့်ဆရာဆိုတော့လည်း ချက်ချင်း ထပြန်ရမှာ မကောင်းလို့ပါ"

မေက ခပ်ဖွဖွ ပြုံးတယ်၊ ရပါတယ်ဆိုတဲ့ အပြုံးမျိုးပေါ့၊ ပြီးမှ မေက. . .

"ခု အားပြီလား. . . သွားရအောင်လေ"

မေ ထရပ်လိုက်တော့ သီဟလည်း ပြန်ထွက်ဖို့ လုပ်ရတော့တာပေါ့လေ။ ခိုင်လေးတို့ကို တစ်ချက်ကြည့်လိုက်တော့ ခိုင်လေးက မသိမသာ ပခုံးတွန့်ပြတယ်။

မျိုးဇော်ကတော့ ကိုယ်ကို ရှေ့ကိုင်းပြီး တင်ပါးနှစ်ဖက်မှာ လက်ဖဝါးတစ်ဖက်စီ ပြောင်းပြန်ကပ်ပြီး ကားကားလေး လုပ်ပြတယ်။ သီဟ အသံတိတ် လှမ်းဆဲပြီး မေ့ဘေးကနေ အမီလိုက်ယှဉ်ကာ ဆင်းလာခဲ့ပါတယ်။

ကားပေါ် ရောက်တော့ မေကပဲ. . .

"ကဲ. . . ကိုသူရ ဘယ်ဆိုင်မှာ စားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေ ကျွေးမှာပဲ၊ မေကြိုက်တဲ့ဆိုင် သွားပါ"

မေက တစ်ချက်ပြုံးရင်း ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းထွက်လိုက်တယ်၊ သီဟလည်း စိတ်အေးလွန်းလို့ ကုရှင်မှာ မှီရင်း မျက်စိမှိတ်ထားလိုက်မိတယ်။

ကားရပ်လိုက်တော့ မျက်စိဖွင့်အကြည့်၊ သီဟ ဘုရားတ,သွားရတယ်၊ မေ ရပ်လိုက်တဲ့ ရှေ့ကဆိုင်က ခုနကမှ ကေနဲ့သူ စားခဲ့တဲ့ဆိုင် ဖြစ်နေလို့ပါ။

မေက. . .

"ကိုသူရ. . . ဆိုင်ထဲ သွားကြအောင်လေ"

"သြော်. . အဲ. . အင်း"

နားဝေတိမ်တောင်နဲ့ သီဟလည်း ဆိုင်ထဲ ဝင်လိုက်လာခဲ့ရတယ်။ စားပွဲထိုးတွေကလည်း သီဟကို ကွက်ကြည့်ကွက်ကြည့်နဲ့၊ ခုနကပဲ ကောင်မလေးတစ်ယောက်နဲ့ ထိုင်ခဲ့တာကိုး။

ဒီကြားထဲ အလိုက်ကန်းဆိုး မသိတဲ့ စားပွဲထိုးလေး တစ်ယောက်က လာမေးသေးတယ်။

"အစ်ကိုလေး ဝိုင်ပဲ သောက်ဦးမှာလား"

"ဟင်. . . ဘာဖြစ်လို့လဲကွ"

မသိသလို ပြန်မေးတာတောင် ဒင်းက. . .

"သြော်. . . ခုနကပဲ အစ်ကိုလေး ဝိုင်ပဲ သောက်သွားလို့ပါ"

"ဘယ်လို. . . ဟာကွာ၊ မင်းကလဲ လာနောက်နေပြန်ပြီ၊ ခုနကလည်း မလာဘူး၊ ပြီးတော့ ငါ ဝိုင်လည်း မသောက်တတ်ဘူးကွ၊ လာစားနေပြန်ပြီ"

မေက အူကြောင်ကြောင်လေး လိုက်ကြည့်နေတယ်။

သီဟက. . .





"ကဲ. . . မေ မှာလေ၊ ဘာစားမလဲ"

မေက စားစရာတွေ မှာလိုက်တော့ စားပွဲထိုးလည်း ခေါင်းကုတ်ပြီး ပြန်ထွက်သွားလေရဲ့။

စားသောက်ရင်း မေက တိုင်ရဦးမယ်ဆိုပြီး မနက်က ကေနဲ့ သီဟတို့ ဖြစ်တဲ့ကိစ္စကို ပြန်ပြောပြလာတယ်။

သီဟက အံ့သြဟန် လုပ်လိုက်ပြီးမှ. . .

"ဟင်. . . ဟုတ်လား၊ ဒီကောင် တော်တော်ဆိုးတဲ့ကောင်ကွာ၊ ကေကိုတောင် အားနာလိုက်တာ၊ တွေ့ရင်တော့ ပြောရဦးမယ်"

မေက ခပ်လွင်လွင်လေး ရယ်ရင်း. . .

"ခုတော့လည်း ပြန်ပြေလည်သွားပြီနဲ့တူတယ်၊ ညနေ စောစောပိုင်းက ကိုသီဟ ကေ့ကို လာခေါ်သွားတယ်၊ ပြန်ချော့မလို့ ထင်ပါရဲ့"

"မဟုတ်ဘူး မေ၊ ဒီကိစ္စမှာ ဒီကောင်လွန်တာဗျ၊ မိန်းကလေးက ပြောတာကို ကျွန်တော်သာဆိုရင်တော့ ဝမ်းသာလွန်းလို့ ထတောင်ခုန်မိမှာဗျ"

မျက်လွှာကလေး ချရင်း မေက. . .

"ဒါဆို ကိုသူရမှာလဲ အဲဒီလိုချစ်သူ ရှိတယ်ပေ့ါ ဟုတ်လား"

"အဲဒါက မေ့ကို ကျွန်တော် မေးရမှာ မေရဲ့"

"ရှင်. . ."

အာမေဋိတ်လေး ထွက်ရင်း မေ့မျက်နှာလေး ရဲရဲနီသွားတော့တယ်၊ ခေါင်းကိုလည်း ငုံ့ချလိုက်ပြီး ကိုသူရကလည်းလို့ တိုးတိုးလေး ရေရွတ်သေးတယ်၊ ကယောင်ချောက်ချားဖြစ်နေတဲ့ မေ့ပုံစံလေးဟာ သီဟအတွက် အသည်းယားစရာအတိ ဖြစ်နေလေရဲ့။

မေက ထပ်ပြီးစကားမပြောတော့ဘဲ အစားကိုပဲ တွင်တွင်ငုံ့စားနေတယ်၊ အပြန်ကျတော့ သီဟက. . .



www.burmeseclassic.com

www.burmeseclassic.com



"မေ ကျွန်တော် ကားမောင်းပြီး မေ့ကို အရင်လိုက်ပို့ပေးမယ်လေ၊ ပြီးမှ ကားငှားပြီး ပြန်လိုက်မယ်"

ဘာမှပြန်မပြောဘဲ မေက ကားသော့လေး လှမ်းပေးလာတယ်။

ကားမောင်းနေရင်း မေရဲ့ကိုယ်သင်းနံ့ကို ခိုးပြီး ရှူရှိုက်နေရတာနဲ့တင် သီဟစိတ်ထဲမှာ မရိုးမရွ ဖြစ်ရတယ်။ ကားပြတင်းပေါက်ကနေ အပြင်ဘက်ကို ငေးရီနေတဲ့ မေရဲ့ဆံနွယ်တွေဟာလည်း သီဟရဲ့ ပခုံးစွန်းကို တစ်ချက်တစ်ချက် လာထိခတ်လို့လေ။

ကားမောင်းနေတဲ့သီဟ ဘယ်လိုမှ စိတ်ဂနာမငြိမ်တော့ပါ ဘူး၊ ထိန်းချုပ် ထူးခတ်လို့မရတော့ စိတ်တွေနဲ့ ကားကို နည်းနည်း မှောင်ရိပ်ကျတဲ့ လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်တယ်။

ရပ်ရပ်ချင်းပဲ မေက မျက်လုံးကလေး ဝိုင်းပြီး လှည့်ကြည့်လာရဲ့။

သီဟက ပင့်သက်ကို ရှိုက်ရင်း. . .

"မေ. . . မေ့ကို ကျွန်တော်ချစ်တယ်၊ အရမ်းချစ်တယ် မေရယ်"

"အို. . ."

ခေါင်းကလေး ငုံ့သွားတဲ့ မေ့ကို သီဟ ရင်ခွင်ထဲ ဆွဲယူပွေ့လိုက်တယ်။

"အို. . . ကိုသူရ"

ရှက်ရွံ့လိုက်မောသံလေးနဲ့ ရေရွတ်ရင်း မေ အလိုက်သင့်ပါလာတယ်၊ သီဟက ပိုပြီးတိုးဖက်လိုက်ရင်း. . .

"ကိုယ့်ကို ကြည့်ပါဦး မေရယ်. . . ချစ်တယ်မလားဟင်"

ရင်ခွင်ထဲကနေ ခေါင်းကလေး မော့ကြည့်တဲ့ မေ့မျက်လုံးတွေဟာ ညမှောင်ရီဖျိုးဖျထဲ စိန်ပွင့်လေးတွေလို လက်နေကြတယ်။ နှုတ်ခမ်း





ဖောင်းဖောင်းကလေးကလည်း ချစ်ရည်ရွှန်းလဲ့ပြီး တဆတ်ဆတ်တုန်နေလို့ပေါ့၊ နှုတ်ခမ်းဖျားက ထွက်ကျလာမယ့်စကားကိုတောင် သီဟ မစောင့်နိုင်တော့ဘူး၊ နှုတ်ခမ်းနှစ်စုံဟာ ဆွဲငင်မှု ပြင်းပြစွာနဲ့ ပူးကပ်သွားကြတယ်။

"မေရယ်"

"အို. . . ကိုရယ်"

တိမ်မည်းက ကျွတ်လွတ်လာတဲ့ လရိပ်ဟာ လမ်းဘေးမှာ ရပ်ထားတဲ့ ကားကလေးပေါ်ကို အပြောက်စက် ထိုးကျနေတယ်။

ညဥ့်ဖျားယောင်းမှုကြောင့် လရောင်ရဲ့လှည့်စားမှုကြောင့်လား လူသားနှစ်ဦးရဲ့ ဆန့်ကျင်ဘက် ဆွဲငင်မှုတွေကြောင့်လား။

လရိပ်အောက်က ကားလေးထဲမှာတော့ ရင်ခုန်သံကိုယ်စီ အရှိန်ပြင်းပြင်း စီးဆင်းလို့ တိတ်ဆိတ်စွာ ဆူညံနေပါတော့တယ်။

မကြာခင်မှာပဲ လကို တိမ်ရိပ်က ဖုံးအုပ်လိုက်ပြန်ပါတော့တယ်၊ အသက်ရှူသံနှစ်ခုကတော့ တစ်ခုနှင့်တစ်ခု ဖုံးအုပ်ခြင်း ကင်းမဲ့စွာ

ရှိနေခိုက်မှာပဲ ရှင်းလင်းနေတဲ့လမ်းပေါ်မှာ ဆိုက်ကားတစ်စီးနင်းလာတယ်။ သီဟတို့ ရှိနေတဲ့ကားနားရောက်တော့ အမှောင်ရိပ်ကလည်း ကောင်းတာနဲ့ ဆိုက်ကားရပ်ပြီး အပေါ့စွန့်မလို့ ထင်ပါရဲ့၊ ဆင်းလာတယ်။ ဒါပေမယ့် ရပ်ထားတဲ့ကားကို ကြည့်ပြီး ချက်ချင်းပြန်လှည့်ကာ နင်းပြေးပါတော့တယ်။

(ဟုတ်တယ်. . . ငါ. . ငါ သရဲခြောက်ခံရတာပဲ၊ ဟို. . ဟိုကားက လူမရှိဘဲ လှုပ်နေတယ်. . . အီးဟီး)



www.burmeseclassic.com

www.burmeseclassic.com

အချစ်...တဲ့
ဦးနှောက်ချင့်ချိန်ပြီး
ချစ်သင့်မချစ်သင့်
ဆုံးဖြတ်ရမှာတဲ့လား
တစ်ခါတစ်ခါမှာ
ကိုယ်ချစ်တဲ့သူကို
နှလုံးသားနဲ့ ရူးရူးမိုက်မိုက်
ချစ်လိုက်တာကမှ
လုံးဝမချစ်လိုက်ရတာထက်
သာပါတယ်။





## (၁၄)

မပြီးဖော် မျက်လုံးပြူးသွားတယ်။ သီဟကတော့ ကိုယ်ထောင်တဲ့ကွက်ညှပ်နဲ့ ကိုယ်ပြန်နင်းမိသလို အံကြိတ်ခံနေတဲ့မျက်နှာနဲ့ ဆက်ပြောပါတယ်။

"အမှန်တော့ ဒီလောက်ငွေဂုဏ်မောက်တဲ့မိန်းမ ပညာပေးမယ်ဆိုပြီး ချိုးတာပဲ သူငယ်ချင်း၊ တကယ်ကျိုးသွားတာက ငါဖြစ်နေတယ်၊ အဲဒီနေ့ညက မေ့ကို အိမ်ပြန်ပို့ပေးပြီးကတည်းက ငါ့စိတ်တွေ မေမှမေ ဖြစ်လာတယ်၊ သနားလည်း သနားမိတယ်ကွာ၊ ငါ့ရဲ့အတ္တတွေ မာနတွေထဲမှာ ကောက်ကျစ်ယုတ်မာမှုတွေ စွန်းထင်းလာတော့ငါအ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းလန့်သွားတယ်၊ ငါဘာဆက်လုပ်ရမလဲ သူငယ်ချင်း"

မျိုးဇော် နောက်စေ့ဖက်က ဆံပင်နေရာကို ခွေးကုတ်ပြီး ငုတ်တုတ်မေ့နေတယ်။

နေမင်းဟာ နေ့လယ်ခင်းကို အညာအတာ ကင်းမဲ့စွာ သိမ်းပိုက်ထားပါတယ်၊ အပြင်မှာ ရာသီဥတု ပူပြင်းနေသလို သီဟရင်ထဲမှာလည်း အပူမစင်နိုင်ပါဘူး၊ အဖြစ်မှန်တွေကို ကေ့ကိုပဲ ပြောပြတောင်းပန်လိုက်ရမလား၊ မေ့ကိုပဲ ပြောပြပြီး ခွင့်လွှတ်ဖို့ ပြောရမလား။

ဘယ်ဟာပဲဖြစ်ဖြစ် သီဟအတွက် ရတက်မအေးနိုင်တာအမှန်ပါ။ ဒီကြားထဲမှာလည်း သူ အကြိမ်ကြိမ် အားတင်းခဲ့ပြီးပါပြီ၊ ကေ့ကို မပြောရက်သလို မေ့ကိုလည်း မပြောရဲပြန်ဘူး၊ ကေ ရှက်ရွံ့နာကျင်သွားမှာလည်း ကြောက်တယ်၊ ပြီးတော့ မေ ရွံရှာမုန်းတီးသွားရင်ဆိုတဲ့ စိတ်က ရင်ကို ပူစေတယ်။

နောက်ဆုံးတော့ မျိုးဇော်ကိုပဲ အဖြစ်မှန်တွေ ပြောပြပြီး တိုင်ပင်ရတော့တာပဲလေ. . .

ခဏကြာတော့ မျိုးဇော်က. . .

"မင်းဟာက မိုးမရွာဘဲ ထွန်ချတာကိုးကွ"

"ဘာလဲဟ မင်းစကားက"

"ဟေ. . . မိုးမရွာဘဲ ထွန်ချတော့ မြေက မာပြီး ထွန်သွားတွေ ကျိုးကုန်တာပေါ့ဟ၊ မင်းပဲ တကယ်ကျိုးတာ ငါဆို"

"စိတ်ညစ်တယ်. . . ဘာတွေလာပြောနေမှန်း မသိဘူး"

"တမင်ပြောတာ. . . မင်းကို အစောကြီးကတည်းက ငါသတိပေးပါတယ်ကွာ၊ မနုသီဟ ဖင်နှစ်ခွ မလုပ်နဲ့၊ ဖင်ကွဲမယ်ဆိုတာ၊ အခုကွဲပြီမဟုတ်လား၊ ဒီပြဿနာ ကေနဲ့ ဘယ်လိုဆက်ရှင်းမလဲ"

"အဲ့ဒါ ငါမစဉ်းစားတတ်လို့ မေးတာပေါ့ဟ. . . ချီးမှုပဲ"





မျိုးဇော်က ခေါင်းခါရင်း. . .

"ပြန်စဉ်းစားကြည့်ရင် အာဃာတတွေ အတ္တတွေပဲ သီဟ. . . အဲဒီအတ္တကြောင့်ပဲ မင်း မေ့အချစ်ကို ရအောင် ယူခဲ့တာပေါ့"

"ဟုတ်တယ် မျိုးဇော်၊ ငါ မေ့ကို တကယ်ချစ်မိသွားခဲ့တာ၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

သီဟ ဖြစ်နေတဲ့ပုံစံကို ကြည့်ပြီး မျိုးဇော်က စဉ်းစဉ်းစားစား ပြောလာတယ်။

"ဒီမှာ သီဟ၊ ဆုံးဖြတ်တာကတော့ မင်းဟာမင်း ဆုံးဖြတ်ပေါ့ကွာ၊ ငါပြောချင်တာကတော့ သူရဆိုတာ တကယ်ရှိတာမှ မဟုတ်ဘဲ၊ ဒီကိစ္စတွေအားလုံးကို မင်း သီဟနဲ့ပဲ စတင်ခဲ့တာလေ၊ အရှိတရားကို ဦးစားပေးကွာ"

"ဟာ. . . ဒါဆို မေ့ရဲ့နာကျင်မှု. . . အဲ. . . အဲ. . . နစ်နာမှုကရော"

"ငါ မသိဘူး သီဟ၊ အပြင်မှာ တကယ်မရှိတဲ့ သူရဆိုတာ ပျောက်ကွယ်သွားလို့ရှိရင် ဒီပြဿနာတွေလည်း ရှင်းသွားမယ်လို့ ထင်တယ်လေ၊ တစ်ခုခုတော့ စွန့်လွှတ်ရမှာပေါ့ကွာ၊ အားလုံးနာကျင်ရအောင် ကိုယ့်ဆန္ဒချည်းပဲ ရှေ့တန်းမတင်မိစေနဲ့ သီဟ"

သက်ပြင်းချရင်း မျိုးဇော်က ထရပ်လိုက်တယ်၊ ဘီယာသောက်ရင်း စကားပြောဖို့ ခေါ်လာပြီးမှ ခု မျိုးဇော်ရဲ့အပြုအမူကြောင့် သီဟက. . .

"မင်းက ဘယ်သွားဦးမလဲ"

"ငါ ခိုင်လေးကို ရုပ်ရှင်လိုက်ပြဖို့ ချိန်းထားတယ်ကွ"

"ဟင်. . . မင်းတို့က"

မျက်နှာကို ရှက်သလို ရွံ့သလို လုပ်ရင်း မျိုးဇော်က ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဟုတ်တယ် သီဟ၊ ငါနဲ့ခိုင်လေးတို့ ချစ်သူတွေ ဖြစ်နေပြီ"

"ဩော်. . ."

အဲဒီလောက်ပဲ ညည်းနိုင်ပါတော့တယ်၊ ဘီယာဆိုင်ထဲ တစ်ယောက်တည်း ကျန်နေခဲ့တော့မှ ဘာလုပ်ရမှာလဲ၊ ဘီယာသောက်ဖို့ပဲ ရှိတော့တာပေ့ါ။

ကေပဲဖြစ်ဖြစ် မေပဲဖြစ်ဖြစ် ဖုန်းဆက်ရင်တောင်မှ ပြခန်းပိတ်ထားလို့ ကိုင်မယ့်လူ ရှိမှာမဟုတ်ဘူး၊ ကေရော မေ့ဆီပါ သူ မဆက်သွယ်ရဲဘူး။ လောလောဆယ် ဘီယာသောက်နေတာပဲ ကောင်းတယ်လို့ သီဟ တွေးလိုက်မိတယ်။

ဘီယာဆိုင်ကနေ ပြခန်းထဲ ပြန်ရောက်တဲ့အချိန်မှာတော့ သီဟ အတော်လေး မူးနေပါပြီ၊ သော့အပိုတစ်စုံ ရှိတာမို့ ပြခန်းထဲမှာ ဝင်ပြီးမှိန်းနေလိုက်တယ်၊ ဘီယာအရှိန်နဲ့ မှေးခနဲ အိပ်ပျော်လုလုဖြစ်နေတဲ့ အချိန်မှာပဲ ပြခန်းထဲ ဝင်လာတဲ့ခြေသံတွေ ကြားလို့ သီဟ အားယူပြီး ကြည့်လိုက်တယ်။

ဗုဒ္ဓေါ. . . ကျော်ဦးနဲ့ သူ့တပည့်တွေပါလား။

သီဟက အားယူထပြီး. . .

"ခင်ဗျားတို့. . . ဘာ. . . ဘာ. . ."

သီဟ အားယူပြီး ပြောလိုက်တဲ့အချိန်မှာပဲ ကျော်ဦးရဲ့တပည့်နှစ်ယောက်က သီဟကို လာချုပ်တယ်။

"မင်းလားကွ. . . ကေက စေ့စပ်ဖို့ ပြောတာတောင် လက်မခံတဲ့ကောင်"

ကျော်ဦးရဲ့လက်သီးဟာ သီဟမေးရိုးဆီ ပြင်းထန်စွာ ရောက်လာတယ်။





"ခွပ်. . ."

"အား. . . အ"

ဆင့်ကဲဆင့်ကဲ ထိုးရင်း ကျော်ဦးက ထရပ်လိုက်ပြီး. . .

"ဟေ့ကောင် သီဟ၊ ငါဆိုတဲ့ကောင်က ကေ့ကို မပိုင်ဆိုင်ရရင်တောင် စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ခဲ့ဘူးကွ၊ ကေမျက်ရည်ကျရင် မင်းကိုပါ ငါသတ်ပစ်မယ်"

"အား. . . ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

စကားမဆုံးလိုက်။ ဖုန်းခနဲ တစ်ချက်ထိုးလိုက်ရင်း ကျော်ဦးကပဲ. . .

"ဟေ့ကောင်. . . ကေနဲ့ ပတ်သက်သမျှ ငါနဲ့ ဆိုင်တယ်ကွ၊ ကေ ဘာပဲပြောပြော ကေ့ဆန္ဒကို လိုက်လျောပေးဖို့ စဉ်းစားထားပါ၊ မင်း ကေ နာကျင်အောင် ဘယ်တော့မှ မလုပ်ပါနဲ့"

ချုပ်ထားတဲ့လက်တွေ လွှတ်လိုက်တော့ သီဟ ခွေခနဲ လဲကျသွားတယ်၊ ကျော်ဦးတို့ကတော့ အခန်းထဲက ပြန်ထွက်သွားပါပြီ။

မူးတဲ့အရှိန်နဲ့ နာကျင်တဲ့အရှိန်နဲ့ သီဟ ကြမ်းပြင်ပေါ်မှာ ခဏလှဲ့ရင်း ငြိမ်နေမိတယ်။

နောက်ငါးမိနစ်လောက်အကြာမှာတော့ မေဟာ လမ်းကြုံလို့ဆိုပြီး ပြခန်းထဲကို ဝင်လာပါတယ်။

အခန်းထဲမှာ ဆံပင်တွေ ပြေပြီး ဖရိုဖရဲ လဲကျနေတဲ့သီဟကို တွေ့လိုက်ရတော့ အူးယားဖားယားနဲ့ အနားကပ်လာပြီး. . .

"ဟင်. . . ကိုသူရ ကိုသူရ ဘယ်လိုဖြစ်ရတာလဲ"

မေက မနိုင်မနင်း ဆွဲပွေ့ပြီး ထိုင်ခိုင်းလိုက်တယ်၊ သီဟက မေ့ကို ရီဝေဝေ ကြည့်လိုက်ရင်း. . .

"မေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကိုသူရ"

မေ့အသံဟာ သနားစိတ်နဲ့ ရောပြွန်းတုန်ခါနေတယ်။

"မေ ကိုယ့်ကို ချစ်တယ်မလားဟင်"

"ချစ်. . ချစ်ပါတယ် ကိုသူရရယ်၊ ခု ဘယ်လိုဖြစ်ရတာလဲလို့"

သီဟက ခေါင်းအသာခါလိုက်ပြီး. . .

"ဘာမှမဖြစ်ပါဘူး မေ. . . ရပါတယ်၊ ကိုယ် မေ့ကို အရမ်းချစ်တယ် သိလား"

မေက ခေါင်းကလေး ထပ်ညိတ်ပြတယ်။

"မေ. . မေ. . ကိုယ့်ကို နားလည်ပေးပါနော်၊ မေတို့အိမ်ကို စရောက်ဖူးတဲ့နေ့က ကိုယ်နဲ့မေ ရေချိုးခန်းအဝမှာ ဆုံခဲ့တာလေ၊ အဲဒီနေ့ကပဲ စချစ်မိသွားခဲ့တာ၊ ကျန်တာတွေက ကိုယ် စနစ်တကျ ဖန်တီးခဲ့တာပါ မေ၊ တကယ်တော့ သူရဆိုတာ. . . "

မေ ဝုန်းခနဲ ထရပ်လိုက်တယ်။ သီဟကိုလည်း နားမလည်နိုင်တဲ့အကြည့်နဲ့ ကြည့်တယ်။

ပြီး အေးစက်စက်လေသံနဲ့. . .

"ရှင်. . . ရှင် တော်တော်ယုတ်မာတာပဲ ကိုသီဟ"

စိမ်းစိမ်းမုန်းမုန်း ကြည့်ရင်း မေ ပြေးထွက်သွားလေရဲ့။

"မေ. . . မေ. . . ခဏ. . ခဏလေး"

သီဟ ထပ်ရှင်းပြမယ့်စကားတွေကို မေ နားထောင်နိုင်စွမ်း မရှိတော့ပါဘူး။ အိမ်ကို ကားမောင်းပြန်လာရင်းက သူ လုပ်စရာတစ်ခုပဲ ရှိတော့တယ်လို့ မေ တွက်လိုက်မိပါတော့တယ်။





## (၁၅)

"အဲဒါပဲ ကေ၊ ကေ့လူ သီဟဟာ မေ့ကို အဲဒီလိုတွေ ပြောခဲ့တာ၊ မေ့ကို စတွေ့ကတည်းက ချစ်ခဲ့တာတဲ့"

ပြောရင်း ညီမအပေါ် မေ မျက်နှာပူနေမိတယ်၊ ကေ့မျက်နှာပေါ်မှာလည်း မယုံနိုင်တဲ့ အရိပ်အမျိုးမျိုးက ဖြတ်သန်းပြေးလွှားလို့ပေါ့။

"မေပြောတာ နားထောင်ပါ ကေ၊ ကေ သီဟကို အဆက်ဖြတ်လိုက်ပါ၊ ကေ့အတွက် မကောင်းဘူး"

ကေက သက်ပြင်းကို ချရင်း ခေါင်းအရင်ခါလိုက်တယ်၊ ပြီး. . .

"ကေ မယုံဘူး မေ၊ အဲဒီကိစ္စကို ကိုသီဟကို မေးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကေ စဉ်းစားမယ်"

ပြောရင်း ကေက ဆတ်ခနဲ လှည့်ထွက်သွားတယ်၊ ဘာမဆို ကိုယ်ဖြစ်ချင်တာ ဖြစ်ရမှ ကျေနပ်တဲ့ ကေ့နောက်ကျောကို ကြည့်ရင်း မေ ခေါင်းသာ ခါယမ်းမိပါတော့တယ်။

အဲဒီအချိန်မှာ ကေ တစ်ခုခုကို ဆုံးဖြတ်လိုက်သလို မေ လည်း ဘာလုပ်ရမလဲဆိုတာ တွေးမိသွားပါတယ်။

သီဟတစ်ယောက် ပြခန်းထဲမှာ ငူငူကြီး ထိုင်နေမိတယ်၊ ပြဿနာတွေက တစ်ခုပြီးတစ်ခုပဲ။ ညက ကျော်ဦးတို့ ရန်လာရှာတယ်၊ ပြီးမှ ရောက်လာတဲ့ မေ့ကိုလည်း စကားတွေ ပြောမိလိုက်သေးရဲ့၊ ဘယ်လိုထင်သွားပြီလဲတော့ မသိဘူး၊ မေ တင်းသွားတာကတော့ သေချာလောက်တယ်။ စဉ်းစားနေတုန်းမှာပဲ ဖုန်းက မြည်လာတယ်၊ နားထောင်လိုက်တော့ ကေဖြစ်နေတယ်၊ ကေ့အသံက တစ်ခုခုကို ဆုံးဖြတ်ထားသလိုမျိုး။

"ကို. . . ကေပြောတာ နားထောင်ပါ၊ ဘယ်သူတွေ ဘာပဲ ပြောပြော ကေ ဂရုမစိုက်ဘူး၊ တစ်ပတ်အတွင်း ကိုနဲ့ကေ လက်ထပ်မယ်၊ ကို ပြင်ဆင်ထားပါ. . . ဒါပဲနော်"

ပြောပြီးပြီးချင်းပဲ ကေ ဖုန်းချသွားတယ်၊ ဘာတွေ ဖြစ်ကုန်ပြီလဲ ဆိုပြီး သီဟ နားဝေတိမ်တောင်နဲ့ ကျန်ခဲ့ရတယ်၊ ညက ကျော်ဦးပြောခဲ့တဲ့ စကားတစ်ချို့ကိုလည်း ပြန်ကြားယောင်လာမိရဲ့။

အဲဒီအချိန်မှာပဲ ဖုန်းက ထပ်မြည်လာပြန်တယ်။

ကောက်ကိုင်လိုက်တော့. . .

"ဟလို. . . ကိုသူရ ရှိပါသလား"

မေပါလား အံ့ဩစိတ်ကို ထိန်းလိုက်ရင်း သီဟက. . .

"ပြောပါ မေ. . . ကိုယ်ပါ"





"ကိုသူရ. . . မေပြောတာ အသေအချာ နားထောင်ပါ၊ ကို သူရနဲ့မေ အမြန်ဆုံး တွေ့မှ ဖြစ်တော့မယ်"

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



**စား**သောက်ဆိုင်တစ်ဆိုင်ထဲမှာပါ။ မေနဲ့သီဟတို့ မျက်နှာချင်းဆိုင် ထိုင်နေကြတယ်၊ ခုချိန်ထိ မေက သီဟကို သူရလို့ ထင်နေတုန်းပဲ။

"အဲဒါပဲ ကိုသူရ၊ ကိုသူရညီက မေ့ကို ရည်းစားစကား ပြောတာ၊ ပထမတော့ မေက ကိုသူရလို့ ထင်နေမိတာ"

"မဟုတ်သေးဘူး မေ"

မေက ခေါင်းခါလိုက်တယ်။

"မေ မညာပါဘူး၊ ကိုသီဟက မေ့ကို စတွေ့တုန်းကပဲ ချစ်ခဲ့တာတဲ့၊ မေ အံ့လည်း အံ့သြ၊ ရှက်လည်း ရှက်လိုက်တာ မပြောပါနဲ့တော့ ကိုသူရရယ်"

"မေ ညာတယ်လို့ ကိုယ်မထင်ပါဘူး၊ ခု မေက ဘာဖြစ်ချင်လို့လဲ"

စဉ်းစားထားပြီးသားပုံစံနဲ့ မေက လေးလေးနက်နက် ပြောလာတယ်။





"အားတော့ အားနာပါတယ် ကိုသူရ၊ အဲဒီလို စိတ်ဓါတ်ရှိတဲ့ ကိုသီဟနဲ့ ကော့ကို မေ ဘယ်လိုမှ သဘောမတူနိုင်ပါဘူး၊ ကော့ကိုတော့ ပြောဖို့မလွယ်ဘူး၊ ကိုသူရ ညီကိုပဲ ရအောင် တားပေးပါ"

သီဟ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်၊ အခြေအနေတွေက အားလုံးလွဲချော်ပြီး တစ်မျိုးဖြစ်လာပြန်ပြီ။

အဖြေရှာမရသေးပေမယ့် စဉ်းစဉ်းစားစား ပြန်ပြောလိုက်တယ်။

"ကိုယ် အားလုံးအဆင်ပြေအောင် ကြိုးစားပေးပါ့မယ် မေ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ဘာလဲ ကိုသူရ"

"သီဟကို နားချလို့ ရမယ်ဆိုရင်တောင် မလွယ်သေးဘူး မေ"

"ဘာဖြစ်လို့လဲဟင်"

မျှော်လင့်တကြီး မေးလာတဲ့မေ့ကို သီဟ ခပ်အေးအေးပဲ ပြောလိုက်ပါတယ်။

"ခု သီဟ ပျောက်နေတယ်"

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

စေ့စပ်ပွဲ မလုပ်ခင် နှစ်ရက်အလိုမှာ ကေနဲ့သီဟတို့ လက်မှတ်ထိုးမယ့်နေ့ဟာ ရောက်ရှိလာခဲ့ပါတယ်၊ ဒီကြားထဲမှာ သီဟ ကေနဲ့ ဖုန်းပြောဖြစ်သလို. . . မေဖြစ်ရင်လည်း သီဟကို ရှာမတွေ့သေးဘူးလို့ ပြောထားရပါသေးတယ်။

သီဟ အစီအစဉ်က အဲဒီနေရာမှာမှ အားလုံးရဲ့ရှေ့မှာ သူ့အပြစ်တွေကို ဝန်ခံလိုက်ဖို့ပါ၊ ဖြစ်လာသမျှကို ရင်စီးခံတော့မယ်လို့ သီဟ ဆုံးဖြတ်ထားလိုက်တယ်။

စေ့စပ်ပွဲကို အိမ်မှာပဲ ကျင်းပမယ်တဲ့၊ ရင်းနှီးတဲ့ မိတ်ဆွေတစ်ချို့ကိုတော့ ကေက ဖိတ်ထားပါတယ်။





အနောက်တိုင်း ဝတ်စုံအပြည့်နဲ့ သီဟ ရောက်သွားပါတယ်၊ အိတ်ထဲမှာလည်း ရှင်းပြဖို့ စာကြည့်မျက်မှန်ကို ထည့်လာပါသေးတယ်။

သီဟ ရောက်သွားတော့ မေက ပြေးထွက်လာပြီး. . .

"ကိုသီဟ. . . ရှင် ကိုသူရနဲ့ တွေ့ပြီးပြီလား"

ခပ်တည်တည်ပဲ သီဟ ပြန်ပြောလိုက်တယ်။

"မတွေ့သေးပါဘူး. . . သူ ဒီကို လာမှာပေါ့၊ ကေကောဟင်"

မေ မျက်နှာကွက်ခနဲ ပျက်သွားတယ်၊ ချက်ချင်းပဲ. . .

"ကေက အပေါ်ထပ်မှာပေါ့၊ သွားမကြည့်ရဘူးနော်၊ အောက်မှာပဲ စောင့်နေဦး"

သီဟကိုလည်း ပြောရင်း လူတွေကြားထဲမှာလည်း သူရကို လိုက်ရှာရင်းနဲ့ မေ့မျက်လုံးဟာ ကျီးကန်းတောင်းမှောက် ဖြစ်နေတယ်။

သီဟကို ကြည့်ပြီး မျိုးဇော်နဲ့ခိုင်လေးတို့ခမျာလည်း အိုးကမပူ စလောင်းကပူ ဆိုသလိုပါပဲ။ နှစ်ယောက်စလုံး ဘာဖြစ်မလဲ ဘာဖြစ်မလဲနဲ့ ရင်တမမ စောင့်ကြည့်နေရတယ်။

ဒီအရှုပ်ကို သီဟ ဘယ်လိုရှင်းမလဲဆိုတာ မတွေးဝံ့အောင် ဖြစ်နေတာ မဟုတ်လား။

"ဒုက္ခပဲ ကိုမျိုးရယ်၊ ခိုင်လေးတော့ နှလုံးရောဂါတောင် ဖြစ်ချင်လာပြီ"

"အဲဒါပဲလေ. . . ဖုတ်ပူမီးတိုက်ဆိုတာ"

"ဘာ. . . ဘာရယ်"

"ဟိုလေကွယ်. . . ဖုတ်က ပူတော့. . အ. . ဟို. . နံ. . နဂိုက ဖုတ်က အေးနေတာ၊ ဒီကောင် ဖုတ်ပူအောင် သွားလုပ်လို့ အခု ဒုက္ခများနေတာ၊ အဲဒါ. . အဲဒါ. ."

မျိုးဇော် သူ့စကားနဲ့သူ မျက်နှာထူသွားပြီး မနည်းပြန်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

အဲဒီအချိန်မှာပဲ အပေါ်ထပ်မှာ ပြင်ဆင်နေတဲ့ကေ အောက်ထပ်အခန်းထဲကို အိတ်စတန်းရှင်း ဖုန်းနဲ့ လှမ်းခေါ်ပါတယ်။

အိမ်ဖော်အမျိုးသမီးကြီးက ဖုန်းမြည်သံ ကြားလို့ သွားကိုင်လိုက်တယ်။

"ဟလို. . . ကိုသီဟကို သွားခေါ်ပေးပါ၊ ကေ ပြောစရာရှိလို့"

"ဟုတ်ကဲ့ မမလေး. . . ကိုင်ထားလိုက်နော်၊ သွားခေါ်လိုက်ပါမယ်"

အိမ်ဖော်အမျိုးသမီးကြီးက ဖုန်းခွက်ကို ဘေးချထားရင်း အခန်းပြင်ထွက်ပြီး သီဟကို လိုက်ရှာဖို့ ပြင်တယ်၊ သူ အိမ်ရဲ့တစ်ဖက်ကို သွားရှာနေစဉ်မှာပဲ သီဟနဲ့မေက အဲဒီအခန်းရှေ့ ရောက်လာပြန်တယ်။

မေက တစ်ချက်စဉ်းစားလိုက်ရင်း. . .

"ကဲ. . . ကိုသီဟ ဒီအခန်းထဲမှာ ခဏနေလိုက်ဦး၊ ကျွန်မ ကေ့ကို သွားခေါ်လိုက်ဦးမယ်၊ ကေဆင်းလာမှ ထွက်ခဲ့ပေါ့"

သီဟကို တားဖို့ဆိုပြီး သူရကို မေလိုက်ရှာရပြန်တယ်၊ ဒီတစ်နည်းပဲ ရှိတော့တာကိုး၊ အခန်းထဲက သီဟ စဉ်းစားမိတာက ဘာတွေ ဘယ်လိုပဲ ဖြစ်လာလာ သူရအနေနဲ့ မေ့ကို ခဏပဲဖြစ်ဖြစ် တွေ့ချင်သေးတယ်လေ၊ သိပ်မကြာခင်မှာ ကေရောမေပါ သူ့ကို နာကျင်မှုနဲ့ တီးကြတော့မှာ မဟုတ်လား။

ဝုန်းခနဲ မတ်တတ်ရပ်ရင်း အခန်းဘေး ပြတင်းပေါက်က သီဟ ခုန်ဆင်းလိုက်တယ်၊ ဆံပင်စည်းထားတဲ့ ခေါင်းစည်းကြိုးကိုဖြည် စာကြည့်မျက်မှန် တပ်ပြီး အိမ်ရှေ့ဘက်က ပတ်ဝင်လာခဲ့တယ်။ ရုတ်တရက်မို့ သီဟကို ဘယ်သူမှ သတိမထားမိလိုက်ပေမယ့် သီဟ ခုန်ချလိုက်တဲ့ တည့်တည့်မှာ ခွေးချေးပုံတစ်ပုံ ရှိနေတာကြောင့်



BURMESE CLASSIC .com



ဖြစ်ခဲ့ပါပဲ။

(ဟား. . . ဒုက္ခပါပဲကွာ၊ ဘယ်လို ဖင်စည်းကမ်းမရှိတဲ့ခွေးက လာပါထားပြန်လဲ မသိဘူး၊ ဗိုး. . . နံလိုက်တာ)

ခုချိန်မှတော့ သီဟ ဘယ်လိုမှ မတတ်နိုင်ဘဲ မြက်ခင်းထဲ ဖြတ်လျှောက်ရင်း ဖိနပ်ခွာကို ရသလောက် ပွတ်လာခဲ့တယ်။ ဒါပေမယ့် ဘောင်းဘီအဖျားနားမှာ စင်ပြီးပေနေတာတော့ သူလည်း မမြင်လို့ မသုတ်သင်နိုင်ဘူး ထင်ပါရဲ့။

အိမ်ထဲ ဝင်လာတဲ့ သီဟကို မေက လှမ်းတွေ့သွားပါတယ်၊ အမြန်ပြေးသွားပြီး လက်ဆွဲခေါ်လိုက်ရင်း. . .

"လာ. . . ကိုသူရ၊ ရှင့်ညီ ဟိုဘက်က အခန်းထဲမှာ ရှိတယ်၊ တားပေးပါဦးရှင်"

ညီမအတွက် စိုးရိမ်စိတ်နဲ့ မေ့မျက်နှာမှာ သောကရိပ်တွေ သန်းနေတယ်၊ မေ ပြောနေတာကို ခပ်လှမ်းလှမ်းကနေပြီး ကျော်ဦးလည်း ကြားသွားတယ်။ ဆတ်ခနဲတောင် မဲ့ပြုံးပြုံးလိုက်သေးရဲ့။

ဒါပေမယ့် ချက်ချင်းပဲ နှာခေါင်းရှုံ့ပြီး စူပွစူပွနဲ့ အနံ့ရသွားတယ်။ မေကတော့ ဇောကပ်ပြီး ဘာနံ့မှ မရသလို သီဟကို လက်ဆွဲခေါ်သွားနိုင်ပေမယ့် သီဟ ဖြတ်လျှောက်ပြီး နောက်မှာ ကျန်နေခဲ့တဲ့သူအားလုံး နှာခေါင်းရှုံ့ကြတယ်။

"ချေးကားကြီး တားစီးလာတယ် ထင်ပါရဲ့ကွာ"

"ဩော်. . . သူ့ခမျာလည်း မိုရာကားနဲ့ လာရတာလေ၊ ကြည့်ပါလား. . . ရေးကြီးသုတ်ပြာနဲ့"

မျိုးဇော်နဲ့ ခိုင်လေးလည်း ဘာတွေ ဖြစ်လာမလဲဆိုပြီး ရင်တဒိတ်ဒိတ်နဲ့ ကြည့်နေကြတာပါ။

အခန်းရှေ့ရောက်တော့ သီဟက. . .



www.burmeseclassic.com

www.burmeseclassic.com



"မေ အပြင်မှာပဲစောင့်၊ ကိုယ် ရအောင်ရှင်းပေးမယ် . . လုံးဝ ဝင်မလာနဲ့နော်"

"ဟုတ် . . . ဟုတ်ကဲ့"

တံခါးတစ်ခြမ်းဟနေတဲ့ အခန်းထဲကို သီဟ ဝင်သွားလိုက်တယ်၊ သူတစ်ယောက်တည်း လုပ်နေတာဆိုတော့ အခန်းထဲမှာ ဘယ်သူရှိမှာလဲ။

အခြေအနေကို သိချင်တဲ့မေ၊ မျိုးဇော်တို့ စုံတွဲနဲ့ ကျော်ဦးတို့အဖွဲ့က တစ်ခြမ်းဟနေတဲ့ တံခါးကနေ စိတ်ဝင်တစား ကြည့်နေကြရဲ့။

ကျော်ဦးကတော့ အခန်းထဲက သီဟ ဘာလုပ်မယ်ဆိုတာ သဘောပေါက်လိုက်ပါတယ်။ သူရပုံစံနဲ့ တံခါးရှေ့က ဖြတ်လျှောက်လိုက်ရင်း . . .

"ဒီမှာ သီဟ၊ ငါ မင်းနဲ့ ညီအစ်ကို တော်ရတာ ရှက်တယ်ကွာ၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ"

တစ်ဖက်ရောက်တာနဲ့ သီဟက ဆံပင်ကို အမြန်စည်း မျက်မှန်ချွတ်ရင်း တစ်ဖက်ကို ပြန်လျှောက်လိုက်တယ်။

ပါးစပ်ကလည်း သီဟလေသံနဲ့ . . .

"ဟားဟား . . . ရယ်ရတယ် သူရ၊ ငါ့ကုသိုလ်နဲ့ ငါပါကွ၊ မင်း ဘာမှ မနာလို မဖြစ်နဲ့၊ ကေက ငါ့ကို ချစ်တယ်၊ အဲဒါကြောင့် ငါ လက်ထပ်တယ်ကွာ . . . ဘာဖြစ်လဲ"

ဒီဘက်ရောက်လာတာနဲ့ သူရပုံစံနဲ့ ပြန်လုပ်ပြန်တယ်။

"အေး . . . ကေကလွဲပြီး မင်းကို ဘယ်သူမှ မလိုလားဘူး သီဟ၊ ပြီးတော့ မင်း မေ့ကို ရည်းစားစကား ထပ်ပြောတာလောက် အောက်တန်းကျတာ မရှိဘူး"

"သွားစမ်းပါ သူရရာ၊ လက်မထပ်ရသေးခင်အထိ အားလုံးဟာ





လူပျိုအပျိုပဲ၊ ငါပြောချင်လို့ ပြောတာ ဘာဖြစ်လဲ"

အပြင်က လှမ်းကြည့်နေတဲ့ မေတို့ မြင်နေရတာကတော့ သီဟနဲ့သူရ ဟိုဘက်ဒီဘက် လျှောက်ပြီး အချေအတင် ပြောနေကြသလိုမျိုးပါ၊ အားလုံး စိတ်ဝင်တစား ကြည့်နေကြသလို အပေါ်ထပ်က မေကလည်း အသံတွေကို ဖုန်းထဲက ကြားနေရတယ်။

ခဏနေတော့ သီဟနဲ့သူရ တစ်လှည့်စီ စကားများရင်း ထိုးကြိတ်တဲ့ပုံစံမျိုးပါ ဖြစ်လာကြတယ်။

သူရက ကိုယ့်ကိုယ်ကို အသံမြည်အောင် ထိုးရင်း ရှေ့က လူတွေအမြင်မှာ သီဟ လဲကျသွားသလိုမျိုး၊ သီဟက ပြန်ထပြီး ကွယ်ရာကနေ သူရကို ပြန်တွန်းထိုးလိုက်သလိုမျိုးပေါ့၊ ဟနေတဲ့တံခါးကနေ တစ်လှည့်စီ ခံနေရတာကို မြင်နေရတယ်။

"လုပ်ကြပါဦး . . . အထဲမှာ ရန်ဖြစ်နေကြပြီ"

မေက အသံစူးစူးလေးနဲ့ လှမ်းအော်တယ်၊ ကျော်ဦးက မေနဲ့ အားလုံးကို ဝေ့ကြည့်ပြီး . . .

"ကျွန်တော် ဝင်ပြီးထိန်းလိုက်ပါ့မယ်၊ ဘယ်သူမှ ဝင်မလာကြပါနဲ့"

အခန်းထဲ ကျော်ဦး ဝင်သွားလိုက်တော့ ဟိုဘက်ပြတင်းပေါက်ဘက် လှည့်ပြီးအော်နေတဲ့ သီဟကို တွေ့လိုက်ရတယ်။

သူရပုံစံနဲ့ သီဟက ဒေါသတကြီးဟန်နဲ့ . . .

"အေး . . . မှတော့ မင်း ပြေးထားဦးပေါ့ သီဟ၊ မင်း ငါနဲ့ တွေ့ဦးမှာပါ"

ကျော်ဦးက ဘာမှ မပြောသေးဘဲ သီဟလည်ပင်းက အကျႌစကို ဆွဲပြီး အခန်းထောင့် ခေါ်သွားတယ်။

"ခင် . . . ခင်ဗျား ဒါ ဘာလုပ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံး တင်းမာနေပြီး ကျော်ဦးက အသံခပ်အုပ်အုပ်နဲ့. . .

"ဒီမှာ သီဟ၊ မင်း ဘာတွေ လုပ်နေတယ်ဆိုတယ်ဆိုတာ ငါသိတယ်ကွ၊ ငါ မင်းကို မသင်္ကာတာ ကြာပြီ၊ မင်းဘာဖြစ်လို့ မရှိတဲ့ သူရကို ဖန်တီးထားတာလဲ"

သီဟ မျက်လုံးပြူးသွားတယ်၊ အလိမ်ပေါ်သွားတာကိုး။

"ကျုပ်. . ကျုပ် မေ့ကို ချစ်လို့ပါ၊ မေ့ကို ချစ်လွန်းလို့ လုပ်မိသွားတာပါ"

"ဘာကွ. . . မင်းကွာ၊ ခု မင်းနဲ့ကေ လက်ထပ်ရတော့မှာကွ၊ ကေက မင်းကို ချစ်တယ်၊ ငါ မင်းအကြောင်း သိသိကြီးနဲ့ မျက်စိမှိတ်ထားခဲ့တာ ကေ့ကို ချစ်လို့ပဲ"

ကျော်ဦးအသံက ဆို့နစ်တုန်ခါလာတယ်၊ အင်္ကျီစကို လွှတ်ပေးလိုက်ရင်းနဲ့. . .

"မင်း ကေ့ကို လက်ထပ်ပါကွာ၊ ငါ တောင်းပန်ပါတယ်၊ ငါ့ဘဝမှာ အမြင့်ချင်ဆုံးဟာ ကေ စိတ်ချမ်းသာတာကိုပါ၊ သူ စိတ်ချမ်းသာဖို့ ငါ ဘာမဆို လုပ်ခဲ့တယ်၊ ခုလည်း ကေ့ကို ချစ်လို့ ပြောနေရတာပဲ"

သီဟ သက်ပြင်းချလိုက်တယ်။ ပြီး. . .

"ခင်ဗျားအချစ်ကို ကျွန်တော် လေးစားပါတယ် ကိုကျော်ဦး၊ ဒါပေမယ့် ခင်ဗျားလိုမျိုးပဲ မေ့ကို ကျွန်တော် ချစ်နေတာကိုလေ"

"ဒီမှာ သီဟ၊ ငါတောင် ငါချစ်တဲ့သူ စိတ်ချမ်းသာဖို့ စွန့်လွှတ်ရဲသေးတာပဲ၊ မင်းနဲ့ငါ ဘဝတူပါကွာ၊ မင်း မေ့ကို ချစ်ရင် အားလုံးစိတ်ချမ်းသာဖို့ စွန့်လွှတ်ရဲရမှာပေါ့၊ ငါ တောင်းပန်ပါတယ် သီဟ၊ ကေ စိတ်ချမ်းသာအောင် လက်ထပ်လိုက်ပါကွာ၊ ငါ အကုန်လုံးကို မသိချင်ယောင်ဆောင်ထားလိုက်ပါ့မယ်၊ အားလုံးပေါ်သွားရင် ကေရောမေရော



BURMESE CLASSIC .com



မင်းကို နာကြည်းသွားကြမှာကွ၊ ငါပြောတာကို နားထောင်စမ်းပါ၊ လောလောဆယ် မင်း ဖိနပ်ဆေးဖို့ လိုတယ်၊ တော်ကြာ လူကြီးတွေ မင်းအနံ့နဲ့ ပက်လက်လန်သွားမယ်"

ဖုန်းခွက်ကို နားမှာ ကပ်ထားတဲ့ ကေ့လက်ဟာ တဆတ်ဆတ်တုန်နေတယ်၊ ကျော်ဦးနဲ့သီဟတို့ ပြောနေတဲ့စကားတွေကိုလည်း နားထောင်နိုင်စွမ်း မရှိတော့တာ အမှန်ပဲ။

ဘာတွေလဲ။

ဘာတွေဖြစ်ကုန်ပြီလဲ။

သူမ စိတ်ချမ်းသာဖို့အတွက် စွန့်လွှတ်ပြီး ချစ်နေတဲ့ ကျော်ဦး။

မေ့ကို ချစ်သွားလို့ သူရဆိုပြီး ဟန်ဆောင်ခဲ့တဲ့သီဟ။

ဒါတွေ မေသိသွားရင်ကော။

ကေရင်ထဲမှာ နာကျင်မှုတွေနဲ့ လှိုက်မောမှုတွေကို ရောပြွန်းပြီး ခံစားနေရတယ်။။

ဟင့်အင်း. . . ဒါတွေ မေ မသိစေရဘူး။

အကောင်းဆုံး ဖြစ်နိုင်တာကို ကေ စဉ်းစားလိုက်ပါတယ်၊ နာကျင်လွန်းလို့လား၊ လှိုက်မောလွန်းလို့လား၊ ဒါမှမဟုတ် သီဟအတွက် ကြောင့်လား. . . ကျော်ဦးအတွက်ပဲ. . . ။

မျက်ရည်စတွေကတော့ ပါးပြင်ပေါ် လိမ့်စီးကျသွားလေရဲ့။

အဲဒီမျက်ရည်ရဲ့အဓိပ္ပါယ်ကို ကေကိုယ်တိုင်ပဲ သိမှာ သေချာလွန်းပါတယ်။



www.burmeseclassic.com